www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

Ph : 01-240032, 09-5506024

…ကျော်စီစဉ်သည်။

ဆောင်းညပြာသိုစာပေမှ ဖေအာင်မြင်သော ကာလောင်နှစ်လက်ဖြစ်သည့် …နှင်းဆီ နှင့် ပေါ့လိုင်းတို့ကို ရဲရဲဝံ့ဝံ့ ဖွဲ့ထုတ်ပြီးသည့်နောက် အများ၏ …င်းဆိုချက်အရ တတိယမြောက်ကလောင်ရှင်ကို စင်တင်ပေးဖို့ဖြစ်လာပါတယ်။ …ကို အမှန်တကယ်ရှုးသွပ်မှုရှိပြီး ကြိုးစားချင်စိတ်ရှိသူ စွယ်စုံရလှသယ်မှန်သမျှကို …င်းညပြာသိုမှ နွေးထွေးစွာစောင့်ကြိုနေပါသည်။

မိမိကိုယ်တိုင်ရေးသားထားသော စာမူ(၃)မူ မိတ္တူကို ဆောင်းညပြာသို …ပါသော ဤစာရွက်နှင့်တကွ ဆောင်းညပြာသို စာပေ အမှတ်(၅၃)၊ လမ်း(၉၀)၊ …ဆောက်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့နိုင်ပါသည်။

…ပို့ရမည့်စာမူအမျိုးအစား ၁။ အချစ်ပဲဟာသ

၂။ သည်းထိတ်ရင်ဖို

၃။ ဝိညာဉ်

ပေးပို့သူ၏ အမည် ---------------------------------

မှတ်ပုံတင်နံပါတ် ---------------------------------

နေရပ်လိပ်စာ ---------------------------------

---------------------------------

ဆက်သွယ်ရမည့် ဖုန်းနံပါတ် ---------------------------------

…✱ ရွေးချယ်မခံရသောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

ကိုယ်မကြိုက်တာရောက်ရှင် ဘယ်သူပြောမလဲ ?

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဒေါ်ယဉ်မိုးပိုင် (ဆောင်းညပြာသို စာပေ) အမှတ်–၄၃၊ ၃ (ဘီ)၊ လမ်း(၉၀)၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | – | ဒေါ်နီနီခိုင် (၀၇၁၃၅) သီရိမေရောင်စုံပုံနှိပ်တိုက် အမှတ်(၁၉)၊ လမ်း(၉၀)၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။ |
| အတွင်းဖလင် | – | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | – | သီရိမေ |
| ကွန်ပျူတာစာစီ | – | (Asia Glory) |
| ပုံနှိပ်ခြင်း | – | ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (ပထမအကြိမ်) |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀ |

၈၉၁ . ၈၃

မှုပိုင်နှင်းဆီ

ဝမ်းတွင်းအောင်သွယ်တော် / မှုပိုင်နှင်းဆီ – ရန်ကုန်

ဆောင်းညပြာသို စာပေ၊ ၂၀၁၂ ဒီဇင်ဘာလ

၂၀၀ စာ၊ အလျား ၁၂.၇ စင်တီ၊ အမြင့် ၁၇.၇၈ စင်တီ

(၁) ဝမ်းတွင်းအောင်သွယ်တော်

BURMESE CLASSIC .com

## (၁)

လော်ရယ်မိုးမြင့်သဇင်သည် သူမ၏ သူငယ်ချင်းအိမ်တွင် ရောက်ရှိနေသော 'စေ့စပ်ကြောင်းလမ်းခြင်း'ဖိတ်စာတစ်စောင်ကို သဲကြီးမဲကြီး ဖတ်ပြီးနောက် ပါးစပ်မှ အာမေဋိတ်သံတွေ စီတန်းပြီးထွက်ချလာသည်။

"ကျွတ် . . ကျွတ် . . ဘယ်လောက်တောင် ချမ်းသာလို့ ဒီလို ဒိတ်ဒိတ်ကျဲစေ့စပ်ပွဲကြီးကို ဆင်နွှဲကြပါလိမ့် . . . ငါ့အသက် လေးဆယ်ကျော်ပြီ . . . တစ်ခါမှ မကြုံဖူးပါဘူး . . . အံ့ဩကုန်နိုင်ဖွယ်"

အင်မတန်မှ သားနားပြီး ဆန်းပြားသော ဖိတ်စာတစ်စောင်ရဲ့တန်ဖိုးကတင် သုံးထောင်လောက် အသာလေးရှိနိုင်သည်။

ထိုဖိတ်စာကို ကိုင်ပြီး လှည့်ပတ်ကြည့်ရှုနေသော လော်ရယ်ကို ခင်မမက ကော်ဖီခွက်ကိုင်ပြီး ရပ်ကြည့်နေမိသည်။

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



"လော်ရယ်. . . ဘာများ ထူးဆန်းနေလို့ အသဲအသန်ကြည့်နေရတာတုန်း"

"ဆန်းတာပေါ့. . . ဆန်းတာမှ လူတောင် အသက်ရှူ ရပ်မတတ်ပဲ"

"ဒီဖိတ်စာက ဦးထိပ်ခေါင်ဗညားရဲ့သမီးလေး စေ့စပ်ပွဲလေ. . ဆန်းပါပြီကော လော်ရယ်. . ဒီလူကြီးက 'View Point Hotel'တွေရဲ့ပိုင်ရှင်လေ. . သမီးက တစ်ဦးတည်းသောသမီး. . 'ဧဝရက်မြင့်မိုရ်' တဲ့. . ချမ်းသာလိုက်တာမှ ကျိုကျိုကိုတက်လို့"

လော်ရယ်မျက်နှာမှာ အရောင်လက်သွားသည်။

"သူ့မိန်းမက ဘယ်သူလဲ"

"မရှိတော့ဘူး. . သူက မုဆိုးဖို"

လော်ရယ် လိုချင်တဲ့အဖြေနှင့်ကွက်တိ. . ဟုတ်တော့ နေပါပြီ။ သားအဖနှစ်ယောက်စလုံးရဲ့ နာမည်တွေက ဟိုး. . ထိပ်ဖျားမှာချည်းပဲ။ တစ်ယောက်က ထိပ်ခေါင်ဗညား. . နောက်တစ်ယောက်က အမြင့်ဆုံးဆိုတဲ့ ဧဝရက်တောင်နဲ့မြင့်မိုရ်တောင် နှစ်တောင်ပေါင်းပြီး ဧဝရက်မြင့်မိုရ်. . . တဲ့။

သူတို့တွေ ထမင်းစားရင်ကော အထပ်နှစ်ဆယ်၊ သုံးဆယ် ပေါ်မှာ တက်စားကြမှာလား. . . ပြောလို့မရပါ။

အောင်ညမြာသိစာပေ



"ဟဲ့. . ဒီမှာ ကော်ဖီသောက်ဦး. . တစ်ခါတည်း စိတ်ဝင်စားနေလိုက်တာ. . မျက်နှာကြီးကလည်း ပြုံးလို့"

"ဒီဖိတ်စာ ငါယူသွားမယ်နော်"

"နေဦး. . နှင်မယူခင်. . ငါ သူတို့အခမ်းအနားကျင်းပမယ့် နေရာတွေ မှတ်ခဲ့ဦးမယ်၊ ဩော်. . ချမ်းသာတဲ့လူတွေများ စေ့စပ်တာတောင် သုံးနေရာခွဲပြီး လုပ်ရတယ်လို့. . ."

"ကဲပါ. . မှတ်မှာဖြင့် မှတ်ထား။ လာမဲ့ Sundayမနက် ကိုးနာရီ ကိုးမိနစ် ကိုးစက္ကန့်မှာ ရန်ကုန်တိုင်း တရားသူကြီးရှေ့မှောက်မှာ လက်မှတ်ထိုးမှာ။ နေရာက 'မြရိပ်ညိုဟော်တယ်'မှာ. . ကိုးနဝင်းကျေအောင်လို့ ထင်ပါတယ်။ အဲ. . ပြီးတော့ ညေ့ပရိသတ်တွေကို Sedona Hotelမှာ နေ့လယ်စာ ကျွေးမှာ။ အဲဒါက ဆယ့်တစ်နာရီမှာ. . ဆယ့်တစ်မိုးငြိမ်းအောင် လုပ်ပြန်ပြီ။ ဟော. . နောက်ဆုံးအစီအစဉ်ကတော့ နှစ်ဖက်အသိုင်းအဝိုင်းတွေ ဆုံပြီး ဆွေပြမျိုးပြမိတ်ဆက်အပ်နှံပွဲတဲ့. .။ အဲဒါကတော့ သူတို့နေတဲ့ခြံမှာ ထင်တယ်. ."

ခင်မမကိုပြောပြရင်း လော်ရယ်၏ဦးနှောက်တွေ အလုပ်လုပ်နေကြသည်။

မှတ်စမ်း. . ဒီလိပ်စာကို ဒီတစ်သက်မမေ့စေနဲ့။ ဒါ. . အခွင့်အရေးပဲ။

အောင်ညမြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



လော်ရယ် လက်ရှိလုပ်ဖြစ်နေတဲ့အလုပ်က အလုပ်ဖြစ်မှပွဲခရတဲ့ ပွဲစားအလုပ်။ ရတနာပွဲစားလုပ်သလို ကားပွဲစားလည်းလုပ်သည်။

နောက်ပြီး ဝါသနာအရ အောင်သွယ်လည်း လုပ်သေးသည်။ သူများတွေကို အောင်သွယ်ပေးရတာ ဘယ်လိုဝါသနာပါမှန်းကို မသိတာ. . . ဝမ်းတွင်းအောင်သွယ်ပေါ့။

ဒါပေမဲ့ သူကတော့ အပျိုကြီးတဲ့လေ. . .

ရုပ်ရည်ကလည်း ချောသည်။ ခန္ဓာကိုယ်ကလည်း ပြေပြစ်သည်။ အပြောအဟောကတော့ ထိပ်တန်း။ ဒါနဲ့များတောင် လော်ရယ်တို့ အပျိုကြီးလုပ်နေတာ အကြောင်းတစ်ခုတော့ ရှိရမည်။

အဲဒါ. . ဘာပါလိမ့်. . .

♥



(၂)

BURMESE CLASSIC .com

ဦးဆောက်သည် စလွယ်သိုင်းလွယ်ထားသော အိတ်ကို. . ဆိုဖာပေါ် ဘုတ်ခနဲမြည်အောင် ပစ်ချလိုက်သည်။ ဒါဟာ တစ်ခုခုကို သူ မကျေမနပ်ဖြစ်နေပြီဆိုတာ အသံတိတ်နည်းဖြင့် သိအောင်ပြခြင်းပင်။

ဦးဆောက်အဖေ ဦးတိုင်းလုံးကျော်က ရေခဲသေတ္တာထဲမှရေခဲရေကို ဖန်ခွက်ထဲထည့်သောက်ရင်း သားလုပ်သူ့ကို လိုက်ကြည့်နေသည်။

“ဟေ့ကောင်. . မင်း ယောကျ်ားမဟုတ်ဘူးလား၊ မကျေနပ်တာရှိရင် ပွင့်ပွင့်လင်းလင်း ပြောလေကွာ. . ဘာကိစ္စ အသံတိတ်ဆန္ဒပြနေတာလဲ. . မင်းကို ငါက မွေးထားတာ. .”

“အဖေမွေးတာ မဟုတ်ဘူး၊ အမေ မွေးခဲ့တာ. .”



www.burmeseclassic.com

www.burmeseclassic.com



"သေချင်းဆိုးလေး. . စကားလည်း မှားလို့မရဘူး၊ အေး. . ဘာပဲဖြစ်ဖြစ် ငါက မင်းအဖေ၊ မင်း ဘာဖြစ်နေသလဲဆိုတာ အားလုံး သိတယ်"

"သိရင် ဘာဖြစ်လို့ မေးနေသေးလဲ အဖေရာ. . ဒီမှာ စားနေရတဲ့ကြားထဲ"

"ပြောရင်းဆိုရင်း ပြောပြန်ပြီ မိုးကြိုးတွေ အလုံးလိုက်ပစ်တော့မှာပဲ"

ဦးဆောက်က ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်ပြီး. . အဖေဖြစ်သူကို ပေစောင်းစောင်းကြည့်ကာ

"အဖေ သူတို့ပြောသမျှအားလုံး ဘာဖြစ်လို့ ခေါင်းပဲ ညိတ်နေတာလဲ. . ပုတ်သင်ညိုကြီးကျနေတာပဲ. . ဟိုဟာကြီး(ယောက္ခမလောင်းကို ဆိုလိုခြင်းဖြစ်သည်)ကလည်း ပါးစပ်တစ်ပေါက် ပါရုံနဲ့ အမျိုးမျိုးတောင်းဆိုနေတော့တာ. . ဒီလူကြီးအကြောင်း မသိလို့ သူ့သမီးကို ကြိုက်မိတာဗျာ. . ဟိုးအစောကြီးကသာ သိရင် ကန်တော့ဆွမ်းပဲ"

'ရက်'လို့ ဦးဆောက်က ချစ်စနိုးခေါ်သော 'ဓေရက်မြင့်မိုရ်'၏အဖေ 'ဦးထိပ်ခေါင်ဗညား'ကို မကျေနပ်တိုင်း ရင်ဖွင့်ချက်တွေက ပြင်းထန်ကုန်သည်။

သူ့ဟာသူ ထိပ်မှာပဲ နေနေ. . တောမှာပဲ နေနေ၊ ဦးဆောက်





ကတော့ ကွယ်ရာတွင် ယောက္ခမလောင်းကို ထိပ်ပြောင်ကြောင်ကြားလို့သာ ခေါ်သည်။

ရှိသေသမှုနဲ့ ချစ်စနိုးလေးခေါ်တာပါ။

"စေ့စပ်ဖို့ ငါးရက်လိုတော့မှ ဒီလိုစကားမျိုးထွက်လာတဲ့ မင်းပါးစပ်ကို ငါ ရွှေချပေးဦးမယ်"

"အခု ဘယ်လိုလုပ်ကြမလဲ. . ဟိုဘိုးတော်ပြောတဲ့. . 'လင်ခရုဆာ'ကားကြီး အဖေ့မှာ ရှိလို့လား"

"ပါပလေကာတော့ ရှိတယ်လေကွာ"

"သံလွင်လမ်းက ခြံဆိုတာကရော. ."

"သံလွင်လမ်းမှာ မရှိပေမယ့်. . . သန်လျင်မှာတော့ ငါ့ခြံရှိသားပဲ"

ဦးဆောက်သည် ဘာအပူအပင်မှ ရှိပုံမရဘဲ ပျော်ပျော်ကြီး ဖြေနေသောအဖေ့ကို ကြည့်ပြီး တင်းလာသည်။

"အဖေ့ကို အမေမသေခင်က ဘာပြောသလဲ သိလား. . ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားပြီး ပေါ့ပေါ့သွားမှာပဲတဲ့. ."

"ဟော့ကောင်. . ဟော့ကောင်. . မရှိတော့တဲ့ ငါ့မိန်းမနဲ့ငါ့ကို လာပြီး ရန်တိုက်ပေးမနေနဲ့. . မင်းအမေက ငါ့ကို ချစ်စနိုးနဲ့ပြောတာ ဘာဖြစ်တုန်း၊ ငါဆိုတဲ့ ကောင်ကလေ. . ပေါ့ပေါ့ပါးပါးပဲ နေချင်တာ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ဆားမပါတဲ့ဟင်းပဲ စားတာ. . ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား တင်ပဲလား. . ကုန်ကုန်ပြောမယ်ကွာ. . အီအီးပါရင်တောင် ပေါ့ပေါ့ပဲ ပါတာ. . သူများတွေလို မညှစ်ရပါဘူး"

"ပြောရင်းဆိုရင်း ညစ်တီးညစ်ပတ်က ပါလာပြန်ပြီ"

"ငါပြောချင်တာ လိုရင်းကို မရောက်တော့ဘူး၊ မင်းဘိုးတော် တောင်းသမျှအားလုံး ငါ့နည်းငါ့ဟန်နဲ့ စီစဉ်ထားပြီးပြီ၊ ခြံ ကား အကုန် လုံးပဲ။ နောက်ပြီး. . မင်္ဂလာပွဲအတွက် လိုအပ်တဲ့ ငွေသိန်းသုံးရာကျော် . . အဲဒါလည်း အခု ငါ့မှာ ရယ်ဒီပဲ"

"ဗျာ. . အဖေ့မှာ ဒီလောက်များတဲ့ငွေမှမရှိတာ. . အခု ကျွန် တော်တို့နေတဲ့ တိုက်ခန်းတောင် ငှားနေရတဲ့ဥစ္စာ. . အဖေ ဘာတွေ လျှောက်လုပ်နေတာလဲ. ."

"ဒါများကွာ. . ငါ့မှာမရှိပေမယ့် သူများငွေတွေ အတိုးပေး လိုက်ရင် ကိုယ့်ငွေဖြစ်လာတာပေါ့. . အတိုးသာ များများပစ်ပေးလိုက် ငွေချေးချင်တဲ့သူတွေဆို တန်းစီနေမှာ"

"ဒါဆို အဖေ ဘယ်လောက်တိုးနဲ့ချေးထားတာလဲ"

"အစုံပဲကွာ မမှတ်မိတော့ဘူး. . သုံးဆယ်တိုးက အများဆုံး ပဲ. . နှစ်ဆယ်တိုးလည်း ပါတယ်၊ ဆယ့်ငါးကျပ်လည်း ပါတယ်၊ တစ် ဆယ်တိုးနဲ့ချေးတဲ့သူက ငါ့ဘော်ဒါလေ. . သူက အားနာတတ်တယ်





ကွ. . ငါ့မို့လို့ အသေလျှော့ပေးထားတာ သိလား. . တိုင်းလုံးကျော်ပါ ကွာ. . မပိုင်ရင် ပုရွက်ဆိတ်တောင် မရိုက်ဘူး"

ဦးဆောက် ခေါင်းမှာ နဂိုထောင်နေသော ဆံပင်တွေ ပိုပြီး ထောင်သွားသလိုထင်ရသည်။

"သွားပါပြီဗျာ. . ဒီလောက်အတိုးတွေပေးပြီး လျှောက်ချေး ထားမှတော့ အတိုးပိပြီး သေပြီပေါ့ဗျ"

ဦးတိုင်းလုံးကျော်က ဖော်ဝင်းတွင်ရှုတ်ခမ်းမွေးကို အားကျပြီး ဆိုင်မှာ သေချာပုံသွင်းထားသည့် နှုတ်ခမ်းမွေးကို တစ်ချက်ပွတ်ကာ

"မင်းအဖေက ဘယ်သူလဲ ဦးဆောက်။ တိုင်းလုံးကျော်တဲ့. . တစ်တိုင်းလုံး မကျော်ရင် ဘာအလုပ်မှမလုပ်ဘူးကွ"

"ဟုတ်တယ်လေ. . ခုချိန်ထိ အဖေ ဘာအလုပ်လုပ်လို့လဲ. . အမေ့အမွေပစ္စည်းတွေ ထုခွဲပြီး စားနေတာပဲ ဥစ္စာ"

"တော်ပြီ ဟော့ကောင်။ ငါ့ရဲ့ရှိစုမဲ့စုသိက္ခာတွေ ဒီလောက်ချ ရရင် တော်တော့. . မင်းယောက္ခထီးက အသိုင်းအဝိုင်းတောင့်တယ် ကွ. . သူဖိတ်လို့ လာမယ့်သူတွေကလည်း. . တစ်ထောင် နှစ်ထောင် လောက်လက်ဖွဲ့ပြီး တစ်အိမ်လုံး လာစားမယ့်သူတွေ မဟုတ်ဘူး. . အဖေကြံရင် မင်းအမြင်တွေ မှန်ကုန်မယ်ကွ. . အတိုးပေးပြီး အမြတ် ပါ ထွက်စေရမယ်. . စောင့်သာကြည့်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



‘ဦးဆောက်’ဆိုတဲ့ နာမည်ရထားလို့ ဆန်းလှပြီလို့ မထင်လေနဲ့။ အဲဒီနာမည်ကို အဖေ ပေးထားတာ. . ကျွန်တော့်ကို မွေးတုန်းက အဖေရယ်လေ. . အောင်ဘာလေထီဆုကြီးပေါက်ပြီး ရွာမှာ ‘တိုက်အိမ်’ကို ဦးဆုံးဆောက်လို့ ဦးဆောက် ဆိုတဲ့အမည်တွင်လာတာ. . .

ထီပေါက်ပြီးနောက်ပိုင်းမှာ အဖေ အလုပ်မလုပ်တော့ဘူးတဲ့။ အဖေ အမြဲပြောတဲ့စကားတစ်ခွန်းက ‘ဉာဏ်ချင်းသာ ယှဉ်လို့ရမယ်၊ ကံကိုတော့ လာယှဉ်လို့မရဘူး’ဆိုပဲ။

အဲဒီကံဆိုတာကြီးကိုပဲ အဖေထိုင်စောင့်နေတော့တာ. .

ခုလည်း ကြည့်လေ. . ‘ရက်’နဲ့ မင်္ဂလာဆောင်ဖို့အရေး တွေးပြီး မအေးရပေမယ့် အဖေကတော့ အေးသမှသိပ်အေး။ ‘ချာလီချက်ပလင်’ကား ထိုင်ကြည့်ပြီး တဟားဟားနဲ့အော်ရယ်နေသည်။

အဲဒါပြီးရင် ကြောင်နဲ့ကြွက်ကြည့်ပြီး ရယ်ဦးမည်။ ဒါနဲ့မှ အားမရသေးရင် သမိန်ပေါသွပ်ကာတွန်းဖတ်ပြီး ဆက်ရယ်ဦးမည့်အဖေ. . ကျွန်တော့်အဖေ. . တိုင်းလုံးကျော်တဲ့ အဖေ. . ကျွန်တော့်အဖေ. . ။

♥



(၂)

ဆာမိသည် များပြားလှစွာသောပန်းအိုးတွေကိုကြည့်ပြီး ထိုင်ငိုချင်စိတ်ပေါက်လာသည်။

တစ်နေ့တစ်နေ့ အဲဒီပန်းအိုးတွေကို နေရာချိန်းပြီးရွှေ့နေရတာကိုက အလုပ်တစ်ခုဖြစ်နေသည်။

ဘယ့်နှယ်ကြောင့် ဒီလိုအိမ် ဒီလိုသူဌေးဆီမှာ မာလီလာလုပ်နေရပါလိမ့်။ ရက်ရက်စက်စက် ကံကြမ္မာကြီးကို ပိုးစိုးပက်စက် ကျိန်ဆဲချင်လာသည်။

ပန်းအိုးတွေက ပေါ့ပေါ့ပါးပါးလည်း မဟုတ်။ တလေးတလံတွေမို့ ငါးအိုးလောက် မ,ပြီးလျှင် ခါးက ချိချင်လာပြီ။ ဆာမိအသက်တလည်း လေးဆယ်ကျော်လာပြီလေ။ ဘယ်လိုပြောရမလဲ. . ဇရာက စကားပြောတယ်ဆိုလား။



www.burmeseclassic.com

www.burmeseclassic.com



ကတ်သီးကတ်သတ်နိုင်းတတ်တဲ့ ဘဝင်ခေါင်ခိုက် သူဌေးဆီကနေ ဆာမိ အလုပ်မထွက်နိုင်တာ ဝဋ်တစ်ခုလေလား. . ဒီအိမ်မှာ သူအလုပ်ဝင်ခဲ့တာ 'ရက်'ကလေး တစ်နှစ်ကျော်ကတည်းကဆိုတော့ နှစ်ပေါင်းနှစ်ဆယ်လောက်ရှိရောပေါ့။

ပြောမယ့်သာ ပြောနေရတာ. . . သူဌေးက အပေးအကမ်းတော့ ရက်ရောသား. . ။

အခါကြီးနေ့ကြီးတွေဆို 'ဆာမိ လာဦး'ဆိုပြီး မုန့်ဖိုးပေးတာ တစ်ပုံး(သုညငါးလုံး)တောင်မှ။ ဆာမိ ဘယ်လိုလုပ်ပြီး ဒီအိမ်က ခွာနိုင်မှာလဲ။ ထွက်မဲ့အပေါက်ကို တစ်ခါတည်းပိတ်ပစ်လိုက်သလိုပဲ။

"ဟာ. . ဟော့ကောင် ဆာမိ. . ငါ လာဘ်ခေါ်ထားတဲ့ ဂမုန်းပင်ကို ဘာကိစ္စ တောင်ဘက် ရွှေ့ထားရတာတုန်း။ ပြန်ရွှေ့စမ်း. . ရွှေ့စမ်း. . အရှေ့ဘက်ကို"

လူက ဘယ်နေမှန်းမသိ. . အသံက အရင်လာလို့ လူထက် အသံကို ပိုကြောက်နေရသည့် သူဌေး။

ကိုးလိုးကန့်လန့်အယူလေးတွေရှိတာ ဆာမိသူဌေး. . တဲ့။

ဂမုန်းပင်တွေက ဆင်တူမတိမ်းမယိမ်းတွေပဲ ဥစ္စာ။ သူမှိုလို့ ဟိုအပင်က လာဘ်ခေါ်ဂမုန်း၊ မီးကွင်းဂမုန်း၊ စီးပွားဂမုန်း၊ ဟော. . နတ်ချစ်ဂမုန်း၊ လူချစ်ဂမုန်းတဲ့. . စုံနေရောပဲ။

*အောင်းညာပြာသိစာပေ*



ပွင့်ပွင့်လင်းလင်းဝန်ခံရလျှင် ဆာမိတစ်သက် မာလီသာလုပ်လာတာ. . ဗဟုသုတ ခေါင်းပါးချက်က ဆူးပါတဲ့ပန်းဟာ နှင်းဆီဆိုတာ ဒီအိမ်ရောက်မှသိတာ။

ဆာမိ မှတ်မိသေးသည်။ သူအလုပ်ဝင်ဖို့ ဒီအိမ်ကိုလာတော့ သူဌေးက မေးခွန်းတစ်ခုမေးခဲ့သည်။ အခုခေတ်လူတွေ ဖြေနေရသည့် ဆင်တာဖျူးဆိုလား. . ဘာဆိုလား. . အဲဒါမျိုးပေါ့။

"အပင်တွေ ပိုးမကျအောင် ဘာလုပ်ရမလဲ"တဲ့။

ဆာမိက "ပိုးသတ်ဆေးဖျန်းမှာပေါ့"လို့ ပြန်ဖြေလိုက်တာနှင့် ဒီအိမ်မှာ မာလီဖြစ်လာတာ ဒီနေ့အထိပင်။

ဦးထိပ်ခေါင်ဗညားက ဖုန်းပြောရင်း ဆာမိအနားသို့ ရောက်လာသည်။

ဆာမိကလည်း သူတွေးမိသလို အာချောင်ကြည့်လိုက်သည်။

"ဆရာ. . ဒီဂမုန်းက လူခေါ်ဂမုန်း မဟုတ်လား"

"ဘာ. ."

"ဟုတ်ပါတယ်. . ဒီဂမုန်းပင် အိမ်ရှေ့တည့်တည့်မှာ ထားလို့ ချတ်တောင် ယောက်ျားရတော့မှာ. . ဒါကြောင့် လူခေါ်ဂမုန်းလို့ပြောတာ. . နောက်တစ်ခါသာ ထပ်ခေါ်လိုက်ရင် ဆရာ့အလှည့်ပဲ။ ဆရာ နီးမရှိုးမယ် ထင်တယ်နော်"

*အောင်းညာပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ဦးထိပ်ခေါင်ဗညားက ဖုန်းပြောပြီးပြီဖြစ်၍ ဆာမိဖင်ကို တစ်ချက်လှမ်းကန်လိုက်သည်။

"ပေါက်တတ်ကရတွေ ပြောဦး . . နေဦး . . ငါ နင့်ကို ကောင်းကောင်း Lesson ပေးဦးမယ်"

ဦးထိပ်ခေါင်က ဆာမိရဲ့ခါးကို လက်ဖြင့်ထိထားပြီး

"ချွတ် . . ချွတ်စမ်း . . ပုဆိုးချွတ်လိုက်စမ်း"

ဟု ပြောသည်။ ယောင်တတ်သောဆာမိက သူ့ခါးကိုထောက်ထားလျှင် ပြောသမျှ အကုန်လိုက်လုပ်သူမို့ သူဝတ်ထားသောပုဆိုးကို တကယ်ပင် ချွတ်ချလိုက်သည်။ အိမ်မှာရှိရှိသမျှ အိမ်ဖော်တွေနှင့် အိမ်ထိန်းဒေါ်ကြည်တို့က ဆာမိကိုကြည့်ပြီး ဝိုင်းရယ်ကြသည်။

"တော်သေးတာပေါ့ကွာ . . အထဲမှာ ဗန္ဓုလဘောင်းဘီကြီးပါလို့ မင်း ကံကောင်းသွားတာ ဆာမိရေ။ ကဲ . . ကဲ . . တစ်လက်စတည်း မိုက်ကယ်ဂျက်ဆင်အကလေး ဆွဲလိုက်ပါဦး"

ဆာမိခမျာ ဘောင်းဘီတိုကလေးနှင့် မိုက်ကယ်ဂျက်ဆင်ရဲ့ လပေါ်လမ်းလျှောက်အကကို တွေးနေအောင် ကပါတော့သည်။

ဒေါ်ကြည်က ဆာမိ ကတာကို ကြည့်ပြီး

"မိုက်ကယ်ကြက်ဆင် သေသွားတော့ မိုက်ကယ်ဆာမိ ပေါ်လာပါရောလား"





ဟု မှတ်ချက်ချသည်။

ရောဝတီတိုင်းဘက်က လာတဲ့ မြစိန်က ဒေါ်ကြည်ရဲ့စကားကို ရယ်ပြန်သည်။

"ကြီးကြီးနှယ် . . ပီအောင်လည်း မခေါ်တတ်ဘဲနဲ့"

ဒေါ်ကြည်က သူ့ကိုလှောင်ရမလားဆိုပြီး တင်းလာကာ

"ညည်းကများ ငါ့ကို . . . ဒီနေ့ ထမင်းဝတ်ချင်ပြီနဲ့တူတယ်၊ ဟုတ်လား . . "

ဆာမိကလည်း ကလို့ ကောင်းတုန်း။ ဦးထိပ်ခေါင် ဆိုတဲ့ သူဌေးကလည်း ယောင်မှန်းသိလေ စလေပင်။

သူ့သမီး လင်ယူခါနီးမို့ ပိုပြီး မြူးနေသလား မသိပါ။

"ဟုတ်ပြီကွ . . ဆာမိကွ . . သချိုင်းမှာကတဲ့ သရဲကလေး ထပ်တပါဦး"

ဒေါ်ကြည်က

"ဆာမိနဲ့ ဘရာစီယာနဲ့ တွဲကရင် သိပ်မိုက်မှာပဲ"

ဦးထိပ်ခေါင်က ဒေါ်ကြည့်စကားအထူးအဆန်းကို ကြားပြီး သိချင်ယောင်ဆောင်ကာ

"ဘရာစီယာဆိုတာ ဘယ်သူတုန်း ဒေါ်ကြည်ရဲ့"

"ဩော် . . ဆရာနှယ်၊ကမ္ဘာ့ဖလားပွဲမှာ သီချင်းဆိုတဲ့ ကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးလေ. . ဆရာပဲ ကြိုက်လို့ဆို. . 'ရက်'နဲ့တောင် စကားများသေးတယ်လေ. . ဝါကာဝါကာကောင်မလေးကို ပြောတာ ဆရာရဲ့"

"ဟင်း. . . ရာကီရာလေးခများ. . ကမ္ဘာကျော်နေပြီးကာမှ ဒေါ်ကြည့်ပါးစပ်ထဲရောက်မှပဲ ဘရာစီယာဖြစ်တော့တယ်"

"အဟီး. . ကျွန်မလည်း သူများတွေပြောတာကြားပြီး. . သူ့နာမည်က ဆန်းပါတယ်လို့ ထင်နေတာ"

ဆာမိတစ်ကိုယ်လုံး ချွေးတွေရွှဲနေပြီ။ ဧဝရက်မြင့်မိုရ်က အိမ်ထဲမှ ပြေးထွက်လာပြီး

"ဒယ်ဒီ ဖုန်းလာနေတယ်"

ဟုပြောကာမှ ဆာမိတို့ အနားရတော့သည်။

"ဘယ်သူ့ဖုန်းလဲ"

"ဦးဆောက်ရဲ့အဖေ"

"ငါမပြောဘူးလား. . နင့်ယောက္ခမကြီးက အူကြောင်ကြားပါလို့. . ငါ့ဟန်းဒ်ဖုန်းကိုကျ မဆက်ဘူး"

"သွားကိုင်လိုက်ပါ အဖေရယ်. . အားနာစရာ. . သူမှာ ဘာအရေးကြီးနေသလဲမှမသိတာ"

ဦးထိပ်ခေါင်က ဘောက်ဆတ် ဘောက်ဆတ်ဖြင့် လျှောက်သွားကာ အိမ်ထဲဝင်ပြီး ဖုန်းခွက်ကိုယူ၍





"ဟယ်လို. . ထိပ်ခေါင်ဗညား ပြောနေပါတယ်"

"ဟုတ်ကဲ့. . . ကျွန်တော် တိုင်းလုံးကျော် နားထောင်နေပါတယ်ခင်ဗျ"

ဦးထိပ်ခေါင်တို့ စပြီး တင်းလေပြီ။

"နေစမ်းပါဦး. . အခု ဖုန်းဆက်တာက ခင်ဗျားလေ၊ ခင်ဗျားက နားထောင်နေတယ်ဆိုတော့ ကျုပ်က ဘာလုပ်ရမှာလဲ"

"ဆောရီးဗျာ. . ဆောရီး. . ကျွန်တော် လိုရင်းပဲ တိုတိုတုတ်တုတ် ဖြတ်ပြီးပြောပါ့မယ်. . မင်္ဂလာပွဲကျရင် ခင်ဗျားနဲ့ကျွန်တော် ဆင်တူဝတ်ဖို့လိုသလားလို့ မေးကြည့်တာ"

အဲဒါကြောင့် ဒီလူ့ကို အံ့သြတာ. . ဘယ့်နှယ် ကိုယ့်သမီးနဲ့ သူ့သား ဆင်တူဝတ်ရင် ပြီးတဲ့ဥစ္စာ. .

"မင်္ဂလာဆောင်မှာက ကလေးတွေလေ"

ဦးထိပ်ခေါင်က ပြန်ရစ်တော့ ဦးတိုင်းလုံးကျော် ဒေါ်နီးလာသည်။

သူ့ဝသီ သူ့ထုံးစံအတိုင်း ပေါ့ပေါ့ပင် ပြောချလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း ခင်ဗျားနဲ့မင်္ဂလာဆောင်မယ်လို့ တစ်ခွန်းမှ မပြောမိပါဘူး"

"ဟော့လူ. . စကားပြောတာ မရှိုင်းနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာ ရှိုင်းလို့လဲဗျ. . ကျွန်တော့်ဘက်က မေးပြီးလို့. . တာဝန်ကျေပြီနော်. . ကျွန်တော် ဝတ်ချင်ရာဝတ်ပြီး လာခဲ့မယ်. . ဘိုင့် ဘိုင်. . ဒါပဲ"

ဒါပဲ. . ဆိုပြီး ဖုန်းကို ငွပ်ခနဲချသွားလို့ ဦးထိပ်ခေါင်မှာ ဆက် ပြောခွင့်မရတော့ဘဲ တန်းလန်းကြီးဖြစ်ပြီး ကျန်ရစ်ခဲ့ရသည်။

'ရက်'က အဖေနား ကပ်လာပြီး

"ဒယ်ဒီ. . ဘာတဲ့လဲ"

"မပြောချင်ပါဘူး သမီးရယ်. . သမီးတို့မင်္ဂလာပွဲကျရင် သူနဲ့ ဒယ်ဒီ ဆင်တူဝတ်ဖို့လိုသလားတဲ့. . မေးပုံက. . "

"ဒယ်ဒီက ဘာပြောလိုက်လဲ"

"ဝတ်စရာလား. . သူနဲ့ငါ ဆင်တူဝတ်ရင် ငါ ဂိုးတာပေါ့. . သမီးတစ်ယောက်ပဲ ရှိတာ. . . သမီးမင်္ဂလာပွဲမှာ ဒယ်ဒီ အပြတ်နွှဲပစ် မှာ. . သူ့ထက်သာတာကို ဝတ်ပြဦးမှာ"

အဖေချင်းတောင် ဒီလောက်ပြိုင်နေရင် အမေတွေများရှိလို့ ကတော့ ပွဲက ကြည့်ကောင်းဦးမှာ. .

"အဟဲ. . နည်းနည်းတော့ လျှော့ပါ ဒယ်ဒီရာ. . တော်ကြာ သမီးရဲ့သတို့သားထက် ပိုပြီးထင်ပေါ်နေလို့ ဓာတ်ပုံဆရာတွေ မျက်စိ လည်ကုန်ဦးမယ်"





"ဒယ်ဒီက သမီးမျက်နှာထောက်ပြီး ပြောမယ်. . ပြောမယ်နဲ့ ပြောသေးတာ. . သားကိုလိုချင် သူ့အဖေကိုကြည့်ရတယ် သမီးရဲ့။ ဒီ တိုင်းလုံးကျော်ဆိုတဲ့ကောင်ဟာလေ. . ပိုက်ဆံသာ ရှိတာ၊ ပြော တာ၊ ဆိုတာ၊ နေတာ၊ ထိုင်တာ အကုန်ဝရုတ်သုက္ခ. . သူ့သားလည်း သူ့အတိုင်းလာမှာပဲ"

"မဟုတ်ပါဘူး ဒယ်ဒီရယ်. . ဦးဆောက်ကလေ လူသာ ငယ် တာ. . လူကြီးသူမကို သိတတ်တယ်၊ ရိုသေတယ်၊ သမီးကိုဆို သူ့ထက် ငယ်လို့ အရမ်းအနွံ့အတာခံတာ"

"အေးပေါ့လေ. . ကိုယ်ထင် ခုတင်ရွှေနန်းပေါ့. . နေဦး. . နေဦး. . အရေးအကြီးဆုံးဟာ မေ့နေတာ. . သံလွင်လမ်းကခြံ သမီး ကြည့်ပြီးပြီလား"

ဇဝရက်မျက်နှာလေး ပြုံးရွှင်လာသည်။ ဘယ်လောက်တောင် ပျော်ဖြစ်နေသလဲ မသိ။

"တစ်နေ့က ဦးဆောက်နဲ့လိုက်ကြည့်ပြီးပြီ ဒယ်ဒီ၊ အရမ်းကို နေရာကြီးကျယ်တာပဲ"

"ဒယ်ဒီ့အိမ်ထက် ကောင်းတယ်ပေါ့"

"ဒါပေါ့. . ရေကူးကန်တောင် ပါသေး"

"အေးပေါ့လေ. . ခုတော့ ပြောအားရှိပြီပေါ့၊ ဘာပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ့သမီး မပူမပင် မကြောင့်မကြ နေရမှာမို့ ဒယ်ဒီ ကျေနပ်ပါတယ်ကွာ"

"ရက်"က ဖခင်အနား ကပ်ချွဲပြီး

"သမီး ဒီနေ့ Shoppingထွက်ချင်တယ်. . မုန့်ဖိုးပေး"

"ကြိုက်သလောက် ယူစေဗျာ"

"ဒါကြောင့် ဒယ်ဒီ့ကို အသည်းတွေ၊ အူတွေ၊ ကလီစာတွေ တုန်အောင် ချစ်ရတာ. . အဟင်း"

"ဘုရား. . ဘုရား"

အဖေက ဘုရားတ,ပြီး ကျန်ခဲ့ပေမယ့် "ရက်"က သူ့အဖေ့ မီးခံသေတ္တာထဲက တစ်သောင်းတန်တစ်အုပ်(ဆယ်သိန်း)ကို သူမအိတ်လှလှလေးထဲ ထည့်ပြီး Shopping ထွက်ဖို့ ပြင်နေပြီဖြစ်သည်။

♥



(၄)

ဦးဆောက်မှာ မင်္ဂလာပွဲနီးလေ ရင်တွေ ပူလေ. . ညည အိပ်လို့မပျော်တာလည်း တစ်ဒုက္ခ။

အဖေကတော့ အိပ်ပျော်လွန်းလို့ ချောင်းဖျားမှာ မော်တော်ခုတ်သလို ခွီး. . ခလောနဲ့ ဟောက်သံအကျယ်ကြီးကိုထွက်လို့. .

အဖေက ကားတွေခြံတွေကို အတိုးပေးပြီးချေးယူထားတဲ့ငွေနဲ့လပေးငှားထားသည်။မင်္ဂလာဆောင်ပြီး နှစ်လလောက်နေရင် အကုန်လုံး ဘူးပေါ်သလိုပေါ်လာလိမ့်မည်။ အဲဒီအခါကျ ဘယ်လိုရှင်းမလဲ။

အဖေက တစ်ပွဲတိုး ပြီးစလွယ်လုပ်လိုက်ပေမယ့် ရှေ့ဆက်ရမယ့် သူနဲ့ဝေရက် နှစ်ယောက် ဗျာများရမည့်ကိန်းဆိုက်နေသည်။ သူ့မှာလည်း လောလောဆယ် အလုပ် ဟူ၍ မည်မည်ရရရှိတာ မဟုတ်တော့ ခက်သား။



www.burmeseclassic.com

www.burmeseclassic.com

## ဝမ်းတွင်းအောင်သွယ်တော် - ၂၈

အိပ်မပျော်တော့ ရက်အသံလေး ကြားချင်လာသည်။

မျက်လုံးလေးတွေနဲ့ လူကို အရည်ပျော်အောင်ညှို့တတ်သည့် ရက်. . လိုလေသေးမရှိ ပြည့်စုံနေတဲ့ ရွှေမင်းသမီးလေး ရက်. .

လိုချင်သူတွေ ဝိုင်းနေတဲ့ ပန်းကလေးမို့ ရက်ကိုတော့ သူ အရယူမှုဖြစ်မည်။ မင်္ဂလာကိစ္စတော့ အပျက်ခံလို့ ဘယ်နည်းနဲ့မှမဖြစ်။

နောင်ဖြစ်လာမည့်ကိစ္စတွေကို နောင်ခါလာ နောင်ခါရေးနဲ့ ဖြတ်ပစ်ရမည်။

သူ့ရဲ့သတို့သမီးလောင်းလေး. . ဒီအချိန်ဆို အိပ်များနေပြီလား။

မင်္ဂလာဆောင်ခါနီး အိပ်ရေးပျက်ရင် အလှပျက်သွားမလား ဆိုပြီး ဖုန်းဆက်ဖို့အရေး တွံ့နှေးနေသော ဦးဆောက်။

ဦးဆောက်တို့မှာ ရှိစုမဲ့စု ဟန်းဒ်ဖုန်းလေးတစ်လုံးရှိပါသည်။ အဲဒီဖုန်းကိုပဲ အဖေနှင့်သား တစ်လှည့်စီယူကိုင်နေရတာ. .

ဦးဆောက်သည် ဖုန်းကိုယူပြီး ဝရန်တာမှာ ထွက်ရပ်လိုက်တယ်ဆိုရင်ပဲ ဆောင်းဝင်ခါနီး လေအေးလေးတွေရဲ့အထိအတွေ့ကို ခံစားလိုက်ရသည်။ ဒီဆောင်းကျရင် ရက်နဲ့ အတူတူရှိနေတော့မှာပါလား. . .

ချမ်းလိုက်စမ်းပါ. . . တုန်နေအောင် ချမ်းလိုက်စမ်းပါ. . .

*ဆောင်းညမြာသိုစာလေ*

## မူပိုင်နှင့်ဆီ - ၂၉

ရက်ရဲ့ကိုယ်လုံးလှလှလေးကို တင်းနေအောင် ဖက်ပစ်လိုက်မှာပေါ့. . . ရက်ဆီက အမြဲရနေကျ ရေမွှေးနံ့ကလေးကိုလည်း သူစွဲနေပြီပဲ. . .

ရက်ကို သူ စတွေ့တာ မှတ်မှတ်ရရ ဩဂုတ်လ ဆယ့်နှစ်ရက်နေ့မှာ. . ဘာနေ့ ညာနေ့ တစ်ခုမှမဟုတ်တဲ့ ရိုးစင်းတဲ့နေ့လေးတစ်နေ့မှာ ရက်ကို Shopping Mallတစ်ခုမှာ စတွေ့ခဲ့တာ ဖြစ်သည်။

နာမည်ကြီးBrandတစ်ခုဖြစ်တဲ့ 'Heat Wave'ဖိနပ်ဆိုင်ထဲ ဝင်သွားသော ရက်အနောက်ကို သူ လိုက်သွားမိသည်။

ဘာမှန်းညာမှန်း မသိ ဝင်လိုက်သွားပြီးမှ "အစ်ကို ဘာယူမလို့လဲ"မေးတော့ သူပြန်မဖြေတတ်ခဲ့။ အဲဒီတုန်းက ရှက်ပြီး သူ့တစ်ကိုယ်လုံး ပူထူနေတာပဲ သိသည်။

ရက်မျက်နှာလေးမြင်ပြီး ငမ်းကြောထူမိသည့်သူ့မှာ မထူးတော့တတ်ခင်းပြီး သူ့ကောင်မလေးကို ဝယ်ပေးမလို Styleဖမ်းကာ ရက်ကို လက်ညှိုးထိုးပြလိုက်သည်။

အတူတူလာတယ် ထင်ပြီး ကောင်မလေးတွေ ဘာမှ ထပ်မမေးတော့။

ရက်က ဖိနပ်တစ်ရန်ကို သူ့ရှေ့မှာတင် ငါးသောင်းကျော်ပေးပြီး ဝယ်သွားကတည်းက သူ ဖျားသွားသည်။

*ဆောင်းညမြာသိုစာလေ*

www.burmeseclassic.com

www.burmeseclassic.com



ရက် ဘယ်လိုအသိုင်းအဝိုင်းက လာသလဲ. . ဆိုတာ အဲဒီမှာတင် မှန်းဆလို့ရသွားသည်။

ရက်က ဆွဲဆောင်မှု အားကောင်းတော့ ရက်နောက်ကို သူကောက်ကောက်ပါအောင် လိုက်နေမိသည်။

ရက်စီးသွားတဲ့ကားဆိုလည်း သူ့အိပ်မက်ထဲပင် ထည့်မမက်နိုင်သော ကားမျိုး. . ဒရိုင်ဘာက တံခါးလာဖွင့်ပေးမှ ကားပေါ်တက်သည့် ကောင်မလေး။

Taxi ငှားပြီး ရက်ရဲ့ကားနောက်က သူလိုက်ကြည့်မိသည်။ ရက်နေတဲ့အိမ်က ခြံဝင်းအကျယ်ကြီးထဲမှာ နန်းတော်တမျှ ကြီးကျယ်လေသည်။

ထိုစဉ်က မိုးနဲ့မြေပမာ ကွာခြားနေသောအခြေအနေအရပ်ရပ်ကြောင့် ရက်နဲ့သူ မဖြစ်နိုင်မှန်းသိပြီး နောက်ကြောင်းပြန်လှည့်ခဲ့သည်။

ရက်ကို သတိရတဲ့အချိန်၊ ရက်အကြောင်း တွေးနေတဲ့အချိန်မှာ ရက်ဆီက ဖုန်းခေါ်သံလေး မြည်လာသည်။

စိတ်ချင်းတိုက်ဆိုင်သည့်အတွက် ကျေနပ်သွားပြီး မျက်လုံးကို စုံမှိတ်ကာ

"အချစ်. . လေး. . ."





ဟု တိုးတိတ်ညင်သာစွာ ခေါ်ပစ်လိုက်သည်။

"ဘာတုန်း"

ဗုဒ္ဓေါ. .

ရက်များ အရှင်လတ်လတ်နဲ့ ဘဝပြောင်းသွားပြီလား. .

'ဘာတုန်း'လို့ ပြန်ထူးတဲ့အသံက ယောကျ်ားသံကြီး. .

ဘုရား ကယ်ပါ. . .

ဦးဆောက်ဆီက အသံထပ်ထွက်မလာတော့ တစ်ဘက်မှ

"ငါ့သမီးဖုန်းကို charging သွင်းပေးရင်း ဘယ်ကဖုန်းမှန်းမသိလို့ ငါနှိပ်ကြည့်လိုက်တာ"

ကောင်းပါလေ့ဗျာ. .

သူများအိပ်ချိန်မှန်း ဘာမှန်းမသိ။ သူဆက်ချင်တာနဲ့ ကောက်နှိပ်ပစ်လိုက်တဲ့လူကြီး။

"အန်ကယ်. . sorryနော်. . ကျွန်တော်က ရက် အောက်မေ့လို့ ပြောမိတာ"

"အခြေအနေ အချိန်အခါကို ကြည့်ပြီး၊ လေ့လာပြီးမှ ပြောရတယ်ကွ။ မင်းပြောပုံနဲ့ ညကြီးမိုးချုပ် ငါကျောတောင်ချမ်းတယ်"

"ဟုတ်ကဲ့. . . ဒီအချိန်က သမီးရည်းစားတွေ ဖုန်းပြောတဲ့အချိန်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါထင်သားပဲ. . ဒါပဲ. . ဒါပဲ"

ဒါပဲဆိုပြီး ဖုန်းချသွားတော့မှ ဦးဆောက်မှာ သက်ပြင်းချနိုင်တော့သည်။

တော်တော်လက်ဆော့တဲ့ ယောက္ခမကြီး။

ခံစားနေရတဲ့ ဖီးလ်တောင် ငုပ်တယ်။

♥



(၅)

ဦးဆောက် အိမ်မှာမရှိတုန်း ဦးတိုင်းလုံးကျော်က စိတ်ရှိလက်ရှိ လုပ်ချင်ရာ လုပ်နေသည်။

သူ ဘာလုပ်နေသလဲ သိလား။ Tom and Jerry ခွေကြည့်ပြီး အားရပါးရ ရယ်နေတာ။

ရယ်သာ ရယ်နေတာ. . ပါးစပ်ထဲမှာ ပေါက်ပေါက်တွေက အပြည့်။ ပလုတ်ပလောင်းစားပြီး စကားက ပြောသေးသည်။

"ဟား. . ဟား. . ဟား. . ဟား. . ဒီကြောင်လည်း ငါ့လိုပဲ နာဘူးကြီး၊ ကြည့်စမ်း. . ကြောင်မလေးအနားမှာပဲ ရစ်ဝဲ ရစ်ဝဲလုပ်နေတာ၊ ဟာ. . ထိပြီ. . သွားတွေ ပွဲကုန်ပြီ အလကားကောင် မလောက်လေးမလောက်စား ကြွက်စုတ်ကိုတောင် မနိုင်ဘူး၊ အမယ်. . အမယ် ဆိုကြောင်မကလည်း ပဲပေးနေလိုက်တာ. . ငါထပြီး ပိတ်ကန်လိုက်ရ"



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်တည်း တော်ကီတွေ ပွားနေတုန်း စားပွဲပေါ်မှာ တင်ထားတဲ့ သားအဖနှစ်ဦးပိုင် ဖုန်းက ထပြီး မြည်လာသည်။

ဦးတိုင်းလုံးကျော်ရဲ့ဖုန်းမြည်သံက တစ်မျိုး။

"ဒါနဆန်ပါရှင်. . ကျန်းမာပါစေ ချမ်းသာပါစေ"

သီလရှင်တွေ ဆွမ်းဆန်အလှူခံတဲ့အသံကိုထည့်ထားပြီး တစ်ခါတလေ သူ့ဖုန်းသံကို သူ မမှတ်မိဘဲ အပြင်မှာ သီလရှင်တွေ ရောက်နေတယ်အောက်မေ့ပြီး "ကန်တော့ပါသေးရဲ့"ဟု ထအော်တတ်သည်။

အဆက်မပြတ်မြည်နေတဲ့အသံကြားမှ ဖုန်းမြည်မှန်း သိပြီး ကိုင်တော်မူသည်။

"မောင်"

ဗုဒ္ဓေါ. . . မောင်. . တဲ့။

ကျောတောင် ချမ်းတယ်။ သူ့နားများ အကြားမှားလို့လား. . ထပ်ပြီး နားထောင်ကြည့်သည်။

"မောင်. . နားထောင်နေတယ် မဟုတ်လား"

ယောက္ခမလောင်းကိုများ မောင်. . တဲ့။ ငရဲတော့ ကြီးတော့မှာပဲ. .

ခုနေခါ လူမှားနေတယ်လို့ ပြောပြန်ရင်လည်း ကောင်မလေး ခမျာ ရှက်သွားမှာ။

*ဆောင်း ညဖြာ သို့စာပေ*



ဘာလုပ်ရမှန်း မသိတော့ ပါးစပ်ပိတ်ပြီး နားထောင်နေမိသည်။

"မနေ့တုန်းက မောင် ဆိုးတယ်နော်. . ညာတာပါတေးနဲ့ သူများပါးကို နမ်းသွားတယ်"

တော်တော် ခြေသွက်လက်သွက်နိုင်တဲ့သားပါလား. . ဒါမျိုးတွ အဖေတောင် သင်ပေးစရာမလိုဘူး။

"မောင်. . ရက်ကို ချစ်လား. . . မေးနေတယ်လေ. . . ချစ်လားလို့"

ဦးတိုင်းလုံးကျော်လည်း ယောင်ပြီး

"အင်း"

ဟု ဖြေမိသည်။ အသံထွက်လိုက်ရင် သိသွားမှာစိုးလို့။

"ဘာ. . အင်းလဲ. . ချစ်ရင် ချစ်တယ်လို့ ပြောရဲရမှာပေ့ါ. . ကွန်း. . ရည်းစားစာပေးပြီးမှ ချစ်ရဲတဲ့လူကြီး. . သတ္တိလည်း မရှိဘူး၊ ရက်ကို ချစ်တယ်လို့ပြောရင် ဖုန်းထဲကနေ မောင့်ကို အနမ်းဆယ်ခါ ပေးမယ်. . ဘယ်လိုလဲ"

အောင်မယ်လေးဗျာ။ ဘုရားကယ်တော်မူပါ။

ဦးဆောက်ဆိုတဲ့အကောင် ကိုယ့်ကိစ္စ ကိုယ်ရှင်းတာမဟုတ်ဘူး ဖုန်းကို ထားခဲ့လို့ ပြဿနာအကြီးအကျယ်တက်ပြီ။

*ဆောင်း ညဖြာ သို့စာပေ*

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . မပြောရဲဘူး မဟုတ်လား . . အဟင်း . . ဟင်း . . မောင်ရှက်သွားတာ ရက် သိပါတယ်။ ဟိုနေ့က မောင့်ဖားသားကြီး ဖုန်းဆက်သေးတယ် . . ဒယ်ဒီနဲ့သူနဲ့ ဆင်တူဝတ်ရမလားဆိုတာ လှမ်းမေးတာတဲ့ . . တော်တော်ကြောင်တာပဲနော် . . မောင့်အဖေက တစ်ခါ တလေကျရင် တစ်မျိုးပဲ . . ဒယ်ဒီကတောင် အူကြောင်ကြားလို့ ပြော နေသေးတယ် သိလား . ."

ကြည့်စမ်း . . ကြည့်စမ်း . . ငါ့သောက်တင်းကို တုပ်နေလိုက်ကြတာ။ ဒင်းတို့နှစ်ယောက်က ဖုန်းပြောရင် ဒီလိုပဲ ငါ့မကောင်းကြောင်းတွေ ပြောနေကြလား မသိဘူး။

စိတ်ဆိုးပြီး ဖုန်းပါ ပိတ်ပစ်လိုက်သည်။ မှတ်ကရော့ . .

တော်တော်ချစ်ဖို့ကောင်းတဲ့ ခွေးမလေးလောင်း။

ငါ့မှာတော့ အတိုးတွေပေးပြီး ငွေတွေချေးထားရတာ လည်ပင်းတောင် နစ်တော့မယ်။ သူလည်း သူ့အဖေလိုပဲ လာမယ်နဲ့တူတယ်။ ကြီးပြီးကျယ်တဲ့အမျိုးတွေ . . ခင်ကြီးကျယ်ပဲ နေမှာ . .

♥



(၆)

"မောင်ဦးဆောက်နှင့် မဇဝရက်မြင့်မိုရ်တို့၏မင်္ဂလာပွဲ"

ဦးထိပ်ခေါင်ဗညား ဖိတ်ကြားထားသော အထက်တန်းလွှာ သော် ဆန်းစားသောလူတွေ 'Sedona Hotel'သို့ အလျှိုလျှို ရောက် လာကြသည်။

သတို့သမီး ဘယ်လိုနေသလဲဆိုတာ မသိပေမဲ့ သတို့သမီး အဖေကတော့ တစ်ကိုယ်လုံး ဖိတ်ဖိတ်လက်နေသည်။

လွှန်းရာကျော်ချိတ် ရွှေဖလားရောင်နှင့် နံ့သာရောင်တိုက်ပုံ အကျီဝတ်ပြီး ညှော့ခံနေသည်။

"ဟော . . အန်တီဂရေ့စ် လာပြီ . . ဦးထွန်းလွင်ပါ ပါလာတာ ဦး . . ကျေးဇူးတင်တယ်ဗျာ . . သမီးရဲ့မင်္ဂလာပွဲတော့ ကျက်သရေရှိ သွားပြီး အဓိပ္ပာယ်ရှိသွားပြီ . . တကယ်ပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ချင်ရာဝတ်ပြီး လာခဲ့မည်ဆိုသော ဦးတိုင်းလုံးကျော်က Alter ရှပ်မှာ နက်ခ်တိုင်စည်းပြီး စတိုင်ဘောင်းဘီဝတ်ပြီး မင်္ဂလာပွဲကြွလာသည်။

ဦးထိပ်ခေါင်ဗညားက လူကြီးလူကောင်းတွေကို ဧည့်ခံနေ သလို ဦးတိုင်းလုံးကျော်ကလည်း မင်္ဂလာပွဲလာတဲ့ သူ့ဘော်ဒါတွေကို အာပေါင်အာရင်းသန်သန်ဖြင့် အော် အော်ပြီး နှုတ်ဆက်လေသည်။

"ဟေ့ကောင် အေပေး. . အခုမှ လာရသလားကွ. . ဘယ် မယားငယ်အိမ်က ထလာတာလဲ"

ဧည့်သည်တွေကို နှုတ်ဆက်နေတဲ့ ဦးထိပ်ခေါင်၏မျက်နှာ ပျက်သွားပြီး ဦးတိုင်းလုံးကျော်ကို မျက်မှောင်ကြုံ့၍ကြည့်သည်။

ထိုအကြည့်မှာ အထင်သေးသည့်သဘောပါသည်။

"ဟာ. . မမကြီး. . ကိုယ်တိုင်ကြွလာတာကိုး၊ အတိုင်းမသိ ဝမ်းသာတယ်ဗျာ"

ဦးတိုင်းလုံးကျော်လည်း သူ့ဧည့်သည်ကို နှုတ်ဆက်ပြန်သည်။

"ဟိုင်း. . ဘိုကြည်. . How do you do? ယူ ဒူးမနာ အိုင် ဒူးနာ. . ဟဲ... ဟဲ"

နှုတ်ဆက်တဲ့ပုံ၊ လေယူလေသိမ်း အမူအရာ အစစအရာရာ opposite ဖြစ်နေသော သူတို့နှစ်ယောက်ကို ဧည့်သည်တွေက ကွယ်





ကြည့် ကွက်ကြည့်လုပ်နေကြသည်။ ဦးထိပ်ခေါင်က သူ့ကို တမင်သက်သက် လိုက်ကလိနေတယ်ထင်ပြီး ဧည့်သည်တွေကို အသံကျယ်ကျယ်ဖြင့် နှုတ်မဆက်ရဲတော့။

ဦးတိုင်းလုံးကျော်က လက်ဖွဲ့ငွေလက်ခံနေသော ကောင်မလေးတွေအနား ပြေးကြည့်လိုက်. . ပြန်လာလိုက်. . ဧည့်သည်တွေကို ဧည့်ခံလိုက် လုပ်နေသည်။

ဧည့်သည်တစ်ယောက်က အော်ကြီးဟစ်ကျယ်ဖြင့်

"ဟာ. . . တိုင်းလုံး. . . ဒီဗိုက်းကတော့ လန်ထွက်နေတာပဲဆော့"

အဲဒါကို ဦးတိုင်းလုံးကျော်က တဟားဟားအော်ရယ်ရင်း ပြန်ပြောပုံက အတာကြီးတစ်ခွဲသားနဲ့. . .

"လန်ဆိုကွာ. . ဒါ. . ဘယ်လိုပြောရမလဲဆိုတော့ ကိုယ် US သွားတုန်းက ဝယ်လာတာလေ. . ကိုယ့်အကြောင်းလည်း သယ်ရင်းသိသားပဲ. . branded မှကြိုက်တာ"

ကြားရ. . ကြားရ. . နားဝမှာ မချမ်းသာလိုက်တာ. .

ဦးထိပ်ခေါင်က နှုတ်ခမ်းတစ်ဘက်ကို တွန့်ကွေးသွားအောင် ရွဲ့စောင်းရင်း မကြည်ကြည့်ဖြင့် ဘုရှုံ့ရှုံ့နေသည်။

ဝတ်လာတာက ဆယ်ကျော်သက်ဒီဇိုင်း. . . ကလေးလေးလား



www.burmeseclassic.com

www.burmeseclassic.com



နဲ့ . . ဒီအဆင်လောက်ကတော့ ကြည့်မြင်တိုင်ညဈေးမှာ ဝယ်လည်း ရတာပဲ . .

ကြီးကြီးကျယ်ကျယ်လေလုံးထွားပြီး USက ဝယ်လာသလေး ဘာလေး . . အလကား ကြွား . .

ထိုစဉ် ဦးထိပ်ခေါင်၏ပါတနာတစ်ယောက် ရောက်လာပြီး

"ဟေး . . ကိုယ့်လူ လန်းလှချည်လား"

ဟု နှုတ်ဆက်သည်။ သူကလည်း နိုပ်ကွပ်ချင်နေတာနဲ့ ကွက်တိ ဝင်ပြီး

"ကျုပ်က သုံးသိန်းတန်လောက် ချိတ်ပုဆိုးလေး လှမ်းမှာ ပါတယ် . . အမရပူရကိုလေ . . သူများတွေလို နိုင်ငံခြားကို အထင်ကြီး တဲ့အမျိုး မဟုတ်ဘူး . . ပြည်တွင်းဖြစ်ကိုပဲ အားပေးမယ်ဆိုပြီး မှာက မှပဲ ဒီပုဆိုးကို ငါးသိန်းကျော်ပေးလိုက်ရတယ်လေ"

ဦးတိုင်းလုံးကျော်ကလည်း ဝင်ပြီး သမသည်။

"ခင်ဗျားလည်း ချိတ်ဝတ်တာပဲနော် . . ကိုယ်တို့လို ကလေး အထာ နဲ့နေစမ်းပါဗျာ . . အခု ခင်ဗျားပုံစံက အိုကြီးအိုမရုပ်ပေါက်နေ ပြီ . . ရုပ်မရှိတဲ့သူတွေသာ အဝတ်အစားအားကိုးနေရတာ"

"တောက်"

ဦးထိပ်ခေါင်က တောက်တစ်ချက်ကို ခပ်ပြင်းစွာ ခေါက်လိုက်





သည်။ ထိုအချိန်တွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မည့် မမလှလှ လေးက -

"သတို့သား သတို့သမီးထွက်ဖို့ အချိန်ကျပြီ၊ မိဘတွေ ဘေး ထိုင်နေမယ်"

"ဟာ . . . ဘာလဲဟ . . မိဘတွေ နေရာယူရမှာ မဟုတ်ဘူး လား . . ."

ဦးတိုင်းလုံးကျော်က အံ့ဩနေပေမယ့် ဦးထိပ်ခေါင်ဗညားက ပြုံးပြုံး ပြုံးပြုံးဖြင့် -

"ဒါ ငါလုပ်တာ"

ဟု ဂုဏ်ယူဝင့်ကြွားစွာ ဖြေလေသည်။ သိပ်မကြာခင်မှာပဲ ဦးဆောက် ဆိုတဲ့ သတို့သားက အနောက်တိုင်းဝတ်စုံအဖြူရောင်ကို ခန့်ညားစွာ ဝတ်ထားပြီး၊ သတို့သမီးက ကျောပြောင် ရင်ဟိုက်ဂါဝန် အတို ဇာအဖြူရောင်ကို ခေတ်မီစွာ ဝတ်စားထားပြီး မင်္ဂလာခန်းမအဝင် တွင် ရပ်လာကြသည်။

သူတို့အရှေ့မှာတော့ ကိုရီးယားမင်းသားပုံစံ model ကောင် လေး လေးယောက် အစဉ်အတိုင်း ရပ်နေကြသည်။

သူ့ကိုဘေးဖယ်ခံလိုက်ရသဖြင့် မိုင်ကုန်တင်းနေသော ဦးတိုင်း လုံးကျော်သည် မင်္ဂလာအခါတော်ပေးသီချင်းသံအစား DJတော်ဆော်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့မြူးကြွသွက်လက်လွန်းသော တီးလုံးသံများ ထွက်လာသဖြင့် လန့်ဖျပ်ပြီး ဦးထိပ်ခေါင်ကို ကြည့်မိသည်။

အမယ်. . ဒင်းရုပ်က စပ်ဖြီးဖြီးနဲ့ သဘောတွေကျလို့. .

ဒီထက်ပိုဆိုးတာက model ကောင်လေးတွေ ခန်းမထဲကိုကပြီး ဝင်သွားကြသည်။

သူ့ရဲ့သားဖြစ်သူ ဦးဆောက်နဲ့ ချွေးမလောင်း ရက်ကလည်းအားကျမခံ အပီရိုက်ပြီး ဝင်လိုက်သွားလေရဲ့. . .

ခန်းမထဲရှိလူတွေထံမှ လက်ခုပ်သံတွေ လျှံပြီး ထွက်လာကြသည်။

လက်ခေါက်မှုတ်သံ ရှီ. . ရှီက ပါသေး။

ဗုဒ္ဓေါ. . ဘာမင်္ဂလာပွဲပါလိမ့်။

အသက်သာ လေးဆယ်ကျော်လာတယ်၊ ဒီလိုမင်္ဂလာဆောင်မျိုး တစ်ခါမှမမြင်ဖူးဘူး. . ဘုရားစူး။

ပြီးတော့. . ခုဟာက သူမျှားပွဲလည်း မဟုတ်။ ကိုယ့်ရဲ့သားအရင်းခေါက်ခေါက်ကြီး။

ဟို. . ထိပ်ခေါင်ဗညား. . ဆိုတဲ့လူကလည်း ခေါင်းကလေးတရမ်းရမ်း ဖင်ကလေးတခါခါနဲ့ ကြည့်ရတာ သူပါ ကပြီး ဝင်လိုက်ချင်နေတဲ့ပုံ။

ဆောင်းညပြာ သိုစာပေ



နေပါ. . သူတို့ကြည့်ရတာ အကျိုးမရှိဘူး။ လက်ဖွဲ့ငွေစာရင်းသွားကြည့်တာကမှ အတိုးဖိုးကျေဦးမယ်. .

ဦးတိုင်းလုံးကျော်က လက်ဖွဲ့ငွေ လက်ခံနေသော ကောင်မလေး အနားကို သကာဒိုးထဲ ပြုတ်ကျထားသောမျက်နှာဖြင့် ချဉ်းကပ်ပြီး -

“သမီး. . လက်ဖွဲ့ငွေအားလုံး ဘယ်လောက်ရသလဲဟင်”

“ဆိုးတော့ မဆိုးပါဘူး ဦးရဲ့. . . ဆယ်သိန်းကျော်လောက်တော့ ရှိမယ်”

“ဘာ. . ဘာ. . ပြောတယ်၊ ဒီလောက် ဒိတ်ဒိတ်ကျဲအသိုင်းအဝိုင်းကလူတွေ လာတာ. . ငွေဆယ်သိန်းကျော်ပဲ ရတယ်. . ဟုတ်လား. . ပြန်ပြီး ပေါင်းကြည့်ပါဦး သမီးရယ် သုညတွေ လိုနေဦးမယ်”

“မမှားပါဘူး ဦးရယ်. . သူဌေးတွေက ပိုပြီး စေးကုတ်တာဦး သိသားနဲ့. . အထဲမှာ ငါးထောင်တန်လေးတစ်ရွက် နှစ်ရွက်အပြင် ပိုထည့်လာတာ တစ်ယောက်မှမရှိဘူး”

သွားပြီ. .

ခဲလေသမျှ သဲရေကျပြီပေါ့။

အချိုကြီးရမည်ဟု တွေးပြီး. . အတိုးတွေ အောတိုက်ပေးကာချေးယူခဲ့တဲ့ငွေတွေ ဘယ်နည်းဘယ်ပုံနဲ့ ပြန်ဆပ်ရပါ့. . .

ဆောင်းညပြာ သိုစာပေ

www.burmeseclassic.com

မရတာနဲ့စာရင် ရသလောက် ယူသွားပြီး ကြည့်ရှင်းရုံပေါ့. . မင်္ဂလာဆောင်စရိတ်ကတင် သိန်းရာချီနေတဲ့ ဥစ္စာ။

"အဲဒီငွေတွေ ဦးပဲ သိမ်းသွားပေးမယ် သမီး. . အိတ်တစ်လုံးနဲ့ထည့်ပေးလိုက်"

"မဖြစ်ဘူးထင်တယ်နော်. . ဦး၊ သတို့သမီးအဖေက သူသိမ်းမယ်လို့ ပြောထားလို့"

"အောင်မာ. . မင်္ဂလာဆောင်စရိတ်ကို ငါက အကုန်အကျခံထားရတာ၊ သူက အချောင်ဝင်သိမ်းချင်လို့ ရမလား"

"ရတာပေါ့ကွာ. . သိပ်ရတာပေါ့။ မင်း အကုန်အကျခံသလို ငါကလည်း သမီးတစ်ယောက်လုံး အလကားပေးထားရတာလေ. . ဒီတော့ ဒီငွေတွေ ငါပဲ သိမ်းမယ်"

သူသိမ်းမယ်၊ ငါသိမ်းမယ်နှင့် ပွဲက တစ်စထက်တစ်စ ပိုပြီး ကြမ်းလာသည်။

နောက်ဆုံးတော့ သမီးရှင်ဖြစ်တဲ့ ဦးထိပ်ခေါင်ဗညားက ဗီတို အာဏာသုံးပြီး(အမှန်က ဗလအားကိုးနဲ့) ရှိသမျှ အကုန်သိမ်းသွားပါလေရော. .

မတ်တတ်ရပ်ပြီး ထိုင်ငိုချင်စိတ်ပေါက်သွားသူက ဦးတိုင်းလုံးကျော်ပင်။





နောက်ဆုံးမှာတော့ ပွဲသိမ်းလို့ အိမ်အပြန် ဘာမှမကျန်ဆိုသလို လက်ဖွဲ့ငွေတွေရော. . လက်ဖွဲ့ပစ္စည်းကြီးကြီးကအစ သေးသေးအဆုံး အကုန်လုံးကို ဦးထိပ်ခေါင်က ဆာလာအိတ်အကြီးကြီးတွေနဲ့ သူ့အိမ်သို့ သယ်ချသွားသည်။

သူပေးခဲ့တာဆိုလို့ ပြန်သွားရောင်းလို့မရတော့တဲ့ သူ့ရဲ့ရွှေသမီး၊ ငွေသမီး(ဟုတ်တယ်. . ရှိသမျှ ရွှေတွေရော၊ ငွေတွေပါ အကုန်ထွက်ကုန်လို့ ခေါ်တာ)ဝေရက်မြင့်မိုရ်ပဲလေ။

သားတော်မောင်က သူ့ရဲ့ချစ်ဒုက္ခလေးနဲ့ ပျော်မဆုံး မော်ဆုံးဆိုတော့ အဖေ့ရဲ့ကြွေးဒုက္ခကို မြင်မိပုံပင် မပေါ်။

မျက်စပစ်ပြလည်း မမြင်. . မျက်ရိပ်ပြလည်း လှည့်မကြည့်နဲ့ကြာတော့ မျက်ကြောတွေဆွဲချင်လာသည်။

ဦးဆောက်က ရက်ရဲ့လက်ကို ဆွဲပြီး သူငှားပေးထားသောလင်ခရူဆာကားကြီးပေါ် ခန့်ခန့်ညားညားကြီး တက်သွားလေပြီ။ ပွဲလာပရိသတ်တွေက အားကျကြလေရဲ့. . ချီးမွမ်းကြလေရဲ့။

"လိုက်ဖက်ညီလိုက်တာများဟယ်. . နတ်ဖက်တဲ့ စုံတွဲပါပဲ. . နှစ်ဘက်စလုံးကလည်း ကျိကျိတက်ချမ်းသာကြတာ. . အခုစီးသွားတဲ့ကားက သတို့သားဘက်က လက်ဖွဲ့တာတဲ့. . အမယ်လေး. . သံလွင်ခင်းကခြံနဲ့တိုက်နဲ့လည်း ပါတယ်ဆိုပဲ"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"အားကျလိုက်တာဟယ်"

အားမကျကြပါနဲ့. . ဒါတွေ အကုန်လုံး အငှားကားတွေဟု ပြောပစ်လိုက်ချင်သည်။

လူတွေကလည်း ခက်ပ့ါ. . ဘာမှန်းညာမှန်းမသိ၊ မျက်စိရှေ့မှာ မြင်တယ်ဆိုရင်ပဲ ဖွတ်ယုံပစ်လိုက်ရော. . အမြင်နဲ့ဆုံးဖြတ်ကြတာလေ. . ဒါမျိုးကျ မျက်မမြင်တွေက သာသွားပြန်ရော. .

ရွှေဖလားရောင် ချိတ်ကြီး တကားကားနဲ့ သတို့သမီးအဖေတိုင်းလုံးကျော်ရဲ့ချဉ်ဖတ်ကြီး ထွက်လာတော်မူချေပြီ။

သူ့ဒရိုင်ဘာက ခါးညွှတ် ဖင်ကုန်းပြီး 2009 Model Mark II ကားတံခါးကို ဖွင့်ပေးလေသည်။ ဦးထိပ်ခေါင်က ကားပေါ်တက်သွားပြီး ကားနံဘေးမှာရပ်နေသည့် သူ့ကိုတော့ လိုက်မလားဟု တစ်ခွန်းမမေး။

နောက်ဆုံးမှာတော့ ပွဲသိမ်းလို့ အိမ်ပြန် Taxi ကားနဲ့ဆိုသလို 'Sedona Hotel'မှ အိမ်သို့ ကားခ သုံးထောင်ပေးလိုက်ရလေသည်။

ထိုမင်္ဂလာပွဲကြီးကို အစမှအဆုံးထိ ရင်သပ်ရှုမောစွာ၊ စိတ်ဝင်စားစွာ လာကြည့်နေသူတစ်ယောက်ရှိလေသည်။

သူကတော့ ပွဲစားမ လော်ရယ်မိုးမြင့်သဇင်. . .

♥



(၇)

## သံလွင်လမ်းနေအိမ်

ဦးဆောက်က ကားပေါ်မှဆင်းပြီး ရက် ဆင်းဖို့ တံခါးဖွင့်ပေးလိုက်သည်။

ထိုအချိန်ထိ ခြံတံခါးက မဖွင့်သေး. .

ခြံရှေ့မှာ လူနှစ်ယောက်က ဟိုဘက်တစ်ယောက်၊ ဒီဘက်တစ်ယောက် ရပ်နေတာဆိုတော့ ရက်က

"မောင်. . ခဲဖိုးတောင်းတာ နေမှာပေါ့"

ဟု တိုးတိုးလေးကပ်ပြီး ပြောလေသည်။ ဦးဆောက်က

"ကဲ. . ခင်ဗျားတို့က ခဲဖိုးဘယ်လောက်လိုချင်လို့လဲ"

"သိန်းငါးဆယ်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ တော်တော်လောဘကြီးတာပဲ. . ညှိညှိနှိုင်းနှိုင်းလေး ပြောမှပေါ့"

"ဟုတ်တယ်. . သိန်းငါးဆယ်မရရင် တံခါးဖွင့်မပေးရဘူးလို့ ဒီခြံပိုင်ရှင်က မှာလိုက်တယ်"

"ဘာ. . ဘာတွေလဲ. . ဒီခြံက မောင့်ဖေဖေဝယ်ပေးထားတာ မဟုတ်ဘူးလား"

ကြာကြာနေရင် အလိမ်တွေ ပေါ်ကုန်တော့မည်မို့ ဦးဆောက်က သူ့အဖေဆီ ဖုန်းဆက်ပြီး ခေါ်သည်။

"အဖေလား. . ဒီမှာ တံခါးဖွင့်မပေးဘူးဗျ. . သိန်းငါးဆယ် ပေးမှတဲ့. . အဲဒါ အဖေ လာရှင်းပေးဦး"

"ဟုတ်တယ်. . အစက ငါစီစဉ်ထားတာ စရံပဲ ပေးပြီး ကျန်တာ မင်းလက်ဖွဲ့ငွေထဲက ယူပြီးပေးမလို့ ခြံငှားခက တစ်လ ဆယ့်ငါး သိန်းတဲ့. . ခက်တာက မင်းယောက္ခထီးကြီးက ရတဲ့ငွေတွေ အကုန် မ,သွားပြီ"

"ဟာ. . ဒါဆို ဘယ်လိုဆက်လုပ်မလဲ. . ဒီမှာ ရက်လည်း အိမ်ထဲ မဝင်ရသေးဘူး"

"သူတို့ကို ဖုန်းခဏပေးလိုက်"

ဦးဆောက်က ထိုသူ့ဆီ ဖုန်းထိုးပေးလိုက်သည်။





"ရော့. . အဖေနဲ့ပြောလိုက်"

ထိုသူက

"ဟုတ်ကဲ့ ပြောပါ. . ကျွန်တော်က သူဌေးရဲ့မန်နေဂျင်းဒါရိုက်တာပါ. . MD ပေါ့ဗျာ"

ခေက်ကျိုးနည်းပေါ်ချက်။ မန်နေဂျာကိုများ MD ဖြစ်အောင် ပြောတဲ့သူ။ ရက်တောင် မအောင့်နိုင်တော့ အသံထွက်အောင် ရယ်မိသည်။

ဦးတိုင်းလုံးကျော်က

"တံခါးဖွင့်ပေးလိုက်ဗျာ. . တစ်နာရီအတွင်း အဲဒီငွေ ကျုပ်ဆာပေးမယ်"

"သေချာလား"

"အသေအချာပဲ. . ကျုပ်သားကို ဖုန်းခဏပြန်ပေး"

ဦးဆောက်က ဖုန်းနားထောင်သည့်အခါ

"ဒီမယ်. . သား. . ဘာမှမစိုးရိမ်နဲ့တော့. . အခု သူက မင်းမိန်းမဖြစ်နေပြီ. . ကျန်တာ ကိစ္စမရှိတော့ဘူး သိလား"

"ဖြစ်ပါ့မလား အဖေ"

"ဖြစ်တယ်. . တစ်နာရီအတွင်း အဖေ ကြံဖန်လိုက်ဦးမယ်"

ဦးဆောက်မှာသာ ရင်တမမဖြင့်. .



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူနှစ်ယောက်က ခြံတံခါးကို ဖွင့်ပေးလိုက်သည်။

'ရက်'က အံ့ဩသွားကာ

"မောင့်အဖေက သူတို့တောင်းတဲ့ငွေကို တကယ်ပေးမယ်. . ဟုတ်လား. . မမျှားလွန်းဘူးလားဟင်. ."

"ပေးမယ်လို့တော့ ပြောတာပဲ"

'ရက်'က ဘာမှဆက်မပြောတော့။

သူတို့ အိမ်ထဲရောက်ပြီး သိပ်မကြာခင် ဦးထိပ်ခေါင်၏ကား ခြံထဲသို့ ဝင်လာလေသည်။

သူ့သမီးရဲ့နေရေးထိုင်ရေး အဆင်ပြေအောင် အိမ်ဖော်မလေးနှစ်ယောက် လာပို့ပေးခြင်းဖြစ်သည်။

"ဒယ်. . ဒီ. ."

"သမီး. . ဒီညတော့ ငါ့သမီးကိုလွမ်းလို့ ဒယ်ဒီ အိပ်ပျော်မှာ မဟုတ်တော့ဘူး သိလား"

"ဒါဆို ဒီမှာလာအိပ်ပေါ့ ဒယ်ဒီရဲ့"

"ဩော်. . ငါ့သမီးက ခုထက်ထိ ကလေးလိုတွေးလို့ကောင်းတုန်းပဲကိုး။ ကဲ. . ဟောဒီနှစ်ယောက်မှာ တစ်ယောက်က ထမင်းချက် နောက်တစ်ယောက်က အိမ်သန့်ရှင်းရေးလုပ်ပေးမှာ"

သန့်ရှင်းရေးလုပ်မည့်တစ်ယောက်က အသွက်စား။





ဝတ်ထားတာကလည်း စတော်ကင်နှင့် ဘာနှင့် အကျအန။ ပြီးတော့ -

"လာ. . အစ်ကိုလေး. . ထ"

ဆိုပြီး ဦးဆောက်ကို အတင်းဆွဲခေါ်သည်။

"ဟဲ့. . ညည်းက ငါ့ယောက်ျားကို ဘာဖြစ်လို့ဆွဲခေါ်နေတာတုန်း"

"သန့်ရှင်းရေးလုပ်ပေးမလို့"

ဘုရား. . ဘုရား. . ကျော့ချမ်းစရာပါလား. . .

ဦးထိပ်ခေါင်က ကောင်မလေးခေါင်းကို ခေါင်ခနဲမြည်အောင် ခေါက်ရင်း

"နင့်ကို အိမ်သန့်ရှင်းရေးလုပ်ခိုင်းတာ. . လူကိုလုပ်ခိုင်းတာ မဟုတ်ဘူး"

"သိဘူးလေ. . မီးက အရင် ဆေးရုံမှာလုပ်ဖူးလို့ အကျင့်ပါသွားတာ"

ခြံထဲသို့ ကားတွေ တစ်စီးပြီးတစ်စီး ဝင်လာကြသည်။

"ကားတွေ များလှချည်လား. . ဘယ်သူ့ကားတွေလဲ. . သမီး သူငယ်ချင်းတွေလား. ."

"မဟုတ်ဘူး ဒယ်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုပင် လူတွေ အုပ်စုလိုက် အိမ်ထဲသို့ ဝင်လာ
ကြသည်။ ဦးထိပ်ခေါင်က

"ဘာကိစ္စရှိလို့လဲဗျ"

"အကြွေးလာတောင်းတာ"

"ဗျာ. . ဘာ. . ဘာအကြွေးလဲ"

"တိုင်းလုံးကျော် ဘယ်မလဲ"

ဦးဆောက်က ခဏနေ လာတော့မှာဟု ဝင်ဖြေသည်။

ဦးထိပ်ခေါင်က

"ကိစ္စရှိရင် ကျွန်တော့်ကိုပြောလို့ရပါတယ်. . ကျွန်တော်က
သူနဲ့ ခမည်းခမက်တော်ပါတယ်"

လူတစ်ယောက်က

"လွန်ခဲ့တဲ့နှစ်လက သူ ယူထားတဲ့ ငွေနှစ်ဆယ်တိုးနဲ့ အတိုး
လာမပေးလို့"

နောက်ထပ် မိန်းမတစ်ယောက်ကလည်း

"ကျွန်မလည်း သုံးဆယ်တိုးနဲ့ချေးထားတာ တစ်လပဲဆိုပြီး. .
အတိုးရော အရင်းပါ ပြန်မရလို့"

"အမယ်လေး ရှင်ပဲလား. . ကျွန်မလည်း ဆယ့်ငါးကျပ်တိုးနဲ့
ချေးလိုက်တာ"





တစ်ယောက်တစ်ပေါက် ပွစိထအောင် ပြောနေသမျှ ဦးထိပ်
ခေါင်တို့ မျက်လုံးပြူးရချေပြီ။

အကြွေးရှင်က အားလုံးပေါင်း ဆယ်ယောက်။ ဦးဆောက်
ချော်နှာဆို ဆီးရှက်သာသာလောက်သာ ကျန်တော့သည်။

ကုလားမကြီးတစ်ယောက်က အိတ်ထဲမှ ဆီးသွားတဲ့အိုးကြီး
ကို ထုတ်ပြပြီး

"အဲဒီအကောင် ငါ့ဆီမှာ ဒါကြီး ထားသွားတယ်"

"ဘာကြီးလဲ"

"သိပေါမင်း နောက်ဆုံးဆီးသွားခဲ့တဲ့အိုးဆိုပဲ. . သူပြောတာ"

အဲဒီအိုးကို ဦးဆောက် ကောင်းကောင်းသိသည်။ အဘွား
ဆီးသွားတဲ့အိုးကြီး။

အဖေ့ကို စိတ်ဆိုးမိသလို သနားလည်း သနားမိသည်။ သူ့
ထွက်နဲ့ လျှောက်ပြီး ဒုက္ခခံထားတဲ့ဟာတွေ. .

"ဟော့ကောင် ဦးဆောက်"

ဦးထိပ်ခေါင်ဆီမှ အသံအကျယ်ကြီးထွက်လာလေသည်။

"ဗျာ. ."

"မဗျာနဲ့. . ဒီဖြံ ဒီကားတွေ အကုန်လုံးက ငှားထားတာတွေ
လား. . အမှန်အတိုင်းဖြေ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဆောက် ဆက်ပြီး မညာချင်တော့။ ခေါင်းညိတ်ပြလိုက် သည်။

"တောက်. . အရှက်မရှိ မျက်နှာပြောင်တဲ့ဟာတွေ. . ဝ မ ဘဲ ဝိလုပ်ချင်ကြတဲ့ ကလေကဝတွေ. . သမီး. . လာစမ်း. . ရေတိ မနစ်ခင် ဒယ်ဒီနဲ့ပြန်လိုက်ခဲ့"

ရက်က ဦးဆောက်မျက်နှာကို သနားစဖွယ်လေး ကြည့်လာ သည်။

"မလိုက်ဘူး ဒယ်ဒီ. . သမီး မောင်နဲ့ပဲ နေမယ်. . သူဘာ ဖြစ်နေဖြစ်နေ. . ခုချိန်မှာ သမီးက သူ့မိန်းမပဲ ဥစ္စာ"

ပြန်ခေါ်လို့မရမှန်းသိတော့ ဦးထိပ်ခေါင်က ဒေါသတွေကို ဝမ်းထဲမြိုချထားကာ လေသံပျော့ဖြင့်

"အေး. . . ဒယ်ဒီက သမီးတို့ကို တစ်သက်လုံး ခွဲထားမှာ မဟုတ်တာ. . သူ့အစွမ်းအစနဲ့ သူ့ဟာသူ လုပ်စားပစေပေါ့. . တစ် နေ့ သမီးကို သူတင့်တောင်းတင့်တယ်ထားနိုင်ရင် ပြန်လာခေါ်ပေါ့"

"ဦး. . တကယ်ပြောတာနော်"

"အေး. . မင်းသာ အဖြစ်ရှိအောင်လုပ်"

"ရက်ကို နောက်တစ်ယောက် မပေးစားပါဘူးလို့ ကတိပေး"

"ပေးတယ်ကွာ. . ပေးတယ်။ ကဲ. . လာ. . သမီး၊ သွားမယ်





ဒီမှာ ကြာကြာနေရင် ကြွေးပူမိလိမ့်မယ်. . သားအဖနှစ်ယောက်လုံး ဆစ်ကျိတ်တည်း တစ်ညာဏ်တည်းပဲ"

"ဒယ်ဒီက မတရားတောင်းဆိုတာကိုး. . သူတို့မှာ ရှိမှန်းမသိ မရှိမှန်း မသိ. . အဲဒါ ဒယ်ဒီ့ကြောင့်"

ရက်က သူ့အဖေကို အပြစ်တွေတင်ရင်း အဖေဆွဲခေါ်ရာ နောက် ပါသွားရှာပြီ။

"မောင်. . ကြိုးစားနော်"

ဒီနေ့မှ လက်ထပ်ထားတဲ့ သတို့သမီးလေးကို နှမြောတသစွာ ကြည့်ရင်း ကျန်ခဲ့သူက ဦးဆောက်. . .

မနှမြောဘဲ ရှိပါ့မလားဗျာ. . ဘာဆိုဘာမှ မဟိုဒင်းရသေးတဲ့ ကိုယ့်မိန်းမပဲ ဥစ္စာ. .

သူ့အနားမှာ အကြွေးရှင်တွေက ပတ်လည်ဝိုင်းလို့. .

"ခဏလေးစောင့်ပါဗျာ. . အဖေ လာတော့မှာပါ"

ပြောရင်းဆိုရင်း ဦးတိုင်းလုံးကျော်က Taxiတစ်စီးဖြင့် ပေါက် ချလာသည်။ သူ့လက်ထဲမှာ ဘယ်က သွားချေးလာမှန်းမသိသည့် ငွေ အိတ်ကြီးကိုင်လျက်သား. .

"အဖေ ဒီအိမ်အတွက် ငွေ ထပ်မပေးနဲ့တော့. . ဒီလူတွေ အတွက် အတိုးဖိုးတွေ ချေပေးလိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမိန်းမရော ဘာတွေဖြစ်ကုန်ပြီလဲ သား"

"အကုန်ပေါ်ကုန်လို့ သူ့အဖေက သမီးပြန်သိမ်းသွားပြီ"

ဦးဆောက်က ဝမ်းနည်းပက်လက် ပြန်ဖြေလေသည်။

"ဟာ. . ဒါဆို ငါရင်းနှီးခဲ့တဲ့ငွေတွေ သွားပြီပေါ့. . ဒီအဘိုး ကြီးကွာ. . မင်္ဂလာပွဲမလုပ်ခင် သူ့သမီး သူသိမ်းသွားတာ မဟုတ်ဘူး

အဖေပြောမယ်ဆိုလည်း ပြောစရာပင်။

ဦးထိပ်ခေါင်အကျယ်ချဲ့လွန်းသဖြင့် မင်္ဂလာဆောင်စရိတ်တွေ မနည်းကုန်ထားပြီးပြီ။

ထိုနေ့ညက မိန်းမ မရှိတဲ့ ဦးဆောက်ရဲ့ ဘတ်ချလာနိုက်ကို ဂုဏ်ပြုသောအားဖြင့် သားအဖနှစ်ယောက် စားသောက်ဆိုင်တွင် အောင်သောက်ကြသည်။

ဆိုတေးရဲ့သီချင်းလေးဆိုပြီး ဦးဆောက် မျက်ရည်တွေ လာသည်။

သီချင်းစာသားတွေက သူ့ခံစားချက်နှင့် ကွက်တိဝင်ပြီး တော့ ငိုပြီပေါ့. .

ဘတ်ချလာနိုက်မှာ ရမ်သောက်ပြီး(သောက်ချင်တာ ဝီ ပေါ့. . ပိုက်ဆံမရှိတော့လို့) အလွမ်းသီချင်းဆိုရလိမ့်မယ်လို့ လွန်ခဲ့ နှစ်ရက်က တွေးတောင် မတွေးမိပါဘူး. . ဘုရားစူး. . ခုတော့. .





"ဟီး. . ရက်ရေ. . မင်းကို မောင်လွမ်းတယ်. . အရမ်းလွမ်း တယ်ကွ. . မင်းမျက်လုံးလေးကိုလည်း လွမ်းတယ်. . မင်းရဲ့နှုတ်ခမ်း လေးကိုလည်း လွမ်းတယ်. . ကီရာနိုက်တလေနဲ့တူတဲ့ မင်းကိုယ်လုံး လေးကိုတော့ ဒီညမှာ အလွမ်းဆုံးပဲ"

သားလုပ်သမျှ ဘေးနားက ထိုင်ကြည့်နေတဲ့. . ဦးတိုင်းလုံး တော့က-

"ဟေ့ကောင်. . ဒါတော့ မင်း များသွားပြီ. . ဆင်ဆာထိလိမ့် မယ်. . လျှော့. . လျှော့. . နည်းနည်းတော့ လျှော့ဦး"

ဦးဆောက်က စီးကျလာတဲ့ နှပ်ချေးတွေကို တစ်ရှူးနဲ့သုတ်ရင်း

"ရွတ်. . အဖေ့မှာ ကိုယ်ချင်းစာစိတ်မရှိဘူးလား. . ဒီလိုည မှာ တစ်ကိုယ်တော် အထီးကျန်နေရတာ. . ကျွန်တော် ရယ်နိုင်ပါဦး မလား"

"ရယ်နိုင်တယ်. . ရယ်လို့ရအောင် ငါလုပ်ပေးမယ်. . မယုံရင် မင်း ငါနဲ့လောင်းမလား"

"တကယ်နော်. . ကျွန်တော် ရယ်အောင် တကယ်လုပ်ပေးရ မှာနော်. ."

"လုပ်ပေးမယ်ကွာ. . မင်း ရယ်ရင် ငါ့ကို ဘရန်ဒီ တစ်လုံး ဆေး. ."



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး. . အဖေက ဘယ်လိုလုပ်ပေးမှာလဲ ကျွန်တော် ငိုချင်နေတာနော်"

"Mr. Bean ပေးကြည့်မယ်ကွာ"

"တော်ပြီ၊ လူကိုများ ကလေးအောက်မေ့နေလား မသိဘူး"

"အေးနော်. . မင်းက ကလေးမှမဟုတ်တော့တာ. . ခုဆို. . တစ်ခုလပ်တောင် ဖြစ်သွားပြီ"

ဒီစကားကြားတော့ ဦးဆောက် ရေရေလည်လည်တင်းလာ သည်။ ဘယ့်နှယ်ဗျာ. . ဒီနေ့မှ မင်္ဂလာဆောင်ထားတဲ့သားကိုများ ရက် ရက်စက်စက် တစ်ခုလပ်တဲ့။

"အဖေနော်. . စကားကို ဆင်ဆင်ခြင်ခြင်ပြောပါ၊ ကျွန်တော် မိန်းမနဲ့ ကျွန်တော်နဲ့ အေးရာအေးကြောင်းပဲ. . ဂဏန်းငြိမ်ပြီးသား. . သူ့အဖေက စိတ်ဆိုးလို့ ခဏပြန်သိမ်းသွားတာ. . ဒါတွေအားလုံး အဖေ့ကြောင့်။ အဖေ လျှောက်လုပ်လို့ ခုလိုဖြစ်ရတာဗျ"

"အေးပေါ့လေ. . ခုတော့ အဖေ့ကြောင့်လို့ ပြောအားရှိသွား ပြီပေါ့. . ဒီမယ်. . သား၊ အမှန်က ငွေမက်လွန်းတဲ့ မင်းယောက္ခထီး ကြီးကြောင့် ဖြစ်ရတာ. . ငါသာ ခုနေ ထိပေါက်လို့ကတော့ ပိုက်ဆံ တွေကို ဆာလာအိတ်နဲ့အပြည့်ထည့်ပြီး. . မင်းယောက္ခထီးမျက်နှာကို ဖွတ်ပစ်မယ် သိလား"





ဦးတိုင်းလုံးကျော် အားရပါးရကြိမ်းပြီးနောက်မှာတော့ သား သူကို မျက်နှာချိုသွေးကာ

"သား. . မင်းကောင်မလေးကို အရမ်းလွမ်းနေရင် message ကြည့်ပါလား. . ဒါဆို သူ့ဆီက ထူးခြားတာ တစ်ခုခုရှိရင် သိရတာ . . ဒါမှမဟုတ် မင်းတို့နှစ်ယောက် ပြန်ခိုးပြေးကြကွာ"

ဦးဆောက်မျက်နှာမှာ ပြုံးရိပ်လေး သန်းလာပြီး

"ဟာ. . ဟုတ်သားပဲ. . အဖေပြောမှပဲ သတိရတော့တယ်. . ဆီ ဖုန်းဆက်လို့ရနေသားနဲ့၊ အဖေ. . ထဗျာ. . အိမ်ပြန်ရအောင် ရောက်မှ အေးအေးဆေးဆေးပြောရမယ်"

လိုက်လည်းလိုက်တဲ့ သားအဖ. . . နှစ်ယောက်စလုံး ဒယီး ငြိမ်ဖြင့် သူ့ငါတိုက်၊ ငါ့သူတိုက်ဖြင့် လျှောက်နေကြသည်။

"ခွပ်. ."

"အား. . ခွေးမသား. . ငါ့ခေါင်းကို မတိုက်နဲ့ကွ"

"အဖေလည်း ကျွန်တော့်ခြေထောက်ကို မနင်းနဲ့လေ"

"ငါသိပြီ. . သိပြီကွ၊လာ. . ငါက မင်းခါးကိုဖက်ထားမယ်၊မင်း ပခုံးကိုဖက်၊ အဲ. . ဟုတ်ပြီ၊ ပြီးရင် ရှေ့ကိုပြိုင်တူလှမ်းမယ်၊ ကဲ. . လား ဒါဆိုမတိုက်တော့ဘူး၊ ဝိုး. . တိုင်းလုံးကျော်ကွ ဟားဟား"

♥



www.burmeseclassic.com

www.burmeseclassic.com



ဆရာ ဒေါသထွက်နေမှန်းသိတော့ တစ်အိမ်လုံး ငြိမ်ကုပ်နေကြသည်။

မီးဖိုခန်းထဲမှာထိုင်ပြီး ငိုက်နေသော ဒေါ်ကြည်ရှေ့ကို ဦးထိ ခေါင်းပေါင်း ရောက်လာပြီး ဖုန်းတစ်လုံးလာပေးကာ

"ဒေါ်ကြည် . . ဒီနေ့ကစပြီး ဒီဖုန်းကို ခင်ဗျားကိုင်လိုက်တော့ နေဦး . . ဒီဖုန်းက ရက်ရဲ့ဖုန်းဆိုတော့ ဟိုကောင်တွေ အချိန်မရွေး ဆက်လာနိုင်တယ် . . သူတို့ဘာပြောပြော ခင်ဗျားက နားထောင်ပြီး ကျုပ်ကိုအကုန်ပြန်ပြောရမယ် . . နားလည်တယ်နော်"

ဒေါ်ကြည်က ပျာပျာသလဲဖြင့်

"ဟုတ် . . .ဟုတ်ကဲ့ပါ ဆရာ"

"ဟိုမှာ ဟိုတစ်ယောက် ကောက်ကွေးတော်မူနေတယ် . . တစ်ခုခု သွားကျွေးလိုက်ဦး"

"စိတ်ချ ဆရာ . . သူ မစားမချင်း ကျွန်မ တစ်ခုပြီးတစ်ခုလဲ ကျွေးမှာ"

ဒေါ်ကြည်တို့ တယ်လီဖုန်းတန်ခိုးနဲ့ မြူးနေသည်။ ချက်ချင်း ပင် ထိုင်ရာမှ ထကာ အေပရွန်ကြိုးဝတ်ပြီး ရက်အတွက် စားစရာစီစ တော့သည်။

ရက်က မြိတ်ကတ်ကြေးကိုက်ကြော်ကို အသေကြိုက်တာ





တော့ ဒေါ်ကြည်က ချဉ်ငံစပ်လေးဖြစ်အောင် ပုစွန်နဲ့ဘဲဥများများရော ပြီး ကြော်လေသည်။ ရခါနီးပြီဆိုတော့မှ တရုတ်နံနံနဲ့ကြက်သွန်မြိတ်ကို အုပ်လိုက်သည်။

ပြီးတော့ ပန်းကန်ပြားထဲ ခပ်ထည့်ပြီး တူတစ်စုံတပ်ကာ ရက် အခန်းထဲ ဒေါ်ကြည်ဝင်သွားသည်။

"သမီးလေး ရက် . . ကြည်ကြည် ကတ်ကြေးကိုက်ကြော်လာ တယ်။ ပူတုန်းစားလိုက်ပါလားကွယ် . ."

"ရက် ဘာမှစားချင်စိတ်မရှိဘူး . . ပြန်ယူသွားပါ ကြည်ကြည် ရယ်"

ရက်က ငယ်ငယ်လေးကတည်းက ဒေါ်ကြည်ကို ကြည်ကြည် လို့ပဲ ခေါ်သည်။

"သမီးလေး ဒီလိုနေတော့ ကြည်ကြည်တို့ ဘယ်စိတ်ကောင်း မလဲ သမီးရယ် . . နည်းနည်းဖြစ်ဖြစ် စားလိုက်နော် သမီး"

ရက်က တရှုံ့ရှုံ့ငိုပြီး ဈေးဆစ်သည်။

"သူနဲ့အဆက်အသွယ်လုပ်ပေးရင် စားမယ် ကြည်ကြည်"

ဒေါ်ကြည်က အထိတ်တလန့်ဖြင့်

"ဒါတော့ မလုပ်ပါနဲ့ သမီးရယ် . . တော်ကြာ ဆရာက သိတ် ဆိုးပြီး ကြည်ကြည့်ကို အလုပ်ဖြုတ်နေပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မစားဘူး ပြန်ယူသွား"

ရက်တို့ စပြီး ရစ်လေပြီ။

ဒေါ်ကြည်က ကတ်ကြေးကိုက်ပန်းကန်သိမ်းပြီး တပ်ဆုတ်လာစဉ် အခန်းဝအရောက်မှာ ဦးထိပ်ခေါင်နှင့်တည့်တည့်တိုးသည်။

"ဒါက ဘာလဲ"

"ကတ်ကြေးကိုက်ပါ ဆရာ. . မစားဘူးတဲ့"

"အဲဒီတော့"

"ယူသွားပြီး ကျွန်မတို့ စားလိုက်မယ်လေ"

"မစားနဲ့. . ခေါက်သုံးမကျတဲ့ဟာတွေ. . ရက် မစားဘဲနဲ့ နင်တို့လည်း ဘာမှမစားရဘူး ကြားလား"

"ဟုတ်. . . ဟုတ်ကဲ့ပါ ဆရာ. . နောက်တစ်မျိုး သွားလုပ်လိုက်ဦးမယ်"

ဒေါ်ကြည်က ဦးထိပ်ခေါင် ရှေ့မှ တစ်ချိုးတည်းလစ်ဖို့ ပြင်သည်။

"နေဦး. . ဒီတစ်ခါ ဥရောပအစားအစာ လုပ်ပေးလိုက်. . . သူကြိုက်တဲ့ ဆာလာမီလုပ်ခဲ့"

ဒေါ်ကြည်ထွက်သွားတော့ ဦးထိပ်ခေါင်က သမီးအခန်းရှေ့မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း





"လင်တရူးမ. . . ကိုယ့်ကိုယ်ကိုများ ညှဉ်းဆဲပြီး အငတ်ခံရတယ်လို့. . ဘယ်နှရက် မစားဘဲ နေနိုင်မလဲလို့ ကြည့်ကြသေးတာပေါ့"

ထိုနေရာတွင် မြန်မာကားများ၌အပြများသော(quick motion) ပြကွက်မျိုးဖြင့် ဒေါ်ကြည်ခမျာ စားစရာဗန်းလေးကိုင်ပြီး ရက်အခန်းထဲ ဝင်သွားလိုက်. . ပြန်ထွက်လာလိုက်. . ပြန်ဝင်သွားလိုက်နှင့် ချာလည်ချာလည်လိုက်နေသည်။

ဘာမှမစားတော့ ဦးထိပ်ခေါင်က တင်းလာကာ

"ကဲ. . ဒေါ်ကြည်ရေ. . သူ မစားတာတွေ အားလုံးယူလာခဲ့ ငါစားမယ်"

ထိုနေ့က ရက် ဘာမှမစားတော့ ဒေါ်ကြည်တို့ မြစိန်တို့လည်း ဘာမှမစားရရှာ။

မြစိန်က

"ဒေါ်ဒေါ်ကြည်. . ကျွန်မဗိုက်ထဲမှာ အူတွေ မုန့်ကြိုးလိမ်ဖြစ်နေပြီထင်တယ်"

ဒီကြားထဲ ဆာမိက တစ်မျိုး. .

"မြစိန်. . နင့်အူက မုန့်ကြိုးလိမ်ပဲ ဖြစ်တာ. . ငါ့အူတွေဆို သောဒီ ငါးဆံပင်မွှေးတွေလို ခွေကောက်နေလောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ပေါက်တတ်ကရတွေ လာပြောနေတော့ ဒေါ်ကြည်က စိတ်တိုလာကာ

"အေး. . အဲဒါဆို. . နင်တို့ဗိုက်ထဲက အခွေအကောက်တွေ မုန့်ကြိုးလိမ်တွေ လဲပြီး စားကြဟေ့. . ဒီမှာ ဗိုက်ဆာရတဲ့အထဲ ဘာတွေလာပြောနေမှန်းကို မသိဘူး"

မြစိန်က

"နေဦး. . ဒီဗိုက်ဆာတဲ့ပြဿနာကို ဒေါ်ဒေါ်ကြည်ရဲ့ဖုန်း ဖြေရှင်းရမယ်. . ဟဲ. . ဟဲ. . ဟုတ်တယ်နော်. . . ဒီအချိန်ဆို ဆ လည်း အိပ်လောက်ပြီ"

ဆာမိက ရှုံ့ကာမဲ့ကာဖြင့်

"အေး. . သူအိပ်သွားလို့ ပိုဆိုးနေတာ၊ ခါတိုင်းဆို သူ မတွေ့လည်း ဘာအရေးလဲ. . ငါ့ဘာသာငါ လမ်းထိပ်မှာ ထွက်ဝယ်စားပေါ့. . ဒီနေ့ကျမှ ခြံသော့ရော အိမ်သော့ပါ အကုန်ခတ်ပြီး သိမ်းသွားတာဟ. . ဒါနဲ့ မြစိန်. . နင်ပြောတာ ငါသဘောမပေါက်ဘူး၊ ဗိုက်ဆာတာနဲ့ ဖုန်းနဲ့ ဘာဆိုင်လို့လဲ"

"ဒီအတိုင်း ထိုင်နေရင် ဗိုက်က ပိုဆာလာမှာပေါ့. . မြစိန်မှာ မဂ္ဂဇင်းတွေထဲက ကူးထားတဲ့ မင်းသား မင်းသမီး မော်ဒယ်( တွေရဲ့ဖုန်းနံပါတ်တွေ ရှိတယ်လေ. . သူတို့နဲ့စကားပြောမလားလို့"





"ဟား. . မိုက်တယ်ကွာ. . မြစိန်. . နင်နော် လူက အသေးသေး. . နင့်ခေါင်းက အကြီးကြီးထွက်တယ်နော်. . ငါလည်း ဆက်မယ်နော်. . ငါလေ ဒီတစ်သက် ငါကြိုက်တဲ့ မိုးယုစံရဲ့အသံလေး ကြားရရင် သေပျော်ပါပြီဟာ"

ဒေါ်ကြည်ကလည်း ခပ်ကဲကဲပင်. .

"ဟဲ့. . ဒီဖုန်းက ငါ အပိုင်ရထားတာ. . ငါလည်း ဆက်မှာပေါ့"

"ဒေါ်ကြည်က ဘယ်သူ့ဆီဆက်မှာတုန်း"

ဆာမိက မေးတော့ ဒေါ်ကြည်က ခေါင်းကို ဆတ်ခနဲ မော့ . .

"နေ. . . တိုး. . . "

ဆာမိက ပယ်ပယ်နယ်နယ်ကြီးကို ရယ်ပါတော့သည်။

"ဟား. . ဟား. . ဟား. . အဟက်. . သူ့အသက် သူ့အရွယ်အားမနာ၊ နေတိုးဆီ ဆက်ဦးမတဲ့. . ရယ်ရတယ်. . အဟားဟား"

"ဟဲ့. . နင့်လို ကပ္ပလီက အဖေခေါ်ရမယ့် မီးသွေးခဲတောင် ယုစံဆီ ဆက်ဦးမှာဆိုတော့ ငါလည်း တစ်ပြားမှမလျှော့ဘူး မှတ်ထား"

မြစိန်က ဒေါ်ကြည်လက်ထဲမှဖုန်းကို လုယူလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ဒီအထဲမှာ ကျွန်မက အငယ်ဆုံးဆိုတော့ အရင် ဈေး ဦးဖောက်လိုက်မယ်နော်. . အောင်ရဲလင်းဆီ အရင်ဆက်ရင် ကောင်း မလား၊ ဆိုတေးဆီ အရင်ဆက်ရင် ကောင်းမလား၊ တော်ကြာ သူတို့ က ကျွန်မကိုတွေ့ချင်တယ်ဆိုပြီး ဟိုချိန်းဒီချိန်းလုပ်နေရင် ခက်ဦးမယ် နော်"

ဆာမိက ခပ်တည်တည်ပင်

"ချိန်းတာတော့ ချိန်းကိုချိန်းမှာ သေချာတယ် မြစိန်ရ"

"ဦလေးဆာမိ အကြားအမြင်များရနေလို့လားဟင်"

"သူတို့နောက်မှာ အဝတ်လိုက်ခေါက်ပေးဖို့ နင့်ကို ခေါ်မှာ ငါပြောတာ မှတ်ထား"

မြစိန်ကလည်း ခပ်ကဲကဲပင်။ ဆာမိကို သူက သီချင်းလေး တောင် ညည်းပြလိုက်သေး. .

♫ မောင်သွားရာ. . ဖဝါးထပ်မျှ လိုက်မယ်ယုံ ♫

"ကဲ. . မယ်မင်းကြီးမ ဆက်မှာဖြင့်လည်း မြန်မြန်ဆက်. . နင် ပြီး ငါတို့အလှည့်နော်"

သူ့ဟာသူ နှစ်တန်းအောင်လား မအောင်လား သေချာမသိ တဲ့ မြစိန်က အောင်ရဲလင်းဆီဆက်ဖို့ ဖုန်းနံပါတ်ကို ကြိုးစားပမ်းစား နှိပ်လေသည်။





နှိပ်လို့လည်း ပြီးရော. . ဖုန်းက တန်းပြီးဝင်သွားလေသည်။ (နိုင်ငံကျော်မင်းသားတစ်ယောက်ရဲ့ဖုန်းက လိုင်းအရမ်းကောင်းနေရင် တောင် busy ဖြစ်နေရမှာလေ)

မြစိန်ကတော့ သူ နံပါတ်မှားနှိပ်မိတာကို မသိဘဲ မေးလိုက် ပုံက ဝမ်းသာအားရ

"ဟယ်လို. . အခုပြောနေတာ အောင်ရဲလင်းလား"

တစ်ဖက်မှ ဆောင့်ဆောင့်အောင့်အောင့်ဖြင့်

"ဒါ အောင်ရဲလင်းဖုန်း မဟုတ်ဘူး. . ဖုန်းမှားနေတယ်. . ဆပ်မဆက်နဲ့နော်"

"ဒါဆို ဒါဘယ်သူ့ဖုန်းလဲဟင်"

မြစိန်တို့က လျှာလေးရှည်လိုက်ရမှ

"Oasis စားသောက်ဆိုင်ရောက်နေတာဟေ့"

စားသောက်ဆိုင်ဆိုပဲ. . ဗိုက်ဆာနေတာဆိုတော့

"ခဏနော် ဦးလေး. . ဖုန်းမချနဲ့ဦး၊ ကျွန်မတို့ ဟင်းမှာမလို့"

"သမီးရယ်. . စောစောက ပြောတာ မဟုတ်ဘူး. . ပြော. . ပြော. . ဘာဟင်းမှာ မှာလဲ"

လေသံက ချက်ချင်းကို ပြောင်းသွားတာ။

မြစိန်က ဒေါ်ကြည်နှင့်ဆာမိကို လှမ်းမေးသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ဘာဟင်းစားမလဲ"

ဒေါ်ကြည်က သစ္စာရှိလူယုံတော်ပီပီ

"ငါတို့ကို သူ့သမီးမစားဘဲနဲ့ ဘာမှမစားရဘူးလို့ ပြောထားတယ်လေ. ."

ဆာမိက ပညာရှိဦးနှောက်ကြီးဖြင့်

"ဒါက သူ့အိမ်က ထမင်းဟင်းကို ပြောတာလေ. . အခု ကျွန်တော်တို့က ဆိုင်ကဟာ မှာစားတာပဲ"

"အေးလေ. . ဒါဆိုလည်း ကြာဆံကြော်သုံးပွဲမှာလိုက်ပေါ့"

မြစိန်က ကြာဆံကြော်သုံးပွဲကို လူတတ်ကြီးလုပ်ပြီး မှာလေသည်။

လေးဆယ့်ငါးမိနစ်လောက်ကြာတော့ သူမှာထားတဲ့ ကြာဆံကြော်တွေ ကောင်လေးတစ်ယောက်က လာပို့ပါသည်။

မြစိန်က အပြေးအလွှားလာယူရင်း

"ဘယ်လောက်ကျလဲဟင်"

"အားလုံးပေါင်း ကိုးထောင်ကျတယ်"

"ရှင့်ဟာက များလှချေလား. . ကြာဆံကြော်လေးသုံးပွဲကို"

မြစိန်ကြောင့် လာပို့တဲ့ကောင်လေး တိုင်ပတ်နေရပြီ။

ဒေါ်ကြည်ကပါ ဝင်ပြီး





"အမယ်လေး. . ဒီကြာဆံကြော်လောက်တော့ ငါလည်း ကြော်တတ်ပါတယ်. . ဘာမှမကုန်ပါဘူး"

"ကားခထည့်ပေါင်းထားလို့ပါ အန်တီရယ်. . ဒီနေရာကို မြို့ထဲကနေ လာပို့ရတာလေ"

"ကဲ. . မြစိန်. . မယ်မင်းကြီးမ. . ညည်းဆက်ဆော့တာနဲ့ ငါတို့တော့ ကုန်ဦးမယ်"

ဒေါ်ကြည်က ဗျစ်တောက်ဗျစ်တောက်ပြောပြီး ခွေးခံအိတ်ထဲမှ ပိုက်ဆံထုတ်ပေးလေသည်။ ပြီးတော့မှ ကြာဆံကြော်သုံးပွဲကို နှမြောပြီး အလှထိုင်ကြည့်နေသည်။

ဆာမိနဲ့မြစိန်တို့မှာတော့ မစားရ အညှော်ခံဘဝနဲ့ နံဘေးမှာ ထိုင်လို့။

ဆာမိက ခုနတုန်းက သူဖုန်းမဆက်ရသေးတာ သတိရသွားပြီး. .

"မြစိန်. . ငါ့ကို မိုးယုလေးဆီ ဖုန်းဆက်ပေးဟာ"

မြစိန်က ဒီတစ်ခါတော့ နံပါတ်မှန်အောင် သုံးကြိမ်လောက် တိုးစားလိုက်ရလေသည်။

ဖုန်းက လူကြီးမင်းနဲ့ လေးကြိမ်လောက် တိုးပြီးမှ ဝင်သွားတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်နေပြီ ဦးလေးဆာမိ"

ဆာမိကလည်း ဝမ်းသာအားရပင် မေးလိုက်ပုံက

"ဟယ်လိုး. . ခုပြောနေတာ ရုပ်ရှင်မင်းသမီး မိုးယုစံလား ဟင်"

တစ်ဖက်မှပြန်ဖြေသည်။

"မဟုတ်ပါဘူးရှင်"

"ဒါဖြင့်. . ခုပြောနေတာ သူ့အမေထင်တယ်. . ဟုတ်တယ် မဟုတ်လား၊ ဒါကြောင့် အသံလေးက ချိုနေတာ. . မိုးယုစံလိုပဲ အန်တီ လည်း ချောလားဟင်. . အန်တီ ဘာစားချင်လဲ ပြော. . . သားသား ပို့ပေးမယ်"

ဒေါ်ကြည်နဲ့မြစိန်ကတော့ ဆာမိပုံစံကိုကြည့်ပြီး ပြုံးစိစိနဲ့

"အမယ်လေး ကြည့်ဦး. . ကြည့်ဦး. . သူ့ရုပ်ကြီးနဲ့များ သားသားတဲ့. ."

"ဟုတ်ပါရဲ့. . သူတောင်မှ ဗိုက်ဟောင်းလောင်းနဲ့ဥစ္စာများ ဘာစားမလဲ ပို့ပေးမယ်ဆိုပဲ. . ရယ်ချင်လိုက်တာ"

ဆာမိတစ်ယောက် ပြောကောင်းကောင်းနဲ့ပြောနေတုန်း ဖုန်းထဲမှ ဆောင့်အောင့်ပြီးထွက်လာတဲ့ အသံကြောင့် ဆံပင်မွေးတောင် ထောင်ချင်သွားသည်။

ဆောင်းညပြာသိုစာလေ



"ဘာလာကြောင်နေတာလဲ. . ခုပြောနေတာ ဘယ်သူ ထင်နေလို့လဲ"

"သိဘူးလေ. . ဘယ်သူလဲ"

"ကျွန်မ မိုးယုစံအိမ်က အိမ်ဖော်. . ဒါပဲ"

ဟိုကတော့ 'ဂွပ်'ဆိုပြီး ဖုန်းချသွားပြီ။

'ကုလားမနိုင် ရခိုင်မဲ'ဆိုသလို ဆာမိက မြစိန်ကိုလှည့်ပြီး ပွမ်းသည်။

"နင် လုပ်လိုက်ရင် တလွဲချည်းပဲ. . တော်ပြီ. . ဒေါ်ကြည် သည်း နေတိုးဆီ မဆက်နဲ့တော့. . ဒီကောင်မက ငထောင်. . ဟင်း. . ဆင်း. ."

♥

ဆောင်းညပြာသိုစာလေ

www.burmeseclassic.com

www.burmeseclassic.com

(၈)

'လော်ရယ်'က လေးဆယ်ကျော်လို့ မထင်ရအောင် မျက်နှ
ကို အောက်ခံအထပ်ထပ်လိမ်းလေသည်။

Toner လိမ်းတယ်. . ပြီးတော့ နို့ရည်ထပ်တယ်. . ကိုး
ယားမလေးတွေလို ကြွေမိတ်ကပ်လေးဖြစ်သွားအောင် သောင်းကျေ
တန် တင်းစက္ကန့်မိတ်ကပ်ရည် လိမ်းလေရဲ့။

ပြီးတော့မှ Shenae ပေါင်ဒါမှုန့်ကို မျက်နှာအနှံ့ အားမန
တမ်းကို ဖို့တာ. . ဘေးကနေများ ရပ်ကြည့်နေရင် သူ့ပါး သူရိုက်နေ
သလား အောက်မေ့ရသည်။

ရှိုဒိုးကို dark brown လေးဖြစ်အောင် ချယ်ပြီးတော့ မျက်
ခုံးမွှေးဆွဲသည်။ မျက်တောင်တုက တပ်ရသေးသည်။ ခုခေတ်က မျက်
တောင်တုမှ မပါရင် လူရာမဝင်သလိုပဲ။





မျက်တောင်တုဆိုမှ တစ်လောလေးက ညည်ခံပွဲတစ်ခုမှာ မျက်
တောင်တုတစ်ဖက် ကျပျောက်သွားလို့ လိုက်ရှာရတာ အမော. .

ပြီးတော့မှ နှုတ်ခမ်းကို pink colour လေးဆိုးပြီး ရွှဲရွှဲလေး
စိုသွားအောင် lip glossလေးနဲ့ထပ်လိုက်သည်။ ပါးနှစ်ဖက်ကိုလည်း
ပန်းရောင် ပြေပြေကလေး ချယ်ရသေးသည်။

ကိုးရီးယားမတွေကို အားကျပြီး လိုက်ပြင်နေပေမယ့် ခန္ဓာ
ကိုယ်ကတော့ သူတို့လို slim လေးဖြစ်မနေတာက ခက်သည်။

လုံးကြီးပေါက်လှလို့ ပြောမလား၊ ရေဆေးငါးလို့ ပြောမလား
. . တစ်တုံးတစ်ခဲကြီးဆိုတော့လေ၊ ပြောချင်ရာပြောကြပါစေတော့. .

'ဝမ်းတွင်းအောင်သွယ်တော်' လို့ ပြောစမှတ် တွင်လောက်
အောင် သူမ အောင်သွယ်လုပ်ပေးခဲ့တဲ့ အတွဲပေါင်းက နည်းမှမနည်း
ပဲ။

ပွဲစားလုပ်လို့ ခွင်တည့်ရင် တည့်. . မတည့်ရင် လော်ရယ်တို့
က အောင်သွယ်လုပ်ပြီးသားပဲ. . အားအားယားယားမနေနိုင်ပေါင်။

ဟိုဘက်အိမ်က လူပျိုဒရိုင်ဘာတွေ့ရင် ဒီဘက်အိမ်က အိမ်
ဖော်က ပါပြီးသားပဲ။

သူ့အစွမ်းအစက မသေးလေတော့ သူ့အိမ်မှာ နေ့နေ့ညညည်း
ညံတားနေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



လော်ရယ်မိုးမြင့်သဇင်က စွင့်ကားနေသောတင်အလှကို
ပြီးပေါ်စေတဲ့ ကြိုးထိုးဇာအနက်ရောင် ခါးတင်လက်စကလေးကိုဝတ်
ပြီး မှန်ထဲမှာ ကိုယ်ကို တစ်ပတ်လှည့်ပြီး ကြည့်လိုက်သည်။

"လေးဆယ်ကျော်လို့ မထင်ရပါဘူး မသိရင် သုံးဆယ်ကျော်
ပေါ့"

တစ်ခါ မှန်နားကပ်ပြီး မျက်နှာကို ကြည့်သည်။

"မျက်စိဘေးမှာ နည်းနည်းများ တွန့်နေသလား မသိဘူး..
မိတ်ကပ်နဲ့ဖုံးဦးမှပါ"

သူ့ဟာသူလည်း မလုံ.. ဇရာက စကားပြောနေမှာကို
ကြောက်နေတာ။

သူများအတွက်သာစပ်ပေးနေရတယ် ကိုယ့်မှာက ယောကျ်ား
ရသေးတာ မဟုတ်။

အဲဒီအချိန်မှာပဲ ခင်မမဆီက ဖုန်းက ဝင်လာပါလေရော..

"ဟယ်လို.. လော်ရယ်မိုးမြင့်သဇင် ပြောနေပါတယ်"

"ဟဲ့.. ငါပါဟဲ့.."

"ပြော.. နင် ဒီအချိန် ငါ့ဆီဖုန်းဆက်ပုံထောက်တော့ တ
ခုခု ထူးပြီထင်တယ်"

"လော်ရယ်တို့တော့ နောက်ကောက်ကျသွားပြန်ပြီ"





"အရေးထဲ ရစ်နေပြန်ပြီ... ကိုးရိုးယားစီးရီးတွဲ လာမလုပ်
နဲ့.. ဆန့်ငင်ဆန့်ငင်ဖြစ်လွန်းလို့ ပြောစရာရှိ မြန်မြန်ပြော"

"ဟိုတစ်နေ့က ဦးထိပ်ခေါင်ဗညားရဲ့သမီး ဧဝရက်မြင့်မိုရ်ရဲ့
wedding ပြီးတော့ ဘာဖြစ်သွားတယ်ထင်လဲ"

"အရေးထဲဟယ်.. weddingပြီးတော့ ဘတ်ချလာနိုက်..
ပြီးတော့.. အဲ.. ပြီးတော့"

တစ်ဖက်က မမ တဟားဟားနဲ့ရယ်လို့ကို မဆုံးတော့..

"ဘတ်ချလာလည်း မနိုက်ရဘူး.. ဟိုဒင်းလည်း မပြုရဘူး..
အဘိုးကြီးက သမီးပြန်သိမ်းသွားလို့ဟေ့"

လော်ရယ်က အင်မတန်မှ အံ့သြသွားဟန်ဖြင့်

"ဟယ် အဲသလိုကြီးလား၊ကြည့်ရတာ ဒီလူကြီးမှာ ချစ်တတ်တဲ့
အသည်းနှလုံးမရှိဘူးနဲ့တူတယ် ဒါကြောင့် သူ ကိုယ်ချင်းမစာတတ်တာ"

'အေး.. ဘာကြောင့်လဲဆိုတာ ဘယ်သူမှမသိဘူး.. နင်က
အဲဒီခမည်းခမက် မဆုံးဖို့နှစ်ယောက်ကို အောင်သွယ်လုပ်ပြီး စပ်ဟပ်
ပေးဖို့ စိတ်ဝင်စားနေလို့ လှမ်းပြောပြတာ"

"Thank you သူငယ်ချင်း.. ဒီပုံဆို ဘိုးတော်တွေထက်
သူတို့သားနဲ့သမီးကို ပြန်ပြီး ဘေးတီးပေးရမယ်ထင်တယ်.. ပြောရင်း
နဲ့ ငါစိတ်ပါလာပြီဟဲ့.. လှုပ်ရှားလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချပြီးတော့ ဘယ်ကနေ စ,ရမလဲလို့ သူမ ဦးနှောက်ထဲမှာ အကွက်တွေ ရွှေ့နေသည်။

"ဟား. . ဟုတ်ပြီ၊ သူတို့အိမ်က အတွင်းလူဆီမှာ စပြီးစနည်းနာရမယ်"

"လော်ရယ်. . မိလော်ရယ်"

အောက်ထပ်မှ လော်ရယ်ရဲ့အုပ်ထိန်းသူဆိုလည်း ဟုတ်၊တ ဦးတည်းသော အဒေါ်ဆိုလည်းဟုတ်၊ အပျိုကြီးချင်းလည်းတူတဲ့ ဒေါ် ခင်သဇင်ရဲ့အသံက ဟိန်း၍ဆူ၍ အပေါ်ထပ်သို့ တက်လာလေသည်။

"လော်ရယ်. . ဒီမှာ အထူးအဆန်းတွေရောက်နေတယ်ဟေ့ မြန်မြန်ဆင်းလာကြည့်"

လော်ရယ် အောက်ရောက်လာတော့ ဧည့်ခန်းရှိ စားပွဲပေါ် တွင် ထုံးစံအတိုင်း ဓာတ်ပုံတွေ တစ်ပုံတစ်ပင်ရောက်လို့နေသည်။

"ဘာတွေတွေ့လို့ ဒီလောက်တောင် အသည်းအသန်အော် နေတာလဲ ဒေါ်လေးရယ်"

"ဒီမှာလေ. . နင်ကြည့်ပါလား"

ဒေါ်လေးက အနောက်တိုင်းဝတ်စုံဝတ်ပြီး နှုတ်ခမ်းမွှေးကား ကားကြီးနဲ့ ဓာတ်ပုံထဲမှပြုံးပြ. . အဲလေ. . ရယ်ပြနေသော ကုလားကြီး တစ်ယောက်၏ပုံကို ထောင်ပြပြီး ပြောသည်။





"ဒါများ ဘာခက်တာလိုက်လို့. . လော်ရယ်တို့ဆီမှာ လင်လိုချင်လို့ စာရင်းပေးထားတဲ့အထဲက ကုလားမတစ်ယောက်ကို ရှာထုတ်လိုက်ပေါ့"

လော်ရယ်က ဖြီးဖြီးရောပင် ခပ်ပေါ့ပေါ့ပြောလိုက်သည်။

"ပြောတော့ဖြင့် လွယ်လိုက်တာ. . ဒီကိစ္စက. . ဒီလောက် မလွယ်ဘူး မိလော်ရယ်ရဲ့. . သူလိုချင်တာက တရုတ်မ တဲ့. . ကဲ. . ညည်း ဘယ်လိုလုပ်မလဲ"

လော်ရယ်လည်း ဓာတ်ပုံနောက်မှာရေးထားတဲ့စာကို ပြုံးပြီး ကြည့်ကြည့်တော့

"အသက်-သုံးဆယ်၊ အွန်. . ဒီရုပ်ကြီးက သုံးဆယ်တဲ့၊ ဖြစ်နိုင်လားဟင် ဒေါ်လေး. ."

"၅၀ ပါ. . ငါ့အထင်တော့ ငါးဆယ်နားကပ်လောက်ပါပြီ"

"အလုပ်အကိုင်၊ အလုပ်အကိုင်က အဟောင်းဝယ်သည်တဲ့"

လော်ရယ်က တစ်ချက်စဉ်းစားဟန်ပြုပြီး

"ဟန်ကျတာပဲ။ ဒေါ်လေးရေ. . သူက အဟောင်းဝယ်တယ် တဲ့. . ဟိုဘက်က တစ်ခုလပ်စာရင်းစာအုပ်လေး ယူပေးစမ်းပါ"

ဒေါ်ခင်သဇင်က အနားမှာရှိသော မဂ္ဂဇင်းစာအုပ်ဖြင့် တူမ တော်ရဲ့လက်မောင်းကို ပိတ်ထုထုပြီး



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းစားပြီး စဉ်းစားဉာဏ်ကို မရှိဘူး . . တစ်ခုလပ်လို့တော့ နင့်ဆီလာပြီး အောင်သွယ်ခိုင်းမလားဟဲ့"

"သိဘူးလေ . . အဟောင်းဆိုတော့ စိတ်ဝင်စားမလားလို့ . . ဒီကိစ္စက အသေးအဖွဲ့ပါ . . လော်ရယ်တို့ လျော့ပေးလိုက်ရင် ဖြစ်သွားတာချည်းပဲ . . သိတယ် မဟုတ်လား . . လော်ရယ် မလျော့ပေးတာဆိုလို့ နှစ်မျိုးပဲ ရှိတယ်"

"ဘယ်သူတွေတုန်း"

အဲဒီ ဘယ်သူတွေတုန်း . . လို့ မေးတဲ့ လေသံကြီးက ဘယ်လောက်သိချင်နေသလဲ မသိ။

"ဘုန်းကြီးနဲ့သီလရှင်"

"ဟယ် . . ဒီကောင်မလေးတော့ ပြောကောင်းမှန်းမသိ မပြောကောင်းမှန်းမသိ . . ငရဲတော့ ကြီးတော့မှာပဲ"

"ဟုတ်တယ်လေ . . လော်ရယ် ဘာပြောလို့လဲ . . လုပ်ပေးလို့လည်း မရဘူးလို့"

"ပြောလေကဲလေ . . ငါ နားရင်းထ,အုပ်လိုက်ရ၊ လုပ်လို့ရရင်ညည်းက လုပ်ပေးဦးမယ်ပေါ့ . . တယ် . . ငါလေ"

"ဒေါ်လေး သဘောပေါက်တာ လွဲသွားပြီ၊ သာသနာ့ဘောင်ထဲက လူတွေက လောကီကိစ္စနဲ့ တခြားစီပါ ဒေါ်လေးရယ် . . အမှန်





က ကိုယ့်ကိုယ်ကို ကိုယ်ရည်သွေးချင်တာပါ . . လော်ရယ်လုပ်ပေးရင် ဘာမဆိုဖြစ်တယ်လို့ . . ဟဲ . . ဟဲ"

"ကြည့်စမ်း . . ကြည့်စမ်း . . ရယ်သံကြီးကိုက . . ငါ အသည်းယားလိုက်တာ . . မိန်းကလေးဖြစ်ပြီး ဘာအဟဲ . . ဟဲလဲ . . ဒါကြောင့်ညည်း လင်မရတာ"

"ဟင် . . ဘာမှလည်း မဆိုင်ဘူး . . ဒါဖြင့် ဒေါ်လေးက ငါးပိုးလေး ပြုံးလို့ လင်မရတာလား . . ဘဝတူချင်းများ လာပြီး ပြောနေတယ်"

"မကြိုက်ရင်လည်း မပြောတော့ပါဘူးတော် . . ငါ့တူမ အစွမ်းအစ ဘယ်လောက်ရှိသလဲဆိုတာ ကြည့်ရအောင် . . ရော့"

သူ့ဘက်လှည့်လာတော့ ဒေါ်လေးက ရှောင်ထွက်သွားပြီး ဓာတ်ပုံတစ်ထပ် ပေးလာသည်။

"လာပြန်ပြီ . . အခြောက်မကြီး . . အလှဖန်တီးရှင်မိတ်ကပ်တလှာမ . . လှည်းကူး . . တဲ့။ သူက ဘာလိုချင်တာလဲ . . မှန်းစမ်း . . အမယ်လေး . . ယောကျ်ားလိုချင်တာတဲ့ ဒေါ်လေးရေ၊ မြတ်စွာဘုရားတယ်တော်မူပါ"

ဒေါ်ခင်သဇင်က တွေ့ပြီလား ဟူသည့်အဓိပ္ပာယ်ဖြင့် ညစ်ကျယ်ကျယ်ပြုံးတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လော်ရယ်က တစ်ယောက်တည်း စကားတွေပြောနေသည်။

"သူက ယောကျ်ားလိုချင်တယ်. . ဟိုတစ်ယောက်ကလည်း သူ မလုပ်ကျွေးရရင်ပြီးရောဆိုပြီးအပ်ထားတယ်၊ တစ်ယောက်က အလု ဖန်တီးရှင်၊ နောက်တစ်ယောက်က အရုပ်ဆိုးတယ်ဆိုတော့ သူတို့နှစ် ယောက်ကိုတွဲပေးလိုက်ရင်. . ပွဲသိမ်း။ ဟုတ်တယ် အဲဒါကောင်းတယ်"

အတွေးပေါက်ပြီဆိုတာနှင့် ချက်ချင်းအကောင်အထည်ဖော် တတ်သောလော်ရယ်က သူ့ဝသီအတိုင်း ဖုန်းနံပါတ်တစ်ခုကို အသည်း အသန် ကောက်နှိပ်ပြီး

"ဟဲလို. . ကိုကြည်ဝေလား"

"ဟုတ်ကဲ့. . ကြည်ဝေ ပြောနေပါတယ်"

"ကျွန်မ လော်ရယ်ပါ"

"ဟာ. . တွေ့. . တွေ့ပြီလားဟင်"

သိပ်မလိုချင်ရှာဘူး။ လေသံကိုက. .

"ကျွန်မအထင် သူ့ဝင်ငွေက တစ်လ. . တစ်လကို ဆယ်ဂဏန်း အထက်မှာရှိမယ်ရှင့်"

"ပြော. . ပြောပါဦး"

"အသက်ကလည်း ငယ်တယ်. . ရုပ်ရည်လေးကလည်း မဆိုး ဘူး. . ကိုယ်လုံး. . ကိုယ်လုံးက. ."

ဆောင်း ညပြာ သိုစာပေ



"ဂလု"

'ဂလု'ဆိုတဲ့အသံကြီးကို ဖုန်းထဲကနေတောင် ကြားရသည်။

"ဘယ်က စပြောရင် ကောင်းမလဲ. . ရင်က စပြောမယ်နော် အခုလေ. . ခုခေတ်စားနေတဲ့ ဆီလီကွန်ယဉ်ကျေးမှုကို သိတယ်မဟုတ် လား. . ကျွန်မတို့ဆီက မင်းသမီးတွေ မော်ဒယ်(လ်)တွေမှာတောင် အကုန်အကျခံပြီး ပြုပြင်ထားကြတာလေ. . XXL size လေ သိတယ် မဟုတ်လား"

"ဟုတ်. . သိတယ်. . သိတယ်. ."

"အေး. . အဲဒါထက် မလျော့ဘူး"

"ဒါဆို ဘာလိုသေးလို့လဲဗျာ. . ဆွဲစိလိုက်တော့ပေါ့"

"ရှင် တကယ်ပြောနေတာလား"

"ဒါ နောက်စရာမှမဟုတ်တာ"

"ပွဲခက ထုံးစံအတိုင်းနော်"

"အိုကေ. . ပေးမယ်"

"ဒါဖြင့် ရှင်တို့ date လုပ်ကြတော့လေ. . ကျွန်မ သူ့ဖုန်း နံပါတ်ပေးလိုက်မယ်. . ဝ၉xxxxxx"

ကိုယ့်တာဝန်တော့ ကျေပြီ။ ကျန်တာက သူတို့အပိုင်း။

ဟုတ်တယ်. . အမြင်သွားဖို့တောင် နောက်ကျနေပြီ. .

ဆောင်း ညပြာ သိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟိုလူ ဦးထိပ်ခေါင်ဗညားက မုဆိုးဖိုဘဝနဲ့နေလာတာ ကြာ
ပြီဆိုတော့ ဘယ်လောက်တောင် အထီးကျန်နေလိုက်မလဲ. . သူနဲ့ဆို
ဘယ်လိုမိန်းမမျိုးနဲ့ သင့်တော်မလဲ။

အရေးထဲ ဖုန်းက မြည်လာပြန်ပြီ။

"ဟဲလို. . လော်ရယ် ပြောနေပါတယ်"

"ဒီမှာ. . ခင်ဗျားပေးစားတဲ့မိန်းမ ခင်ဗျား လာပြန်ခေါ်သွား"

"ဘာလဲ. . ဘာတွေ ပြောနေတာလဲ"

"ခုမှ မသိချင်ယောင်ဆောင်မနေနဲ့. . ဘယ့်နှယ်ဗျာ. . ဒီ
လောကြီးပတ်တဲ့မိန်းမမျိုး မတွေ့ဖူးပါဘူး. . အိပ်ရာက နေဖင်ထိုး
မှထတယ်. . ပြီးတော့ သွားမတိုက်ဘဲ မုန့်စားတယ်. . အာပုပ်စော်နံနံ
ကြီးနဲ့"

လော်ရယ်က ချက်ချင်းသိလိုက်သည်။ အဲဒါ ခင်မြင့်မြင့်တို့
ပြောနေတာ. .

"အမယ်လေး. . ခုတော့ ဒီစကားပြောပြီပေါ့. . အစကတော့
ရှင်ပဲ သူ့ကိုယ်သင်းနံ့လေးက ကြာညိုနံ့လေး သင်းတယ်ဆို. . မိန်း
ကောင်းအင်္ဂါရပ်နဲ့ညီတယ်ဆို. . "

"ပန်းနာရင်ကျပ်ရှိလို့တဲ့. . ရေလည်း သုံးရက်နေမှ တစ်ခါ
ချိုးတယ်"

ဆောင်းညပြာသိစာပေ



"ဘာဖြစ်လဲ. . မြန်မာပြည်မှာ ရေမချိုးလို့သေတဲ့မသာ မရှိ
ဘူး. . သေရင် ရေခဲတိုက်က ချိုးပေးလိမ့်မယ်"

ကဲ. . မှတ်ထား။ လိုချင်တုန်းကတော့ သူတို့ပဲ နားပူနားဆာ
လုပ်ပြီးတော့. .

"အဝတ်လည်း လျှော်ရမှာ ပျင်းလို့တဲ့. . ဝတ်ပြီးသား အဝတ်
တွေ ထိုးထိုးပြီး ပုံထားတာ"

"သူပျင်းရင် ရှင် လျှော်ပေးလိုက်ပေါ့"

"ခင်ဗျား မသိဘူးနော်. . ဒီထက် ပျင်းတာ ရှိသေးတယ်. .
အိမ်ရမှာလည်း ပျင်းတယ်တဲ့. . ညတိုင်း ကိုးရီးယားကားပဲ ထိုင်ကြည့်
နေတာ"

"ရှင်က နေရာတကာ လိုက်ပြီး အပြစ်ရှာနေတာကိုး. . . ဒီ
တော့ ဘယ်အဆင်ပြေမလဲ. . သူ့မျက်လုံးနဲ့သူ မအိပ်တာ ဘာဖြစ်သေး
လဲ"

"ခင်ဗျားနော်. . ခင်ဗျားက အပျိုကြီးဆိုတော့. . ဘယ်ကိုယ်
ချင်းစာတတ်မလဲ"

သူ့ဂုဏ်ပုဒ်ကို ထိခိုက်လာတော့ လော်ရယ်တို့ တင်းလာပြီ။

"ကဲ. . ကျွန်မ သွားစရာရှိသေးလို့ ဖုန်းချလိုက်တော့မယ်"

အောင်သွယ်လုပ်ရတာ ဒီတစ်ခုပဲ စိတ်ပျက်စရာ။

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



စပ်ပေးလိုက်လို့ ညားတော့ ညားကြပါရဲ့။ ပေါင်းကြည့်ပြီးမှ လာပြန်ထိုးအပ်တဲ့သူက ရှိသေး. .

ပစ္စည်းထုပ်တွေလိုပေါ့. . ပက်ကင် ဖွင့်ပြီးရင် ဘယ်ဆိုင်က ပြန်လဲပေးမှာလဲ. .

စားပြီး နားမလည်တဲ့ဟာတွေ. . .

♥



(၉)

'ရက်'သည် အိပ်ဆေးနှစ်လုံး သောက်အိပ်ပြီး နိုးလာတော့ စိတ်က သိပ်မကြည်ချင်။

ပြဿနာရှာမလို့ ဘယ်ဟာကို အစဆွဲထုတ်ရမလဲလို့ စဉ်းစားနေတုန်း အခန်းထဲကို ဦးထိပ်ခေါင် ဝင်လာသည်။

"သမီး. . မောနင်း"

ရက်က နှုတ်ခမ်းစူပြီး မျက်နှာကို တစ်ဘက်သို့ လှည့်သွားသည်။

ဦးထိပ်ခေါင်က ရက်နံဘေးမှာ ဝင်ထိုင်ပြီး စိတ်ရှည်လက်ရှည်ကို ချော့နေသည်။

"ဒယ်ဒီ့သမီးလေး ဘယ်သွားချင်လဲ. . ဘာလုပ်ချင်လဲ"

သမီးဖြစ်သူကလည်း ဖြေလိုက်တာ ပြတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဆောက်ဆီ သွားချင်တယ်၊ သူ့မိန်းမလုပ်ချင်တယ်"

"တော်စမ်း. . . ကျက်သရေ မရှိတဲ့ ဒီသားအဖအကြောင်း မပြောနဲ့. . ဒယ်ဒီ့စိတ်ကို သိတယ်နော်. . စိတ်ကောင်းဝင်လို့ မေး... တုန်း သေချာစဉ်းစား. . ဒီလိုလုပ်ရအောင် သမီးက ကိုးရိုးယားမင်း... သားတွေကို သဘောကျတယ်. . ဒယ်ဒီကလည်း ကိုးရိုးယားမင်းသမီး... တွေကို သိပ်ကြိုက်တာ. . တို့သားအဖနှစ်ယောက် ထိုးနဲ့ချိတ်ပြီး ကိုး... ရီးယားသွားရအောင် မကောင်းဘူးလား"

ဒီလိုအချိန်မှာ ဒီလိုစကားမျိုး ပြောရက်တယ် ဒယ်ဒီရယ်. . အမှန်ဆို သမီးနဲ့ဦးဆောက်က ဘာလီကျွန်းကို ဟန်းနီးမွန်းထွက်ချ... တာ. .

"ဟင့်အင်း. . သမီး ဘယ်မှမသွားချင်ဘူး. . သမီးကို ဖုန်းပြ... ပေးပါ ဒယ်ဒီ"

"အေး. . သမီးက ဖုန်းဆိုလို့. . ပြောရဦးမယ်. . တစ်နေ့... သမီးဖုန်းကို ဒယ်ဒီ ယူသွားပြီး ရေကူးဖို့သွားတာ ဖုန်းက ရေထဲပြု... ကျပြီး ဘာဖြစ်သွားမှန်းမသိဘူး"

ဇေရက်မြင့်မိုရ်ဆိုတာ ဦးထိပ်ခေါင်ဗညားရဲ့သမီးပဲလေ။နှ... ပေါင်း နှစ်ဆယ်ကျော် သူ့သမီးဘဝနဲ့နေလာတာ. . ရက်က သူ့အဖေ... ရဲ့လက်မနှစ်ချောင်းကို ဖြူးပြပြီး ကြည့်သည်။





အချင်းချင်းပွတ်နေတာမှပယ်ပယ်နယ်နယ်ကြီး။ မီးထွက်လာ...လားတောင် ထင်ရသည်။

ဒါဆို. . ဒယ်ဒီ လိမ်ပြောနေတာ။

ရက်က ကဏန်းမရတော့ လက်မချိုး ဆိုသလို တစ်မျိုးပူဆာ...ကြည့်ပြန်သည်။

"ဒါဆိုလည်း နေပါစေတော့ ဒယ်ဒီရယ်. . သမီး ပျင်းရင် game ဆော့ချင်လို့ Lap Topလေးတော့ ပေးပါနော်"

ဒီနေရာမှာ ဦးထိပ်ခေါင်တို့ ခံလိုက်ရပြီ။

သမီး စိတ်ပြေအောင် ဒါလေးတော့ လိုက်လျောသင့်တယ် ...င်ပြီး -

"အပြင်မထွက်ရင်ပြီးရော သမီးရယ်. . ဂိမ်းဆော့ချင်တာများ ...ကြိုက်သလောက် ဆော့စမ်း"

ဦးထိပ်ခေါင် ပြန်ထွက်သွားတာနှင့် ရက်တို့ လုပ်ငန်းစချေပြီ။ ...ွန်လိုင်းပေါ် မှာ ဦးဆောက်ကို ရှာသည်။ တွေ့ပါပြီ။

နောက်ပိုင်းရက်တွေမှာတော့ ဇေရက်မြင့်မိုရ်တစ်ယောက် ငြိမ်...ချက်သားကောင်းနေလေသည်။ ဦးဆောက်နဲ့တွေ့ဖို့ မပူဆာတော့သ...ို သူမဖုန်းလည်း ပြန်မတောင်းတော့ပါ။

အစားအသောက်လည်း အချိန်မှန်စားနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပဲ . . အောက်ထပ်က ထမင်းစားခန်းမှာ ဆင်းလာမစာ
ဘဲ သူ့အခန်းမှာသာ သူစားသည်။

ဦးထိပ်ခေါင်က ရေခဲသေတ္တာထဲမှ ရေဘူးလာယူစဉ် ဒေါ်
ကြည်က အစားအသောက်တွေပါတဲ့ ဗန်းလေးကိုကိုင်ပြီး ဖြတ်လျှော
အသွား

"ဟိတ် . . ဒါက ဘယ်သူ့အတွက်လဲ"

"ရက် ဗိုက်ဆာလို့တဲ့ ဆရာ"

"ဟေ . . ခုပဲ ညဆယ်နာရီထိုးနေပြီ . . သမီးက မအိပ်သေး
ဘူးလား . . နေပါဦး . . သူက ညစာကို ခုမှစားတာလား"

"စားပြီးပြီ ဆရာ . . ဒါက ဒုတိယအကြိမ်စားတာ . . ညဆ
နှစ်နာရီနောက်ပိုင်းဆို မြစိန်က ကော်ဖီဖျော်ပေးရတယ်"

"ဒီလိုဆို သမီးက တစ်နေ့ကို ဘယ်နှကြိမ်လောက် စား
တာတုန်း"

"မပြောတတ်တော့ဘူး ဆရာ . . ရက်က သူစိတ်ပါရင်
သလို စားနေတာပဲ"

မဟုတ်သေးပါဘူး . . ဒီကောင်မလေး ရူးမျှားသွားပြီလား

ဦးထိပ်ခေါင်က ရက်အခန်းနား ကပ်ပြီး အသာလေး န
ထောင်ကြည့်သည်။





"မောင်"

ဦးထိပ်ခေါင်က အခန်းထဲမှအသံကြောင့် ခေါင်းနပန်းကြီး
သွားသည်။

"ဗိုက်ဆာနေပြီလားဟင် . . ပါးစပ်ဟ . . ရက် ခွံ့ကျွေးမယ် . .
အား . . စားကောင်းလား"

"အရမ်းကောင်း . . အဲဒါကြောင့် ရက်ကို မောင်က စွဲနေတာ"

ဗုဒ္ဓေါ . . သမီးတစ်ယောက်တည်းနေတဲ့ အခန်းထဲမှာ ဘယ်
ယောက်ျားသံက ထွက်လာရတာတုန်း . .

တန်တော့ . . . ဟိုကောင် အိမ်ထဲ နိုးဝင်နေပြီနဲ့တူတယ် . .
ကျွန်အသံက ဆက်ထွက်လာပြန်သည်။

"အိမ်က ဒေါ်ကြည်က ထမင်းကြော်ကြော်တဲ့နေရာမှာတော့
ဆရာကြီးပဲ မောင်ရဲ့ . . ရက်အတွက်ဆို ဝက်အူချောင်းနဲ့ ကြက်ဥ ပါ
အောင် ကြော်ပေးရတယ်"

ဒေါ်ကြည်က ဦးထိပ်ခေါင်အနားမှာ ရပ်လာသည်။

"ဆရာ ဒီနားမှာ ကုန်းကွ . . ကုန်းကွနဲ့တာလုပ်နေတာလဲ"

ဦးထိပ်ခေါင်က ဒေါ်ကြည့်လက်ကို ဆွဲခေါ်သွားပြီး

"ခင်ဗျား ခုနက အခန်းထဲဝင်တော့ အထဲမှာ ဘယ်သူရှိသေး
သဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရက်တစ်ယောက်ပဲလေ. . ဘာဖြစ်လို့လဲ ဆရာရဲ့"

"ဘာမှမဖြစ်ဘူး. . ခုနက ယောက်ျားသံများ ကြားသလာ

လို့"

"သြော်. . ဒါလား. . ရက်က ပြောတယ်. . သူပျင်းလို့ မြန်မ

ကား ကြည့်နေတာတဲ့"

"သေချာလား. . ခင်ဗျားတွေ့ခဲ့လို့လား"

"သေချာတာပေါ့ ဆရာကလဲ"

"အေး. . ကျုပ်သမီး ဟိုကောင့်နောက် ပြန်ပါသွားလို့ကတေ

ခင်ဗျားတို့ကို အကုန်တန်းစီပြီး အလုပ်ဖြုတ်ပစ်မယ် မှတ်ထား"

ဦးထိပ်ခေါင်က ဒေါ်ကြည်ရှိနေလို့ အခန်းထဲ မဝင်တော့ပေ

မယ့် သူ့စိတ်ထဲက သံသယကတော့ ပျောက်ပျက်မသွားပါ။

ဦးဆောက်နဲ့ရက်သည် VZO ရဲ့ ကျေးဇူးကြောင့် နှစ်ဆ

လေးနာရီ တစ်ယောက် လုပ်သမျှ တစ်ယောက်က အကုန်တွေ့နေ

သည်။ (except အိမ်သာတက်၊ ရေချိုးချိန်မှလွဲ၍). . .

အဲဒီတော့ ဘယ်လိုလုပ်ပြီး အပြင်ထွက်ချင်တော့မလဲ။ အခ

ထဲက ဆွဲငင်အားက ပိုပြီးကြီးနေတာဆိုတော့လေ။

အဖေဖြစ်သူက ခေတ်နဲ့အညီ ရင်ဘောင်မတန်းနိုင်တော့

(အမှန်ဆို အင်တာနက်မှာ ရှာကြည့်ရမှာ) သမီးလေး အခန်းအော





နီး ငြိမ်ချက်သားကောင်းလှချည်ရဲ့ပေါ့. . သူ့သမီးက VZOနဲ့ ငြိမ့်နေ

တာ. . .

မနက် ခြောက်နာရီဆို နိုးစက်တောင် မလိုပါဘူး။

ဦးဆောက်က စောစောစီးစီးထပြီး ရက်အိပ်နေတာလေးကို

အဝကြီး ကြည့်. . ကြည့်လို့ဝပြီဆိုမှ လှမ်းပြီးနိုး. . ပြီးတော့မှ ရက်ကို

break fast စားဖို့ ဆော်ဩ. . ဒီထက်ဆိုးတာရှိသေးတယ် သိလား

. . ရက်ရေချိုးပြီးဝတ်ဖို့ အကျီတောင် သူက ရွေးပေးရသေးတယ်. .

VZO နဲ့ဆိုတော့ ရေတောင်ချိုးပေးလို့ မသာလို့. . ချိုးပေးလို့ရရင် ချိုး

ပေးချင်တာပေါ့. . အဲသလောက်ထိ သူက ရက်ကို ချစ်သည်။ အရိပ်

တကြည့်ကြည့်ရှိသည်။

ဦးတိုင်းလုံးကျော်က ငြိမ်ချက်သားကောင်းနေတဲ့ သားရဲ့

အခန်းထဲကို ခြေဖွနင်းပြီး ခိုးကြောင်ခိုးဝှက်ဝင်လာသည်။

အမှန်တကယ်လည်း အသံမပေးဘာမပေးနဲ့ တိတ်တိတ်လေး

ဝင်လာချောင်းတာပါပဲ။

အမယ်. . ဒင်းက အင်တာနက်ကနေ ကောင်မလေးပုံတွေ

ကြည့်နေတာကိုး. .

ကြည့်စမ်း. . . ဒီကောင် ဒါမျိုးကျတော့ အဖေကို တစ်ချက်

သတိမရဘူး။



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"ဗျာ"

ဟာ. . ဒီကိုးရိုးယားမက မြန်မာလိုပြောတတ်တယ်. . မောင် တဲ့. . ဟိုကောင်ကလည်း ဗျာ ဆိုပဲ. .

နေပါဦး. . ဒီကောင်မလေး ငါမြင်ဖူးသလိုပဲ. . . ကြည့်ရင်း ကြည့်ရင်းနဲ့ ဟိုကောင် ထိပ်ခေါင်ဗညားရုပ်ကြီး ထွက်ထွက်လာသလို ပဲ. . (မျက်မှန်မပါတော့ မနည်းအားစိုက်ပြီး ကြည့်နေရတာ)

ဒါ. . ဟိုကောင့်သမီးပဲ. . ဒင်းတို့က အခန်းထဲမှာ နှစ်ပါးခွင် ရိုက်နေကြတာကိုး. .

ဦးတိုင်းလုံးကျော်က ဦးဆောက်ရဲ့ပခုံးကို ခပ်ဆတ်ဆတ် လေး ရိုက်ထည့်လိုက်သည်။

"ဟာ. . အဖေ"

"အေး. . ငါ မင်းအမေရဲ့ယောက်ျား. . မင်းအဖေဆိုတာ သိ သေးရင်. . ငါ့အတွက်လည်း အချိန်လေးဘာလေး ပေးဦးကွ. . ခဏ ထွက်လာခဲ့ဦး. . စကားပြောစရာရှိတယ်"

ဦးဆောက် မကြည်မသာမျက်နှာပေးနဲ့ထွက်လိုက်လာသည်။

"သွား. . အထုပ်အပိုးပြင်တော့"

ဦးဆောက် အရမ်းအံ့သြသွားသည်။





"ဟာဗျာ. . အဖေကလည်း ဆိုင်းမဆင့်ဗုံမဆင့်နဲ့"

"အေး. . ဆိုင်းလည်း မဆင့်နိုင်ဘူး. . ဗုံလည်း မဆင့်နိုင်ဘူး ကွ. . ဒီနေ့မှမပြေးနိုင်ရင် မနက်ဖြန် မင်းကိုယ်မှာ ပုဆိုးပါရင်တောင် တံကောင်း"

"ဒီလောက်တောင် အခြေအနေဆိုးနေပြီလား"

"အိမ်မှာလည်း ငွေလုံးဝခန်းနေပြီကွ. . ထီပေါက်အောင် ဆု တောင်းရမှာကလည်း အောင်ဘာလေထီလေးတစ်အုပ်တောင် မထိုး နိုင်တဲ့ဘဝ. . အမယ်လေး. . သွားလေသူကြီး ခင်လက်ျာစိန်ဖေအောင် ကြည်ရဲ့. . ငါ့အဖြစ်ကို လာကြည့်လှည့်ပါဦး. . ဟီး. . ဟီး. . ရွှတ်"

သူ့ပစ်လိုက်တဲ့နှပ်ချီးက ဦးဆောက်ရဲ့လက်ဖမိုးမှာ လာစင် သည်။

"ဟာ. . အဖေကလည်းဗျာ. . မကြီးမငယ်နဲ့ ညစ်တီးညစ် ပတ်နိုင်လိုက်တာ"

ဦးတိုင်းလုံးကျော်ကတော့ သူ့အရှိန်နဲ့သူ ငိုချင်းချလို့ကောင်း ဆဲ။

"ဟင့်. . ဟင့်. . မင်း သား မယားတရှုံးကြောင့် အခု ငါ့ခွေး ပြေးဝက်ပြေး ပြေးရတော့မယ်ကွ"

"အဖေ မှားနေပြီလေ၊ သားကြောင့် မဟုတ်ပါဘူး. . ဖိုလ္လ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြောင့်. . သူငွေမက်လို့ ဖြစ်ရတာ၊ မငိုပါနဲ့ အဖေရာ. . ကြည့်လို့လည်း မကောင်းဘူး၊ အဖေငိုတာကြီးက သနားစရာလည်း မကောင်းဘူး. . အဖေ ငိုတာနဲ့စာရင် ပေလုဝတို့ ကင်းကောင်တို့ ငိုတာကမှ ကြည့်လို့ကောင်းသေးတယ်"

ဦးဆောက်စကား ကြားပြီး ဦးတိုင်းလုံးကျော်တို့ အငိုရပ်ပြီး ဘီလူးဆိုင်းလေးနဲ့

"သေချင်းဆိုးလေး. . ကျွေးရမွေးရကျိုးနပ်လိုက်တာ"

"အလကား စ,တာပါ အဖေရယ်. . ကြွေးဆပ်ဖို့. . သန်လျင်က အမေ့ခြံကလေး ရောင်းလိုက်ပါလား. . အခု ဈေးကောင်းရနေတဲ့ ဥစ္စာ"

"ဟော့ကောင် တော်. . တိတ်၊ ငါ့ကို ဒီခြံရောင်းဖို့အကြောင်း စကားလာမစနဲ့. . ငါ မင်းအမေကို ကတိပေးထားတယ်. . ဒီခြံကို ငါ အသက်ရှင်နေသရွေ့ ဘယ်တော့မှမရောင်းဘူးလို့ ကတိပေးခဲ့တာ. . မရောင်းဘူးဆို မရောင်းဘူးကွာ"

"ဟူး"

'တစ်'ဆို 'နှစ်' မပြောင်းတဲ့ အဖေ့အကြောင်း သိပြီးသားမို့ ပါးစပ်ညောင်းခံပြီး ပြောမနေတော့ဘူး။

"ဒါနဲ့ အဖေ့ဘကြီးဦးဖိုးလှိုင်ဆိုတာလေ. . အဖေပဲ ပြောပြီး





တော့၊ သူ့မှာ လယ်ဧကတစ်ရာကျော်ရှိတယ်ဆို. . သူ့ဆီမှာ ငွေချေး ကြည့်ပါလား"

ဦးတိုင်းလုံးကျော်က မျက်နှာကို စပရိန်လို ရှုံ့ကာမဲ့ကာဖြင့်

"နှပ်ချီးကို ငါးပိလုပ်ပြီး စားလို့ရရင်စားမယ့်သူကွ. . နော်. . ငါ့ဘကြီးအကြောင်း ငါအသိဆုံး. . ဟိုတလောကတော့ ငါကြားသား၊ ငါ့ဘကြီးလေ. . ကြီးမှ နှစ်လုံးရောဂါထ,လာတာ"

"အသက်ကြီးတော့ နှလုံးက ဘယ်ခံနိုင်မလဲ အဖေရဲ့"

"သေလိုက်ပါလား. . အဲဒီနှလုံးကို ပြောတာမဟုတ်ဘူးကွ၊ နှစ်လုံးထိရောဂါထတာကို ပြောတာ. . နှစ်လုံးရှုံးလို့တဲ့. . လယ်တွေ တစ်ဧကပြီးတစ်ဧက ရောင်းစားနေတာ. . ခုဆို ဘယ်နှဧကလောက် ကျန်သေးလဲ မသိဘူး"

"နေပါဦး. . အဲဒီဦးဖိုးလှိုင်မှာက သားသမီးမရှိတော့ သူသေရင် သူ့အမွေတွေ ဘယ်သူ့ရမှာလဲ"

"ငါရမှာ. . သူနဲ့ မင်းအဘွားက မောင်နှမ နှစ်ယောက်ပဲ ရှိတာ. . အရင်းဆုံးတူဆိုလို့ ငါပဲ ရှိတာလေ။ ဒါပေမယ့်ကွာ. . သူ မသေခင် ကြွေးပုံမိပြီး ငါအရင်ရှောမယ်နဲ့တူပါရဲ့ကွာ"

အဲဒါတော့ ဟုတ်ချင်ဟုတ်မှာ။ အဘိုးက လယ်ကွင်းထဲကလေတို တဝကြီးရှူနေရတာဆိုတော့ ကျန်းမာရေးက ဒေါင်ဒေါင်ကျည်လို့။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါကွာ. . စိတ်ကူးတွေ ယဉ်မနေနဲ့။ သွား. . အဝတ်တွေ သွားသိမ်း. . ငါတို့ သန်လျင်ကခြံလေးမှာပဲ ပြန်နေကြရအောင်"

"အဖေ့သဘောပါပဲဗျာ. . ကျွန်တော်တို့သားအဖ ဘယ်တော့မှ အိမ်ပြေးဘဝက လွတ်မှာလဲ"

"ကြွေးကျေတဲ့တစ်နေ့ပေါ့ကွာ"

တစ်ယောက်ကိုတစ်ယောက် မျှော်လင့်ချက်မဲ့နေသောမျက်လုံးများဖြင့် ကြည့်မိကြသည်။

ဒီလိုနဲ့ပဲ အနိုးထုတ်ရတော့မှာလား. .

ပိုက်ဆံမရှိတော့ ယောကျ်ားကေန်ဖြစ်သော်ငြား KTVလည်း မသွားနိုင်။ မာဆတ်လည်း သွားပြီး မဆတ်ဆော့နိုင်နဲ့၊ လုံးပါး ပါးပြီ နဲ့ တူပါရဲ့. . .

♥



BURMESE CLASSIC .com

(၁၀)

သန်လျင်က ခြံလေးထဲမှာ ခြံထွက်အသီးအရွက်ကလေးတွေနဲ့ သက်သတ်လွတ်စားပြီး နေနေတဲ့ သားအဖနှစ်ယောက်ဆီ စာတိုက်မှ စာတစ်စောင် ရောက်လာခဲ့သည်။

အဖေက စာကိုဖောက်ဖတ်သည်။

"မောင်တိုင်းလုံးကျော်. . မင်းရဲ့ဘကြီးဦးဖိုးလှိုင် အလှူမှာ ဆီထမင်းငါးပွဲနဲ့ လက်ဖက်ရည် ငါးခွက်သောက်ပြီး သွေးတွေ တိုးပြီး ရှောသွားပြီ။ အမြန်လာပါ. . ဟာ. . သားရေ. . မင်းနဲ့ငါပြောနေတာ သူကြားသွားတယ်နဲ့တူတယ်. . အခု ကောက်ကာငင်ကာနဲ့ တကယ် ရှောသွားပြီ. . ဘယ်လိုလုပ်မလဲ"

ဦးဆောက်က ခုနစ်ထွေကကို ကွေးနေအောင် ထ[illegible]ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမှလုပ်မနေနဲ့တော့ . . အဲဒီရွာကို လိုက်သွားပြီး အမွေ တွေ သွားယူရုံပေါ့ အဖေရာ"

"ဟာ . . ဒါဆို ငါတို့သူဌေးဖြစ်ပြီပေါ့ . . ဟေး . ."

သားအဖနှစ်ယောက် လက်ဖဝါးချင်းရိုက်ပြီး အကျယ်ကြီး အော်လိုက်ကြသည်။

"သူဌေးလောင်း . . သူဌေးလောင်း . . သူဌေးလောင်းတွေ ကွ"

စိတ်ကူးထဲမှာတောင် သူဌေးဖြစ်နေတဲ့ဥစ္စာ . . ဘကြီးတို့ရွာ ကိုများရောက်ရင် အိုးစည်ဒိုးပတ်နဲ့ကို ကြိုမလားပဲ . .

ဦးတိုင်းလုံးကျော်တို့သားအဖ မီရာကားစီးပြီး ရေဝတီတိုင်း က ဦးဖိုးလှိုင်တို့ရွာကို လိုက်ကြသည်။

သူတို့ရောက်တာနဲ့ အသုဘကိစ္စကို တိုင်ပင်ကြသည်။

ရွာလူကြီးတွေက

"ဦးဖိုးလှိုင်ရဲ့ရှားရှားပါးပါးအမျိုးတွေ ရောက်လာပြီဆိုတော့ အသုဘကို မနက်ဖြန်ချကြတာပေါ့"

မချလို့ကလည်း မရတော့ဘူးလေ . . ရွာမှာက ရေခဲလို ရေ ခဲတိုက်ရှိတာမဟုတ်တော့ သုံးရက်ဆို ဒုက္ခရောက်ပြီ။ ရွာလူကြီးစကား ဆုံးတော့ ဦးတိုင်းလုံးကျော်က လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး





"ကျွန်တော် ဒီနေရာမှာ တစ်ခုတော့ ပြောချင်ပါတယ်"

ရွာလူကြီးက

"ပြောပါ . . ပြောပါ . . ငါးရက်ထားချင်လို့လား"

"မဟုတ်ဘူး . . မနက်ဖြန်ချမှာ . . အဲဒါ ဆိုင်းဝိုင်းငှားချင်လို့"

ရွာလူကြီးတွေ တစ်ယောက်မျက်နှာတစ်ယောက် ပြူးပြဲပြီး ကြည့်ကြသည်။

"အသုဘနဲ့ဆိုင်းဝိုင်းက ဘာဆိုင်လို့တုန်း"

"ဟာ . . ဆိုင်တာပေါ့ဗျာ။ ကျွန်တော့်ဘကြီးက အပျော်အပါး သိပ်မက်တာ"

"ဖိုးလှိုင်က ဒီလိုလူမျိုးလား . . ပုံကြည့်တော့ မထင်ရဘူးနော်၊ တုပ်ကမြင်းကြီး"

သူတို့ထင်ရာမြင်ရာပြောနေကြပြီ။

"ကျွန်တော်ပြောတာ ဒီသဘောမျိုးမဟုတ်ပါဘူးဗျာ။ ဘကြီး က ကပ်စေးသာ နည်းတာ . . မြန်မာ့ဂီတကို အရူးအမူးချစ်တာဗျ . . အဲဒါကြောင့် . . ဘကြီးအသုဘမှာ စည်စည်ကားကားလေး ဖြစ်သွား အောင်"

ဦးဆောက်က ဝေ့လည်လည်လုပ်နေတဲ့အဖွေစကားကို စိတ် က သိပ်မရှည်ချင်တော့။

ဆောင်းညမြာ သိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဖေကလည်းဗျာ. . ဝမ်းသာရင် သာတယ်ပေါ့. . ဘ
ဆီက အမွေတွေရတော့မှာဆိုပြီး မြူးနေတာ ကျွန်တော်သိသားပဲ"

သားက အမှန်တရားတွေ ပြောနေတာဆိုတော့ ဦးတိုင်း
ကျော် ရှက်သွားသည်။ ရှက်ရှက်နဲ့ သားဖြစ်သူကို လှည့်ပြီး မာန်သည်

"ကလေး. . ကလေးလို နေစမ်း. . လူကြီးတွေကြားမှာ
. . ဝင်မပါနဲ့"

"ကျွန်တော် ကလေးမဟုတ်လို့ တစ်ခုလပ်တောင် ဖြစ်ပြီး
လေ. . အဖေကလဲ"

"အေး. . မင်းရဲ့လူပျိုရည်တောင် မပျက်ဘဲရလိုက်တဲ့ တ
လပ်ဂုဏ်ပုဒ်ကို ထုတ်ထုတ်ပြီး ပြမနေနဲ့. . အရေးထဲ"

ရွာလူကြီးတွေခမျာ တော်တော်လည်း နားငြီးနေပြီမို့

"ကဲ. . ခင်ဗျားတို့ ဆိုင်းငှားချင်တယ်ဆိုရင် တခြားဒေ
မှာ သွားရှာမနေနဲ့. . ကျုပ်တို့ရွာထဲက စိန်မာခင်ဆိုင်းကို ငှားပေး
. . ဟုတ်ပြီလား. . အဲဒီ စိန်မာခင်ဆိုတာက အငိုသိပ်တော်တာ. .
ငိုပြရင် ခင်ဗျားတောင် မျက်ရည်ပေါက်ပေါက် ကျလာမှာ လော
သေးတယ်ဗျာ"

ရွာလူကြီးနောက်တစ်ယောက်က မျက်နှာမကြည်မသာ
ဝင်ပြီး သမသည်။





"စိန်မာခင်ဆိုတာ ခင်ဗျားမိန်းမလို့ ထည့်ပြီး ပြောဦးလေ. .
တခြားလူတော့ မသိဘူး. . သူ သီချင်းဆိုရင် ကျုပ်တော့ ထိုင်တောင်
ငိုချင်တယ်. . အဟုတ်ပြောတာ စိတ်ညစ်လွန်းလို့"

ဦးတိုင်းလုံးကျော်က ခုလိုအချိန်မှာ ရွာလူကြီးတွေကို ဖားရ
မှာဆိုတော့. .

"ခင်ဗျားတို့ ညွှန်းတာနဲ့ပဲ ကျွန်တော်တောင် စိန်မာခင်ကို
ကြိုက်ချင်လာပြီ"

"ဟေ"

"ကြော်. . သူ သီချင်းဆိုတာ နားထောင်ချင်လာပြီလို့ပြော
တာ"

ရွာလူကြီးက သူ့မိန်းမကျတော့ တိုတတ်သား။ သူ့ရုပ်က
သူမျှားမိန်းမဆို ပိုးစိုးပက်စက်ကို ပစ်မှားမယ့်ရုပ်. . ဥပမိရုပ်က အဲ
လောက်ကို ခန့်တာ. .

"ဒါဆို ကျုပ်ပြန်ပြီး သူတို့ သီချင်းတိုက်လို့ရအောင် သွားပြော
လိုက်ဦးမယ်"

"ဟာ. . နေဦးလေ. . ကျွန်တော့်ဘကြီးထားခဲ့တဲ့ အမွေစာ
ရင်းလေး ပြောသွားဦးလေ"

ရွာလူကြီးဦးဖေတလူက တဟားဟားအော်ရယ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"အများကြီးပဲဗျာ၊ ခင်ဗျားရမယ့်အမွေ. . အဲလေ. . အမွေ
က လယ်တစ်ဧကကြီးများတောင်. . ဟီး. . ဟီး. . ပျော်ပျော်ကြီးထွ
ပေတော့ဗျာ"

မှန်းချက်နဲ့နှမ်းထွက် မကိုက်လေတော့ ဦးတိုင်းလုံးကျော်ခမျာ
စကားတောင် ထစ်လေသည်။

"ဟုတ်. . ဟုတ်. . ရဲ့. . လား. . . ဗျာ. ."

"မယုံရင် တစ်ရွာလုံးလိုက်မေးကြည့်. . နှစ်လုံးဒုက္ခနဲ့ တစ်
ကွက်ပြီး တစ်ကွက် ရောင်းစားသွားတာ. . သူသေမယ့်နေ့မှာတောင်
အလှူမှာ ပြောသွားသေးတယ်. . လယ်တစ်ကွက်ပဲ ကျန်လို့ ၄၁ထိုး
ဦးမတဲ့. . ဒါပေမယ့် ခမျာ မထိုးလိုက်ရပါဘူး. . သေသွားတာကိုး"

ဦးဆောက်ရဲ့ခေါင်းက ငိုက်စိုက်ကျသွားသလို သူ့အဖေလည်း
ကွယ်လွန်သူ သူ့ဘကြီးဦးဖိုးလှိုင်ရဲ့အလောင်းကို ဒေါသထွက်ထွက်
အံကြိတ်ပြီး ကြည့်လေသည်။

"ရှိသမျှ လုပ်ချသွားတယ်. . ငါတူအတွက်ဆိုပြီး ဘာမှချန်
မသွားဘူး. . ဟင်း. . ဒီလိုဘကြီးမျိုး နတ်ပြည်မရောက်ပါစေနဲ့ဗျာ"

ဦးတိုင်းလုံးကျော်က စိတ်လိုလက်ရလေး ဆုတောင်းပေးပြီး
ရွာထဲက ကာလသားဝိုင်းမှာ ဖဲကောက် ဝင်ကောက်ပါတော့သည်။

♥





ဦးဖိုးလှိုင်ရဲ့အသုဘက တော်တော်ကြီးကို စည်နေသည်။
အမှန်က အသုဘလာပို့တာထက် ဆိုင်းဝိုင်းနဲ့သီချင်းဆိုတာကို လာအား
ပေးကြခြင်းဖြစ်သည်။

ဆိုင်းဆရာလေး ရှင်ကိုကိုကလည်း လက်သံပြောင်သည်။

"ဆရာ. . ပတ်မကြီး အရင်ချရမလား. . ပတ်ကလေး အရင်
ချရမလား"

နဲ့မှုတ်နေတဲ့ သူ့ဆရာက ပြန်ဖြေသည်။

"မင်းဟာမင်း ချချင်တာချပေါ့. . ငါ့လာမေးမနေနဲ့"

ရှင်ကိုကို ဇက်ကလေးပုသွားသည်။ မင်းသမီးစိန်မာခင်က
မိုက်ခွက်ကြီးကို ဟန်ပါပါကိုင်ကာ ဦးဖိုးလှိုင်အတွက် လွမ်းချင်းကိုစပြီး
သီကျူးလေသည်။

- သံသရာရဲ့ခရီးသည်ကြီး ဦးဖိုးလှိုင်. . .

ရထားကြီးကို စီးကာ ခုများတော့လေ. . မရဏာဘူတာကြီး
မှာ. . ရပ်သွားရပါပြီကောလေ. . ဟီး. . ရှုတ်. . (အမယ်လေး ကိုဖိုး
လှိုင်ရဲ့. . တစ်ပြားကို နှစ်ပြားခွာပြီးတော့ ကိုယ့်အိမ်မှာ မီးခိုးတိတ်. .
ရွာထဲက အိမ်တွေမှာ ပတ်. . ပတ်ပြီး စားခဲ့တာလေ) -

သွားပါပြီ။ ဘကြီးရဲ့ ရှိုက်မဲ့စုသိက္ခာလေးတွေ. . အမယ်. . နီ
မိန်းမက ဇာတ်သံလေးနှောပြီး အငိုပြောလေးနဲ့ခင်းနေတာ. . သူက



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောပြီး ငိုလေ. . ဘေးနားက ပရိသတ်တွေက တဝါးဝါးတဟား ဟားနဲ့ ပွဲကျလေ. .

အဲဒါကြောင့် အသုဘက စည်ပါတယ်လို့ပြောတာ. . စိန်မာခင်က ဆက်ပြီး ဆိုသည်။

♫ အများက သိကြတာက ဦးဖိုးလှိုင်က လူပျိုကြီးတဲ့. .

တကယ်တော့ သူက မုဆိုးဖိုကြီးပါ. . အဟီး. . ဟင့်. .

သူ့တိတ်တိတ်ပုန်းမယားက ထော်လာဂျီတိုက်ပြီး သေသွားပြီဆိုတော့လေ. . ခုတော့. . သူ့ခမျာ နောက်တစ်ယောက်တောင် ရှာလို့မတွေ့သေးဘူး. . ဆီထမင်းငါးပွဲနဲ့ ကီစွချော့ရတယ်လို့. . အမယ်လေး ကိုဖိုးလှိုင်ရဲ့ ကျွန်မ ရင်နာလှချည်ရဲ့ ♫

ဦးတိုင်းလုံးကျော်က စိန်မာခင်အနားကပ်ပြီး

"ဟေ့. . ခင်ဗျား ဘာတွေ လျှောက်ဆိုနေတာလဲ. . ကျွန်ဘကြီးကို သိက္ခာလာချနေတာလား"

စိန်မာခင်က မိုက်ကို လက်နဲ့အုပ်ပြီး

"ဒါဆို. . ကျွန်မ အပျော်လေးနဲ့ပြောင်းလိုက်မယ်လေ. . ဓ. . ရွှင်ကိုကိုရေ. . နတ်ဒိုးလေး"

♫ ဒယ်. . ဒယ်. . ဒယ်. . ဒဲ. . ဒဲ့. . ဒယ်. . ကိုဖိုးလှိုင်. . ကိုဖိုးလှိုင်. . မွတ်တားဆီမှာ ပုဆိုးပေါင်တဲ့ ကိုဖိုးလှိုင်. . နောက်ဆံမ



BURMESE CLASSIC .com



နဲ့ ငါးရာစိုက်ပြီး ကျွန်မ ပြန်ရွေးပေးမှာ. . ဒယ်. . ဒယ်. . ဒယ်. . ဒဲ့. . ဒယ့်. . ဒယ် ♫

"သားရေ. . ငါ့ဘကြီးတော့ သေကာမှ ခေါက်ရှက်လုံးလုံး ကွဲပါပြီကွာ"

ဦးတိုင်းလုံးကျော်က စိတ်ပျက်လက်ပျက်နဲ့ ငြီးနေတော့. . ဦးဆောက်က

"အဖေ ဆတ်ဆော့တာလေ. . ပြီးရင် ဒီဆိုင်းဝိုင်းငှားခ ဘယ်သူပေးမှာလဲ"

"ကူငွေထဲက ပေးရမှာပေါ့ကွာ"

"ဒါပြီးရင် ပြန်ရအောင် အဖေရာ. . ဘာမှလည်း ရဖို့ မရှိဘူး"

"ဟာ. . မင်းပြန်ရင်ပြန်. . ငါ မပြန်သေးဘူး. . ဒီလယ်ကွက်လေးနဲ့ ငါလုပ်စားလိုက်ဦးမယ်"

ခေါင်းမာတဲ့အဖေကြောင့် ဦးဆောက် စိတ်ညစ်ရသည်။

တကယ်လည်း အသုဘသာ ပြီးသွားသည်။ အဖေက သန်လျင်မပြန်တော့ချေ။ အဘိုးလှိုင်ရဲ့အိမ်မှာနေပြီး ဘုန်းကြီးကျောင်းမှာ ထမင်းစားကာ ကိုယ်တိုင် လယ်ကွင်းထဲဆင်းသည်။ တစ်နှစ်လောက် လုပ်စားကြည့်ရအောင်ဆိုပြီး ဦးဆောက်ကိုပါ ဆွဲထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ခုလခန့်အကြာ. . .

ကုသိုလ်ကံများ ဆိုးချင်တော့ သွားနေရင်းနဲ့ကို လယ်ကွင်းထဲမှာ မှောက်ရက်လဲသည်။

လဲပြီး နဖူးက မြေကြီးနဲ့ဆောင့်သည်။

ငွပ်ခနဲကို အသံမြည်တာ. . .

"ဟာ. . ဘာကြီးလဲဟ. . မာမာကြီးပါလား"

တစ်စွန်းတစ်စထွက်နေတဲ့ အိုးနှုတ်ခမ်းတစ်ခုကို ဦးတိုင်းလုံကျော် တွေ့သွားပြီး တူးကြည့်သည်။

အိုးတစ်လုံး ထွက်လာသည်။ သူ့နဖူးမှာလည်း အာလူးဘုကြီးထွက်နေပြီ။

အိုးက လေးနေတော့ အဖုံးကို ဖွင့်ပြီး အထဲကို နှိုက်ကြည့်သည်။

"ရွှေ. . ရွှေတွေပါလား။ ဘုရား. . ဘုရား. . စိန်တွေလည်း





ပါတယ်. . ဒီနေရာမှာ ဘယ်သူက လာမြှုပ်သွားတာလဲ. . သား. . သားရေ. . လာပါဦးကွ"

သူ့ရဲ့အူးယားဖားယားခေါ်သံကြောင့် ထမင်းလုံးစီနေသော ဦးဆောက် ပြေးလာသည်။

"ဟာ. . ရွှေတွေပါလား. . ဘယ်က ရတာလဲ အဖေ"

ဦးဆောက်ရဲ့ဝမ်းသာအားရအမေးကို သူ့အဖေက ဝမ်းထဲက လာတဲ့အသံကြီးနဲ့

"မြေကြီးက ရွှေသီးပြီ သားရေ. . ဒါ ငါတို့နဲ့ထိုက်လို့ ရတာကွ. . မနက်ဖြန် ရန်ကုန်သွားမယ် သား၊ ငါတို့ကို အထင်သေးထားတဲ့ ကိုကောင် ထိပ်ပြောင်ကြောင်ကျားကို ပြန်ပြီး lesson ပေးရမယ်"

"အဖေ. . အဖေ. . ဒါဆို သား ရက်ကို ပြန်ခေါ်လို့ရပြီပေါ့နော်"

"မယားတရူးက တစ်မျိုး. . နေဦး. . ငါတို့ ဒါကိုအရင်းအနှီးလုပ်ပြီး စီးပွားရေးလုပ်မယ်ကွာ. . အတိုးတွေပေးပြီး ကြွေးလည်းဆပ်ရဦးမယ်. . ပြီးမှ မင်းကောင်မလေးကို အဖေကိုယ်တိုင်သွားခေါ်ပေးမယ်. . ဟုတ်ပြီလား"

မထင်မှတ်ဘဲ သူတို့သားအဖ အကြီးအကျယ် ထောသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ခေတ်ကမြုပ်ခဲ့ဟန်တူသောရတနာအိုးက ထီပေါက်တာ ထက် အများကြီးသာပါသည်။

ဦးဆောက်က သူ့အဖေနဖူးမှာ ဘုကြီးထွက်နေတဲ့ အာလူး သီးကို လက်ခလယ်ကွေးပြီး ခေါက်ကြည့်သည်။

"အား. . ."

ဦးတိုင်းလုံးကျော်က ငယ်သံပါအောင်အော်ကာ မိုးမွှန်ရေ အောင် ဆဲတော့သည်။

"ကမြင်းမသား. . သေချင်းဆိုးလေး. . ငါ့နဖူးကို ဘာကိစ္စ ခေါက်ရတာလဲ. . အား. . နာလိုက်တာ. . ."

"တကယ်နာတယ်. . ဟားဟား. . ဒါဆို ကျွန်တော်အိပ်မက် မက်နေတာ မဟုတ်ဘူးနော်၊ တကယ်သူဌေးဖြစ်သွားပြီနော်၊ ဒါနဲ့ ဒီ အိုးထဲကဟာတွေရောင်းရင် သားတို့အကြွေးတွေကျေပါ့မလား အဖေ"

ဦးဆောက်က မေးတော့

"ငတုံး. . စိန်တွေ ဈေးကောင်းတာ မင်းမသိဘူးလား. . ဒီထဲ မှာ ငါးမူးကိုက်တွေ နည်းတာမဟုတ်ဘူး"

"ဟာဗျာ. . ဒီခေတ်ကြီးထဲမှာ ငါးမူးက ဘယ်နေရာမှာ သွား သုံးမလဲ. . အိမ်သာ တစ်ခါတက်တောင် တစ်ရာ လိုတဲ့ဥစ္စာ. . သိလ ရင် သွားလျှကြည့်ပါလား. . မျက်စောင်းတောင် အထိုးခံရဦးမယ်"





"မင်းအမေ ငါးမူးစေ့ကို ပြောတာ မဟုတ်ဘူးကွ. . စိန်. . စိန် ငါးမူးကိုက်ကို ပြောနေတာ"

"သိမှမသိဘဲ အဖေရာ. . တစ်သက်နဲ့တစ်ကိုယ် ဝတ်မှမဝတ် ဖူးတာ"

ဘာပဲပြောပြော. . အိပ်မက်တွေကို အကောင်အထည်ဖော် ဖို့အတွက် သားအဖ နှစ်ယောက်လုံးကတော့ ကြက်ဖတွေက အာဘ ခေါ်ရမလားပဲ. .

တက်ကြွလွန်းလို့လေ. . .

♥



www.burmeseclassic.com

www.burmeseclassic.com

# (၁၁)

ကိုယ့်ဟာကိုယ်ကြည့်ပြီး မြိန့်မြိန့်ကြီးပြုံးနေသူက ဦးတိုင်းလုံးကျော်. . . ဆိုင်းဘုတ်ကို ပြောတာပါ။

"ကြည့်စမ်း. . တိုင်းလုံးကျော်အင်ပို့နဲ့အိတ်စ်ပို့ကုမ္ပဏီဆိုပါလား. . ကျက်သရေရှိလိုက်တာနော်. . အရွယ်လေးရှိတုန်း ကုမ္ပဏီမှာ MD ရာထူးရတာ ဂုဏ်ယူစရာပဲ"

ဦးဆောက်က အဖေမှာလိုက်တဲ့ပစ္စည်းတွေဝယ်ပြီး ကားပေါ်မှဆင်းလာသည်။ သားကို မြင်တော့မှ သူသိချင်တာတွေ မေးဖို့ သတိဝင်လာသည်။

"သားရေ. . လာဦး. . အဖေက အင်္ဂလိပ်လို သိပ်မကျွမ်းဘူးကွ. . သူများတွေပြောပြောနေတဲ့ MD ဆိုတာ ဘာလဲကွ"

"မန်နေးဂျင်းဒရိုက်ဘာရဲ့အတိုကောက်ကို ပြောတာ"





အတည်ပေါက်နဲ့နောက်ပေမယ့် ဦးတိုင်းလုံးကျော်က အဲဒီလောက်တော့ မအ,ပါ။

"ဟော့ကောင်. . မင်း ငါ့ကို လာမရှီးနဲ့. . ဒရိုင်ဘာဆိုတာ. . ကားမောင်းတဲ့လူကို ခေါ်တာ၊ MD က သူဌေးတွေကိုခေါ်တာ. . ဘာမှမဆိုင်ဘူး"

ဦးဆောက်က စပ်ဖြီးဖြီးရှုပ်နဲ့

"ချစ်လို့ စတာပါ အမေ့ယောက်ျားရဲ့. . မန်နေးဂျင်းဒါရိုက်တာကို ခေါ်တာ. . MD တဲ့. . နေဦး. . အခု အဖေက သူဌေးဖြစ်နေပြီဆိုတော့ သူဌေးတစ်ယောက်ရဲ့အဆောင်အယောင်တွေ လိုကို လိုတယ်. . ဒီလိုလုပ်. . အဖေ့ကုမ္ပဏီမှာ အလုပ်လုပ်ဖို့အတွက် စက္ကင်ထရီအလန်းစားလေးတစ်ယောက် ခေါ်မယ်. . ပြီးတော့ ဘာသာစကားငါးမျိုးပြောနိုင်တဲ့ လူငါးယောက်ကို ခေါ်မယ်. . အရေးအကြီးဆုံးက သူဌေးပုံစံအပြည့်အဝပေါက်အောင် ဘော်ဒီဂတ် လေးယောက်တော့ ထားရမယ်. . ကိုးရီးယားကားထဲက သူဌေးတွေလိုလေ. . သူ့ကားနောက်မှာ ကုတ်အကျီအမည်း၊ မျက်မှန်အမည်းနဲ့လူတွေ ပြေး. . ပြေးလိုက်နေကြတာ အဖေတွေ့တယ် မဟုတ်လား"

"အေး. . မင်းပြောတာ သဘာဝကျတယ်၊ ငါ့သားလို့ မပြောရဘူး. . တွေးလိုက်ရင် အကြီးကြီးတွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော် စီစဉ်လိုက်တော့မယ်နော်"

"သား . . မင်းပြောတဲ့ ဘာ . . စက္ကင်ထရီ ဆိုတာလေ . . အဲ . . အဲဒါ . ."

"သတင်းစာကနေ ခေါ်မှာလေ . . အဖေ့စိတ်ကြိုက်သာရွေး . . . စိတ်တိုင်းမကျမချင်း ရွေး . . ဟုတ်ပြီလား"

♥





'တိုင်းလုံးကျော်'ကုမ္ပဏီရဲ့ လေအေးစက် သုံးလုံး တပ်ထားတဲ့ အခန်းထဲမှာ မီနီစကတ်ပေါင်တိုလေးတွေနဲ့မမတွေခမျာ ချမ်းလွန်းလို့ မေးတွေလည်း တုန်၊ ပေါင်တွေလည်း တုန် . . အင်တာဗျူးဖြေရမှာ ကြောက်လို့ ဒူးတွေလည်း တုန်နေကြသည်။

အင်တာဗျူး ဝင်ဖြေတဲ့ အသားညိုညိုနဲ့ကောင်မလေး ပြန်ထွက်လာသည်။

အားလုံးက ဝိုင်းပြီး မေးကြသည်။

"အထဲမှာ ဘာမေးခွန်းတွေ မေးတာလဲဟင် . ."

ကောင်မလေးက ခေါင်းရော လက်ပါ တခါခါဖြင့်

"တစ်ခါမှမဖြေဖူးတဲ့မေးခွန်းတွေ မေးတယ် . . Tom & Jerry ကြိုက်လားတဲ့"

"ဟင် . ."

"ကျွန်မက မကြိုက်ဘူးလို့ပြောတော့ စာရွက်မှာ minus one (-1) လို့ရေးတယ် . . နောက်တစ်ခါ လူကို အနုလုံပဋိလုံကြည့်တယ် . . ခေါင်းခါတယ် . . (-5)လို့ ရေးတယ် . . အသားက နဂိုညိုတာလားတဲ့၊ ဟုတ်ကဲ့ဆိုတော့(-2)တဲ့၊ စကားပြောရင် တံတွေးစင်တယ်ဆိုပြီး(-2) တဲ့ . . သူပေးမယ့် ဆယ်မှတ် သူ့ဟာသူ နုတ်သွားလိုက်တာ ကုန်ရော . . အလကား . . ငပေါကြီးပါ . ."



www.burmeseclassic.com

www.burmeseclassic.com



ကောင်းချီးပြဘာတွေ ပေးနေလိုက်တာ။

နောက်တစ်ယောက် ထပ်ပြီး ခေါ်သည်။

"သီဂီရွှေဝါပိုးထည်တိုက်. . အဲလေ. . သီဂီရွှေဝါမိုး. . ဝင် မယ်"

အဲဒီတစ်ယောက်က ဝင်သွားပြီး ချက်ချင်းပြန်ထွက်လာသည်။ အားလုံးက ဝိုင်းပြီး စပ်စုကြသည်။

"ဘာဖြစ်လို့လဲဟင်. . မြန်လိုက်တာ"

ထိုမိန်းမက ရှုံ့မဲ့ပြီး

"ဝင်သွားတာနဲ့ (-10)တဲ့. . ဘာဖြစ်လို့လဲဆိုတော့ ဝပြီး ပုနေ လို့တဲ့. . သူလိုချင်တဲ့ဒီဇိုင်း မဟုတ်လို့ ဆိုပဲ. . နှာဘူးကြီး. . မသိရင် ခက်မယ်"

ခြေဆောင့်ပြီး ပြန်သွားပြန်ပြီတစ်ယောက်. .

ကျန်တဲ့ မမတွေက အချင်းချင်း ခေါင်းတိုက်ဆွေးနွေးပွဲ ဖြစ် ကြသည်။

"ဟဲ့. . အခြေအနေ မဟန်ဘူး. . ငါတို့အလှည့်ကျရင်(-20) တွေဖြစ်ကုန်ဦးမယ်. . ပြန်ကြမလား"

တစ်ယောက်က

"အိုး. . ရှင်တို့ကလဲ. . အားငယ်တတ်လိုက်တာ. . အဲဒီ





သူမှိုးက ပေးရင် ပက်ပက်စက်စက် ပေးတာနော်. . ကျွန်မက ဒါမျိုးမှ ကြိုက်တာ"

သူက ပြောအားရှိမှာပေါ့လေ. . ငါးရံ့ကိုယ်လုံး(Slimbody) လေးနဲ့ မျက်နှာက ကြွေရုပ်ကလေးလို လှနေတာကိုး. . . (အမှန်က ကြွေမိတ်ကပ်လိမ်းထားတာ)

တစ်ယောက် ဝင်လိုက် ထွက်လာလိုက်နဲ့ ခုတစ်ခါ ချစ်သဲစု ရှုပါရဲ့အလှည့်ရောက်လာသည်။

အပေါ်က အင်္ကျီအဖြူကိုယ်ကျပ်ကို မီးနီစကတ်ခရမ်းရောင် လေးနဲ့ တွဲဝတ်ပြီး အရမ်းကို စမတ်ကျလွန်းတဲ့အတွက် အားလုံးက သူမအလှည့်ကို စိတ်ဝင်စားနေကြသည်။

အခန်းထဲမှာ အင်တာဗျူး စချေပြီ. .

ဦးတိုင်းလုံးကျော်က ချစ်သဲစုရှုပါကိုကြည့်ပြီး တံတွေးတစ် ချက်မြိုကာ

"နာမည်က ချစ်. . . "

ရှည်လို့ပဲ ဆက်မခေါ်တာလား. . ဘာလားတော့ မသိ။

"ချစ်သဲစုရှုပါ အစ်ကိုကြီး"

အသက်နှစ်ဆယ်ကျော်ကောင်မလေးက သူ့လို ငါးဆယ်နား ကပ်နေတဲ့ အဘိုးကြီးကို အဲဒီလိုခေါ်လိုက်တော့ သူ့နှလုံးက မရပ်မနား



www.burmeseclassic.com

www.burmeseclassic.com



ခုန်လာသည်။ ခုန်ပေါက်လွန်းလို့ အပြင်တောင် ထွက်လာမလား ထင်ရသည်။

"ဟုတ်ပါပြီ၊ သမီးရဲ့အတိုင်းအထွာလေး တစ်ချက်လောက်"

ချက်ဆို နားခွက်က မီးတောက်သော ချစ်သဲက ခပ်ညှညှသံဖြင့်

"ရင်က စ,ပြောရမလား. . ဘယ်က စ,ပြောရမလဲ အစ်ကိုကြီး"

တံတွေးကို နောက်တစ်ချက် ထပ်ပြီးမြိုသည်။

"ပြောပါ. . အရှိအတိုင်း ပြောပါ"

"36"-26"-35" ပါ အစ်ကိုကြီး"

"ထင်တယ်. . အဲဒီလောက်ရှိမယ်လို့. . ကြည့်ကတည်းက ...တယ်"

"ဟိုလေ. . အဲဒါမေးပြီး ဘာလုပ်မလို့လဲဟင် အစ်ကိုကြီး"

"ယူနီဖောင်း ချုပ်ပေးမလို့လေ"

"ဟင်. . ဒါဆို ချစ်သဲကို ခန့်လိုက်ပြီပေါ့နော်. . အမယ်လေး ဝမ်းသာလိုက်တာ"

ချစ်သဲက ခုန်ပေါက်ပြီး ပျော်မြူးနေသည်။ ဦးတိုင်းလုံးတော့က ပြုံးပြုံးကြီးဖြင့် -

*ဆောင်းညပြာသိစာပေ*



"ဦး ကိုင်ထားတဲ့ ဆောင်ပုဒ်ကို သိလား"

"ဟင့်အင်း"

"လာ. . ဒီနား လာခဲ့"

ချစ်သဲကို သူ့အနားခေါ်ပြီး

"မတတ်တာကို သင်ပေးလို့ရပေမယ့် မလှတာကို ဘယ်လိုလုပ်ပြီး ပြင်ပေးမတုန်း. . မင်းလေးက ကဗျာမဖီ စာမဖီတဲ့ မဒီလေး မို့ ဝင်လာကတည်းက တန်းပြီး ခန့်လိုက်တာ"

မှတ်သားလောက်တဲ့ ဆောင်ပုဒ်ပါပေ။ အပြင်မှာ စောင့်နေတဲ့ မမတွေ ပွစိပွစိဖြစ်နေကြပြီ။

"ဘာလဲဟ. . ဝင်သွားတာ တစ်နာရီလောက် ရှိပြီ. . ခုထိ ထွက်လာသေးဘူး. . ငါတို့လည်း ဗိုက်ဆာလို့ အူတွေလိမ်နေပြီ"

"စကေ့္တ၊ ဒီညအတွက် အိုဟာတိုင်ဆင်းဖို့ခေါ်ထားပြီနဲ့တူတယ်"

"ဟဲ့. . နင့်စကားက ဘာကြီးလဲဟ"

နာမည်ခေါ်ပေးတဲ့ အပေါက်စောင့်က အားလုံးကြားအောင် အော်ပြီး ပြောသည်။

"ချစ်သဲစုရှုပါနဲ့ ဆရာက အထဲမှာ အိုကေနေပြီဆိုတော့. . ခင်များတို့အားလုံး ပြန်လို့ရပါပြီ"

အားလုံးရှုံ့ရှုံ့ရှားရှားတွေ ဖြစ်ကုန်ကြသည်။

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



"ဒါ သက်သက်စော်ကားတာ. . အင်တာဗျူးလာဖြေတယ်ဆို ကတည်းက အားလုံးကို ဘူး. . အဲလေ. . ဗျူးရမှာပေါ့. . . ပြီးမှသာ မျှမျှတတ ဆုံးဖြတ်ပြီး ရွေးရမှာ. . သူ့အကြိုက်တွေ့တာနဲ့ တန်းပြီးခေါ် ထားရအောင်. . တယ်လေ. . မပြောလိုက်ချင်ဘူး"

အဲဒီလိုဗရုတ်ဗရက်တွေဖြစ်နေချိန်မှာ ဦးဆောက် ပြန်ရောက် လာသည်။

"ကိုထွေး. . ဘာတွေဖြစ်နေတာလဲဗျ"

ကိုထွေးက ဦးဆောက် နား‚နားကပ်ပြီး ပြောပြသည်။

"ဟာဗျာ. . . အဖေတို့က လုပ်ချလိုက်ပြန်ပြီ. . ကဲ. . ကဲ. . အားလုံးပဲ အဖေနဲ့မဗျူးရတော့ ကျွန်တော်နဲ့ဗျူးရအောင် အခန်းထဲ လိုက်ခဲ့ကြပါ"

ဦးဆောက်နောက်ကို မချောတွေ တန်းစီပြီး ဝင်လိုက်သွား သည်။ အခန်းထဲမှာ အင်တာဗျူး စချေပြီ။ ပြောင်းပြန်တွေ ဗျူးနေ တာ။

"နာမည်"

"ဦးဆောက်လို့ ခေါ်ပါတယ်ခင်ဗျ"

"ဟင်း. . ဟင်း. . နာမည်က အဆန်းပဲ၊ ဒါနဲ့ ရှင့်မှာ ရည်း ရှိလားဟင်"





"ရည်းစား မရှိဘူး"

မမတွေအားလုံး လက်ခုပ်တိုင်းတီးကြသည်။

"မိန်းမတော့ ရှိတယ်"

ဦးဆောက် ဆက်ပြောတဲ့စကားကြောင့် ပြုံးနေတဲ့ နှုတ်ခမ်းတွေ မဲ့ကုန်ကြသည်။

"မထင်ရဘူးနော်"

"ခင်ဗျားတို့ကို အားတော့နာပါတယ်. . ဒီကုမ္ပဏီမှာ စက္ကင်ထရီက တစ်ယောက်ပဲ ခန့်မှာဆိုတော့ စာရေးမရာထူးဆို ကျွန်တော် လုပ်ပေးလို့ရပါတယ်"

"ကျွန်မတို့အားလုံးကိုခန့်မှာလား၊ ဘယ်လောက်ပေးမှာလဲ"

"တစ်လကို တစ်သိန်းနဲ့ ဖုန်းတစ်ယောက်တစ်လုံးစီ ပေးမယ် ဘယ်လိုလဲ"

"အိုး. . ရက်ရောလိုက်တာ၊ လာကတည်းက ကိုယ့်ရုပ်ကိုယ် သုံးပြီးသား. . ပြုတ်မှာပဲလို့"

"ကုမ္ပဏီအသစ်ဆိုလို့ အချဉ်ရမလားဆိုပြီးလာတာ. . အမှန်တော့ အရင်ကုမ္ပဏီမှာ ကျွန်မက သန့်ရှင်းရေးလုပ်လာတာ"

"မြတ်စွာဘုရား"

ဒီတစ်ခါ ဘုရားတ‚ရသူက ဦးဆောက်ပင်။



www.burmeseclassic.com

www.burmeseclassic.com



မချောဆယ်ယောက်နဲ့ ဦးဆောက် အပေးအယူတွေ တည်
သွားကြသည်။

ဦးဆောက်က သူ့အဖေအခန်းဘက်ကို ကူးသွားသည်။

"အဖေ"

ဦးတိုင်းလုံးကျော်က မှိုင်တွေ့ကြီးတွေ့ထားသည့်မျက်နှာပေးဖြ

"သားပြန်လာပြီလား. . ဒီမှာလေ အဖေ့စတ္တင်ထရီ. . ဘယ်
လိုလဲ. . လှတယ်မဟုတ်လား"

"အင်း. . လှပါတယ်. . အဖေနဲ့ပြောစရာရှိတယ်"

"ချစ်သဲရေ. . မနက်ဖြန် အလုပ်စ,ဆင်းတော့နော်"

"ဟုတ်. . အစ်ကိုကြီး"

ဗုဒ္ဓေါ. . ချစ်သဲတွေဘာတွေတောင် ဖြစ်နေကြပြီ။ ဒီအမျိုး
သမီး တော်တော်ရဲတာကိုတော့ ဦးဆောက် လက်ခံလိုက်ရသည်။

သူထွက်သွားတော့မှ ဦးဆောက်က

"အဖေ့အတွက် စကားပြန် ငါးယောက်နဲ့ ဘော်ဒီဂတ် လေး
ယောက်ရပြီ"

"ဟာ. . မြန်လှချည်လား. . ဘယ်လိုလုပ်ပြီးရှာလာတာလဲ"

"အဖေ့သားပဲဗျာ. . စကားပြန်ရှာရတာ မခက်ပါဘူး၊ တရုတ်
စကားပြန်အတွက် တရုတ်စားသောက်ဆိုင်ကို သွားတယ်. . တရုတ်





ဆိုင်ဆိုတော့ တရုတ်တွေပဲ လာမှာပေါ့. . အဲဒီမှာတွေ့တဲ့တစ်ယောက်
နဲ့ စကားလေးဘာလေး ပြောပြီး ခေါ်လာခဲ့တာ. . ဂျပန်စကားပြော
တတ်တဲ့သူလိုချင်တော့ ဂျပန်ဆိုင်မှာ သွားရှာလာတာပေါ့. . နောက်
ပြီးတော့. . ကိုးရီးယား၊ အိန္ဒိယနဲ့ အင်္ဂလိပ်စကားပြောတတ်တဲ့သူတွေ
လည်း ရှာခဲ့ပြီးပြီ"

"ဘော်ဒီဂတ်ကော ဘယ်က ရှာလာတာတုန်း

ဦးဆောက်လည်း မဆိုင်းမတွပင်

"ကားဘော်ဒီရုံက ခေါ်လာတာ"

'အေး. . မဆိုးဘူး. . ဒါကြောင့်ပြောတာ. . မင်းမှာ အမြင်ရှိ
ပါတယ်လို့"

"အဖေ. . ရက်ကို ပြန်ခေါ် ပေးရမယ်နော်. . ကတိတည်ပါ
စေ"

"ခဏခဏ နားပူနားဆာမတိုက်နဲ့. . ငါ့ကတိ ငါသိတယ်"

♥



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

လော်ရယ်မိုးမြင့်သဇင်က ဒီနေ့ ပွဲပျက်သွားသည့်အတွ

ဖူးဖူးကို အသေဖုနေသည်။

'365'မှာ ထိုင်ပြီး စိတ်ပျက်လက်ပျက်ညည်းပုံက

"ညည်းနှယ်. . အ,လိုက်တာလေ. . အိမ်ထောင်ဖက် မေ တွေ့ပါတယ်ဆိုမှ သူ့ရှေ့မှာ ကိုယ့်ပြစ်ချက်ကိုပြောစရာလား၊ ယော စရာရှားလို့အေ"

"သူက ဖူးကို တမင်သက်သက် စမ်းသပ်တာပါ မမရယ်. မေးတာက ကြည့်လေ. . ကလေးရှိလားတဲ့. . ဖူးလည်း ယောင်ပြီး. ရှိတယ်လို့ ဖြေမိတာပေါ့"

အမှန်ကတော့ လော်ရယ်က သူ့ကိုယ်သူ လူပျိုကြီးလို့ ပြေ ကြော်နေတဲ့ ကြောင်ဖားကြီးတစ်ယောက်ဆီမှာ တစ်ခုလပ်ပေမယ့် အ





သေးပါလို့ လန်ကြုပ်လုပ်ထားတဲ့ ကောင်မလေးကို ထိုးထည့်ကြည့်ခြင်း ငင်း၊ ဖြစ်ချင်တော့ ဖူးဖူးက အင်မတန်မှယောင်တတ်လေသည်။

"ဟဲ့. . ကိုယ့်စကား မှားသွားမှန်းသိရင်လည်း ပြန်ပြီး ရှော ချလိုက်ပါလား. . အိမ်နားက ကလေးတွေကို ပြောတာလို့"

"အမယ်လေး. . လူလည်ကြီးပါ မမရယ်. . ဖူး ယောင်တတ် တာကို ချောင်းပြီး အလစ်စောင့်နေတာ. . သူ့အဖေ သူငယ်ပြန်တဲ့ အကြောင်းတွေ ပြောပြီး ကောက်ခါငင်ခါနဲ့ မေးပြန်ရော. . ကလေး အဖေ ဘယ်ရောက်သွားလဲတဲ့. . ကျွန်မလည်း ယောင်ပြီး နောက်မိန်းမ ယူသွားပြီလို့ ဖြေမိတာပေါ့"

"နေပါဦး. . သူက ညည်းကို နည်းနည်းမှစိတ်ဝင်စားပုံမပြ ဘူးလား"

"မသိပါဘူး မမရယ်. . ပြောတော့ ပြောသွားတာပဲ"

"ဘာလဲဟဲ့. . ဘာပြောတာလဲ"

"ယရစ်နဲ့အပျိုတဲ့"

လော်ရယ်က သက်ပြင်းချပြီး မှန်ချပ်အကြည်တွေမှတစ်ဆင့် တားပါကင်၌ ထိုးရပ်လာသော ကားတစ်စီးဆီ အကြည့်ရောက်သွား သည်။ ကားပေါ်က ဆင်းလာတဲ့သူကို မြင်တော့. . ပိုပြီး အံ့သြသွား သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူကို သူမ ကောင်းကောင်းမှတ်မိနေသည်။ သူဌေးကြီး ဦးထိပ်ခေါင်ပဲ. .

ဖူးဖူးကို လော်ရယ်က လက်ကုတ်ပြီး ပြသည်။

"ဟဲ့. . ဟိုလူကြီးကိုကြည့်စမ်း. . ရေလျှံတယ်နော်. . ဒီနေ့ မဖြစ်မယ့်အတူတူ သူ့ကို ငါ ဝင်လုံးကြည့်လိုက်ဦးမယ်"

"ဘယ်သူ့အတွက်လဲဟင်"

"ငါ့အတွက်. . အဲလေ. . နင့်အတွက်ဟေ့. . နင့်အတွက်"

ဦးထိပ်ခေါင်က ချိန်းထားသောပါတနာတစ်ယောက်ကို စောင့်ရင်း အပျင်းပြေ i-pad ထုတ်ပြီး game ဆော့နေစဉ်. .

"မင်္ဂလာပါ ဦးထိပ်ခေါင်"

နီစွေးနေတဲ့အနီရင့်ရောင်နှင်းဆီကြီးတစ်ပွင့် သူ့ရှေ့မှာ ဘွား ခနဲပေါ်လာသလို ခံစားလိုက်ရသည်။

သမီးအမေသာ သက်ရှိထင်ရှားရှိသေးရင် အဲဒီအမျိုးသမီး လောက် ရှိရောပေါ့။

"ကျွန်တော့်ကို သိနေတယ်"

လော်ရယ်က သွားဖြူဖြူလေးတွေ ပေါ်အောင် လက်ခနဲပြုံး ပြကာ (မဖြူ. . ဖြူအောင် ဆိုင်မှာ ဂျီးချွတ်ထားရတာကိုး)

"ထိုင်မယ်နော်"





"ဪ. . ထိုင်ပါခင်ဗျ. . ထိုင်ပါ"

"ဦးထိပ်ခေါင်သမီးမင်္ဂလာဆောင်ကို ကျွန်မ လာသေးတယ် လေ"

"အသိတွေထဲကပဲ. . နာမည်လေး သိလို့ရမလားဗျာ"

"ကျွန်မနာမည် လော်ရယ်မိုးမြင့်သဇင်ပါ. . အကျိုးဆောင် လုပ်ငန်းလုပ်ပါတယ်"

ဦးထိပ်ခေါင်က ဘာမပြောညာမပြောဖြင့် လက်ကြီး ကမ်း ပေးကာ

"တွေ့ရတာ ဝမ်းသာတယ်ဗျာ"

"ကျွန်မလည်း ဝမ်းသာပါတယ်. . ခုလိုမျိုး. . ဒိတ်ဒိတ်ကြဲ သူဌေးကြီးတစ်ယောက်နဲ့ခင်မင်ခွင့်ရလို့လေ၊ စကားမစပ် သမီးမင်္ဂလာ ဆောင်တုန်းက ဝတ်ထားတဲ့ ရွှေဖလားရောင်ပုဆိုးက ရှင်နဲ့တော်တော် လိုက်တယ်နော်"

"ဟုတ်လား. . အဲဒီလိုပြောကြတာပဲ. . လှဆို အမရပူရကို လှမ်းမှာပြီး ရက်ခိုင်းလိုက်တာလေ. . ငါးသိန်းကျော်ပေးလိုက်ရတယ်၊ ဟဲ. . ဟဲ. ."

"မဆိုင်ပါဘူးရှင်. . ဈေးဘယ်လောက်ကြီးကြီး. . လူလှမှ လှ တာပါ"



www.burmeseclassic.com

www.burmeseclassic.com



နွားပြာကြီး အောက်သွားမရှိ (တကယ်လည်း မရှိတော့ပါ ဘူး. . အံပုံတွေ တပ်ထားရတာ)သလို ဦးထိပ်ခေါင်က တဟဲဟဲဖြင့် သဘောတွေကို ကျလို့။

"ဟို. . ဒီက မလော်ရယ်. . ကြိုက်တာမှာစားစေဗျာ. . ခုလို မျိုး မြင်တတ်လို့"

တဖြည်းဖြည်းနဲ့ ကိုယ့်ဘောင်ထဲတော့ ဝင်လာနေပြီ။

လော်ရယ်လည်း ဖူးဖူးကို ဆွဲထည့်ဖို့ အချိန်တန်ပြီမို့

"နေပါစေရှင်. . အားနာစရာကြီး. . ဟိုမှာ ကျွန်မညီမလေး တစ်ယောက် ပါလာသေးတယ်"

ဦးထိပ်ခေါင် အာရုံစိုက်စေချင်၍ ဖူးဖူးကို တမင်ပြပြီး ပြော လိုက်ပေမယ့် ဦးထိပ်ခေါင်က တစ်ချက်ပဲ လှမ်းကြည့်ကာ

"ညီမက အစ်မကို ခြေဖျားတောင် မမီပါလား. . အရင်းကော ဟုတ်ရဲ့လား"

"သိပ်တော့ မရင်းပါဘူး. . ညီမလေးကို အိမ်ထောင်ပြုပေး ဖို့ အချိန်တန်နေပြီဆိုတော့ သင့်တော်တဲ့သူတွေ့ရင် ကြည့်နေရတာပဲ ရှင့်"

"မလော်ရယ်မှာတော့ အိမ်ထောင်မရှိလောက်ပါဘူးနော်"

"ဘာဖြစ်လို့လဲဟင်"





လော်ရယ်က အူကြောင်ကြောင်နိုင်စွာ ပြန်မေးတော့ ဦးထိပ် ခေါင်က

"မဟုတ်ပါဘူး. . ဒီလောက် ကျက်သရေရှိတဲ့. . မိန်းမတစ် ယောက်ကို ယောက်ျားမရှိစေချင်တာပါ. . ဟဲ. . ဟဲ. . ပြောရမယ်ဆို ရင် နှမြောလို့"

အလိုတော်. . ပြောပုံကိုက ပိုင်စိုးပိုင်နင်းနဲ့. . ပြန်မေးလိုက် ရ မကောင်းဘဲရှိတော့မယ်. . နှမြောရင် ရှင့်ဘီရိုထဲ သော့ခတ်ပြီးသိမ်း ထားပါလားလို့. .

အခြေအနေကလည်း ဖူးဖူးဘက်ကို မပါ။ ကိုယ်ပစ်တဲ့ မြား က ကိုယ့်ဆီပဲ ပြန်ပြန်လာနေတော့ လော်ရယ်လည်း ဘယ်သူ့ကိုလှော် လို့လှော်ပေးရမှန်း မသိတော့။

"သေချာကြည့်ပါဦး သူဌေးရယ်. . ညီမလေးက ရုပ်ရှင်မင်း သမီး ခိုင်နှင်းဝေတို့လို ညိုချောလေးပါရှင်"

"ဟုတ်ရင် ဟုတ်မှာပေါ့လေ. . ဒါပေမယ့် သူက ကျွန်တော် တို့အရွယ်နဲ့မကိုက်ပါဘူး. . ပြောရမယ်ဆိုရင် ကျွန်တော်နဲ့ fit size မဟုတ်ဘူး. . ကျွန်တော်ကတော့လေ ရုပ်ရှင်မင်းသမီးဆို စိုးမြတ်သူဇာ ပဲ ကြိုက်တာ. . ဥပမာ မလော်ရယ်တို့လို အရွယ်မျိုးပေါ့. . အဟဲ"

"ရှင်လည်း တော်ကင်အလာသားပဲနော်. . အဟင်းဟင်း"



www.burmeseclassic.com

www.burmeseclassic.com



365 ရှေ့ကို ကိုးရီးယားမင်းသားတွေ စီးလေ့ရှိတဲ့ KIA ကား လေး ထိုးရပ်လာသည်။

ကားတင် ကိုးရီးယားလားဆိုတော့ မဟုတ်ပါ။ ကိုးရီးယား ကားတွေထဲကလို ဘော်ဒီဂတ် လေးယောက်နှင့် စက္ကင်ထရီချောချော လေးတစ်ယောက်ပါ ပါလာသည်။

ဘော်ဒီဂတ်တွေအားလုံးက နေကာမျက်မှန်အမည်းတွေတပ် ပြီး ကုတ်အင်္ကျီအမည်းတွေ ဝတ်ထားကြသည်။ သူတို့လေးယောက် အရင်ဆင်းလာပြီး ကားနံဘေးမှာ တန်းစီပြီး ရပ်လိုက်ကြသည်။

ဝိတ်တာကောင်လေးတွေအချင်းချင်း ပြောနေကြသည်။

"ယာကူဆာဂိုဏ်းကလား မသိဘူး"

"ကိုးရီးယားက သူဌေး မဟုတ်ရင် မင်းသား ဖြစ်မယ်ထင် တယ်. . ကြည့်. . ကြည့်နေ. . ဆင်းလာတော့မယ်"

အနက်ရောင်ပင်ဆယ်ဟီး(လ်)နဲ့ ခြေထောက်လှလှလေးတွေ ကို အရင်မြင်လိုက်ရသည်။ ပြီးတော့. . ထပ်မြင်ရတာက လယ်သာနဲ့ ချုပ်ထားတဲ့ အနက်ရောင်စကဒ်တိုတို(ပေါင်လယ်လောက်)၊ အတွင်းက အင်္ကျီက ရင်ဟိုက်လွန်းနေသည်။ ငုံ့ပြီးထွက်လာတော့ ပိုဆိုးသည်။ အပေါ်က ကုတ်အနက်ရောင်ထပ်ဝတ်ထားလို့သာ တော်တော့သည်။

"တော်တော်ရက်ရောတယ်နော်"

*ဆောင်းညဖြာသိစာပေ*



ချစ်သဲစုရှုပါက သူမရဲ့boss ဦးတိုင်းလုံးကျော်ကို ခေါင်းလေး ညိတ်ပြီး ကြိုသည်။

အခြေအနေပြောင်းလို့ သူဌေးဖြစ်သွားပေမယ့်. . သူ့ပုံစံက ဆိပ်ပြီး ပြောင်းမသွား။ ကွာတားဘောင်းဘီအကွက်နဲ့ လူငယ်တွေ ဝတ်သလို အနက်ရောင်တီရှပ်ကိုဝတ်ပြီး လော်လီပေါ့တစ်ချောင်းက ပါးစပ်မှာ တပ်လျက်သား။

ဝိတ်တာလေးတွေက

"အဘိုးကြီးနဲ့တွဲလာတယ်ကွာ"

"စပွန်ဆာဖြစ်မှာပေါ့"

ဦးတိုင်းလုံးကျော်က အရှေ့မှနေပြီး ကော့တော့ ကော့တော့ နဲ့ သွားတော့ သူ့ရဲ့စက္ကင်ထရီနဲ့ ဘော်ဒီဂတ် လေးယောက်ကလည်း သူ့ခြေထောက် ငါနင်း၊ ငါ့ခြေထောက် သူနင်းနဲ့ ဝရုန်းသုံးကားတွေ ဖြစ်လို့. .

. သူတို့အုပ်စု ဆိုင်ထဲဝင်လာကတည်းက အထူးအဆန်းတွေ မို့ အားလုံးက ဝိုင်းကြည့်နေကြသည်။

ဒီလိုအကြည့်ခံရတာကိုက ဖီးလ်တစ်မျိုးဗျ. .

တိုင်းလုံးကျော် တဲ့. . အကြည့်ခံချင်လို့ကို ပိုက်ဆံတွေ ဖုံး ပေါလအောသုံးပြီး ငှားထားရတာ. .

*ဆောင်းညဖြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးတွေက မြင်တတ်သည်။ ဦးထိပ်ခေါင်နဲ့ လော် ရယ်ကို တန်းပြီးမြင်သည်။ မြင်တော့လည်း ခြေထောက်တွေက မနေ ဦးထိပ်ခေါင်တို့စားပွဲနားမှာ သွားရပ်ပြီး ရှိသည်။

"ဟဲလို. . ဦးထိပ်ခေါင်ဗညား. . နေသိပ်မကောင်းဘူးနဲ့တူ တယ်. . အသက်က ကြီးလာပြီကိုး"

ဦးထိပ်ခေါင်လည်း ဘလိုင်းကြီးလာဖွဲ့နေတဲ့ သကောင့်သာ ကို တင်းလာပြီး

"အသက်ကြီးပေမယ့် အမာကြီး ရှိသေးတယ်ကွ. . မင်း ပျော့စိမဟုတ်ဘူး"

"မသိဘူးလေ. . ဘေးနားမှာ ခတ်စာလေးပါလာတော့ မကောင်းဘူးလားလို့"

"တောက်၊ အဆင့်ကို မရှိဘူး. . တစ်လုံးချိုင့်"

ဦးထိပ်ခေါင်စကားကြောင့် ဦးတိုင်းလုံးကျော်က ခနဲ့တဲ့ မဆိုးမခန့်ရယ်လေသည်။

"ကျုပ်က တစ်လုံးချိုင့်မဟုတ်တော့ဘူးဗျ. . စကားကို အ အနေနဲ့အချိန်အခါကိုကြည့်ပြီးမှ ပြောရတယ်"

ဘော်ဒီဂတ် လေးယောက်ထဲမှ ပါးနီလေးဆိုးပြီး နှုတ်ခမ်း ပါးပါးဆိုးထားတဲ့ ကြီးက ဝင်စွာသည်။

ဆောင်းညဖြာသိုစာပေ



"ကျွန်မသူဌေး. . အဲလေ. . ကျွန်တော့်bossကို တစ်လုံးချိုင့်လို့ ပြောရအောင် ရှင်က. . အဲ. . ခင်ဗျားက ဘာကောင်လဲ. . ဒီမှာ တွေ့လား လက်ဝါး. . ပါးရှစ်စိပ်ကွဲအောင် ဆွဲချပစ်လိုက်ရ"

"ခွီး. . ခွီး. . အဟီး. . ဟီး. . အဲဒါကြီးက မင်းဘော်ဒီဂတ် လား. . ပါးနီကြီးနဲ့ အခြောက်ကြီး"

ဦးထိပ်ခေါင်က ဟားတော့ ဦးတိုင်းလုံးကျော်က သူ့လူ သူ လှည့်ပြီး မာန်သည်။

"မသာမ. . ကမြင်းမ. . နင့်ဟာနင် ခြောက်ချင်တဲ့အချိန် ခြောက်. . ငါ့ဘော်ဒီဂတ် လုပ်တဲ့အချိန်မှာတော့. . စိုနေဖို့ ပြောထား တယ်မဟုတ်လား. . ချစ်သဲ. . ဒီလ ဒီကောင့်ကို လစာတစ်ဝက်ဖြတ် လိုက်"

ဒီကောင်. . တကယ်ပဲ ကြီးပွားနေတာလား. . လုပ်ဇာတ် တွေ ခင်းနေပြန်ပြီလား. . ပြောင်းလဲတာတော့ အတော်ကြီးကို ပြောင်း လဲနေသည်။

"ခင်ဗျားသမီးလေး ဝေရက်ကို ပြောလိုက်ဦး. . သနားတယ် လို့. . ကျုပ်သား ဦးဆောက်က နတ်ပြည်မရောက်ပေမယ့် အနားမှာ တစ်ဖက် ငါးရာနဲ့ငြိမ့်နေပြီလို့. . ဟဲ. . ဟဲ. . "

ဦးတိုင်းလုံးကျော်က အနိုင်ဂိုးသွင်းပြီး ထွက်သွားသည်။

ဆောင်းညဖြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးထိပ်ခေါင်ခမျာ ချေပဂိုးလေးတောင် ပြန်မသွင်းလိုက်ရ
လော်ရယ်က ပွဲကြည့်ပရိသတ်လုပ်နေရာမှဝင်ပြီး စပ်စုသည်။

"ကလေးတွေက အဆင်မပြေလို့လားဟင်"

"ကလေးတွေက ပြေပါတယ်. . အချိုးမပြေတာက ခုနက
လေ. . တွေ့တယ်မဟုတ်လား. . အသက်ကြီးပြီး အချိန်မစီးတာ. .
ကို အမြင်ကတ်လို့ ကျွန်တော့်သမီးကို မင်္ဂလာဦးနေ့မှာကို ပြန်သိ
လာတာ"

"ဟင်. . ညတောင် မရောက်လိုက်ဘူးပေါ့"

"ဒါပေါ့"

သူ့သမီး အပျိုရည်မပျက်သေးကြောင်း ဂုဏ်ယူပြီး ပြော
တဲ့ ဦးထိပ်ခေါင်ကို လော်ရယ်က ချီးချလိုက်သည်။

"ပတ်ဝန်းကျင်အမြင်မှာတော့ ရှင့်သမီးက အပျိုမဟုတ်တော့
ဘူးလေ. . ရှင် စိတ်လိုက်မာန်ပါတွေ လျှောက်လုပ်နေရင် ကလေး
အတွက် မကောင်းဘူးနော်. . ခုပဲကြည့်လေ. . ဟိုက ပြောသွားပြီ.
သူ့သားမှာပေါ်တဲ့အကြောင်း. . ဒီအတိုင်းထားရင် သွေးအေးကုန်
ပေါ့"

အမယ်လေး. . သမီးလေးအမေကို သတိရလိုက်ပါဘိ။

အနားမှာနေပြီး ကောင်းဆိုးဝေဖန်ပေးမယ့် မိန်းမ မရှိခဲ့တာ





တွေကြာပြီးကာမှ လော်ရယ်မိုးမြင့်သဇင် ဆိုတဲ့ မိန်းမကြောင့်. .
ဒီကွက်လပ်ကြီးကို ပြန်ပြီး သတိရလာပြီ။

"ဒါဆို. . ကျွန်တော် ဘယ်လိုဆက်လုပ်ရမလဲ"

"ဒီကိစ္စမှာ ရှင်အသာနေပါ. . ကျွန်မတို့ လော်ရယ်အေဂျင်
က ဆက်ပြီးလုပ်လိုက်မယ်. . ဟုတ်ပြီလား"

လော်ရယ်က မတ်တတ်ရပ်ပြီး လက်ညှိုးနဲ့လက်မကို နားနား
တော့ကာ ဖုန်းဆက်မည့်သဏ္ဌာန်လုပ်ပြသွားသည်။

အင်ဂျင်ကျနေလို့ ဘယ်လောက်ပဲ ပုတ်နှိုးနှိုး. . ဖွတ်ချပ်. .
တ်ချပ်ဖြစ်နေကဲ့ နှလုံးက ခုတော့ ကျန်းမာရေးကောင်းလာပြီထင်ရဲ့။
နေလိုက်တာများ လူပျိုလေးက အရှုံးပေးရမည်ထင်သည်။

အနှစ်နှစ်ဆယ်ကျော် ပိတ်ထားတဲ့ ရေဒီယိုပေါင်းကြီးကို
ဖွင့်ရတော့မယ်နဲ့ တူပါရဲ့. .

♥



www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

ချစ်သဲစုရှုပါက သူဌေးကို နက်ခ်တိုင်စီးပေးရင်း ဒီနေ့ ap-
pointment ယူထားတာတွေကို အစီရင်ခံနေသည်။

"ဆယ့်တစ်နာရီမှာ တရုတ်ကလာတဲ့ အေးဂျင့်နဲ့ထမင်းစား
ရှိတယ် Boss"

"တရုတ်စကားပြန်ကို ခေါ်ထားလိုက်"

"ဟုတ်. . ကိုးရီးယားကုမ္ပဏီတစ်ခုကလည်း တွေ့ခွင့်တောင်း
ထားတယ်"

"ဘယ်အချိန်လဲ"

"ညနေ သုံးနာရီမှပါ"

"ဟိုကောင် ပဲခေါက်ဆွဲကို ကြိုပြောထားဦး. . လတ်လျား. .
လတ်လျား အွန်လိုင်းပေါ်တက်ပြီး ဟိုပုံတွေပဲ ရှာမနေနဲ့လို့"





ကိုးရီးယားစကားပြန်အမည်က ပဲခေါက်ဆွဲတဲ့. .

ဒီနေ့ ညှို့သည်တွေနဲ့ တွေ့ရမှာဆိုတော့ ဒီကောင်တွေရဲ့
အစွမ်းအစကို တွေ့ရတော့မှာပေါ့. .

အခန်းဝမှာ ပြုံတစ်ပြုံတစ်နဲ့ချောင်းနေတဲ့ ခေါင်းလေးတစ်
လုံးကို တွေ့နေရသည်။

"ဟဲ့. . ဒီနားမှာ ဘာလာချောင်းနေတာလဲ"

"နက်ခ်တိုင်စည်းနေတာကို ချောင်း. . အဲလေ. . ညှို့သည်
ရောက်နေလို့ လာပြောတာပါ ဆရာ"

"ဘယ်သူလဲ"

"ခပ်တောင့်တောင့် ခပ်ဖြောင့်ဖြောင့်. . အလန်းစားကြီးပါ
ဆရာ"

"မိန်းမလား"

စာရေးမက ခေါင်းညိတ်ပြသည်။

တိုင်းလုံးကျော်တို့ ဇာတာတက်လာပြီပဲ. . သူ့ပါးစပ်မှ လေ
တစ်ချက်ချွန်လိုက်ပြီး

"အထဲ လွှတ်လိုက်"

ဟု လှမ်းပြောကာ သူ့အနားမှာ တောက်တဲ့လို တွယ်ကပ်နေ
သော ချစ်သဲကိုနှင်ထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလိုက်သိရာမှာတော့ နှစ်ယောက်ရှိမှာ မဟုတ်တဲ့ သူ့ရဲ့ အတွင်းရေးမှူးမလေးပါ။

ကန်တော့ပါရဲ့. . အိမ်သာသွားရင်တောင် အိမ်သာအဝမှာ လိုက်စောင့်နေတာ. .

ချစ်သဲက အထွက်. . လော်ရယ်က အဝင်. . ။ လော်ရယ်က မျက်နှာလေးကို မော့ချီကာ ချစ်သဲကို စောင်းပြီး ကြည့်သွားသည်။

ဦးတိုင်းလုံးကျော်က သူ့ကိုတွေ့ချင်လို့လာတဲ့မိန်းမကို ဖော် ရွေရွှာ နှာဘူးထလေသည်။

"လှလိုက်တာ"

"ကျွန်မ ထိုင်မယ်နော်"

"ထိုင်ရုံတင်ပဲလား"

"ရှင်"

"ဩော်. . အိပ်ချင် လှဲအိပ်လိုက်ပါလားလို့ ပြောတာ. . အဟဲ . . ဟဲ. . ဟဲ"

မျက်နှာရှုံးကြီး။

ဟိုတစ်ယောက်(ဦးထိပ်ခေါင်ဗညား)က တည်တည်ကြည် ကြည်ဘူးတယ်။

ဒီလူကကျတော့ ပြောင်ကျကျကို ဘူးတာ. .

ဆောင်းညမြသိင်္ဂလေ



"ကျွန်တော်နဲ့ တွေ့ချင်တဲ့ဆိုတော့. . . ဘာကိစ္စများ ရှိလို့ ထဲဟင်"

လော်ရယ်က တိုင်းလုံးကျော်ရဲ့ မျက်လုံးအိမ်ထဲကို စိုက်ပြီး ကြည့်လာသည်။ တည့်တည့် ကြည့်လာတော့ ညို့နေသလား ထင်ရ တာပဲ။

"သားရေး သမီးရေး လာပြီး အကျိုးဆောင်ပေးတာပါ. . ကျွန်မနာမည် လော်ရယ်မိုးမြင့်သဇင်ပါ. . တစ်နေ့က 365 မှာ တွေ့ ကြသေးတယ်လေ"

"ဟာ. . ဟုတ်ပြီ. . မှတ်မိပြီ။ ဟိုကောင် ထိပ်ပြောင်ကြောင် ဘူးအနားမှာ ထိုင်နေတဲ့တစ်ယောက်က ခင်ဗျားလား"

"ဟုတ်ပါ့ရှင်"

"ခင်ဗျားတို့က ဘာတွေလဲ"

"ဘာမှမလဲဘူး. . ရှင်ထင်ရာတွေ လျှောက်တွေးမနေနဲ့. . . အလေးတွေကို သနားလို့ ဦးထိပ်ခေါင်ကို ကျွန်မ နားချနေတာ၊ ဘယ့် နှယ်ရှင်. . သူတို့ခမျာ ရှင်တို့နှစ်ယောက်ရဲ့အတ္တတွေကြားမှာ ချောင် ပိတ်မိနေပြီ. . သူတို့ရဲ့အချစ်အိမ်လေး ပြိုကျသွားမှာ ကျွန်မ မလိုလား ဘူး. . ကျွန်မ အသက်ရှင်နေသေးသရွေ့ ချစ်တဲ့သူတွေအားလုံး ပေါင်း ဖက်စေရမယ်. . အဲဒါ ကျွန်မခံယူချက်ပဲ"

ဆောင်းညမြသိင်္ဂလေ

www.burmeseclassic.com

www.burmeseclassic.com



ဦးတိုင်းလုံးကျော်က လက်ဖျောက်တစ်ချက်တီးကာ

"ကြိုက်ပြီ. . ခင်ဗျားဒိုင်တွေကို ကြိုက်သွားပြီ ဆက်မပြော
တော့. . ခင်ဗျားဆက်ပြောရင် လူကိုပါ ကြိုက်ချင်ကြိုက်သွားနိုင်တယ်
ကျုပ်ကလည်း ကလေးတွေကို ခွဲဖို့ဆန္ဒမရှိပါဘူး. . ဟိုကောင် ထော
မကျိုးလို့ချိုးပစ်လိုက်တာ. . ဒီက မလော်ရယ် စိတ်အေးအေးထား
သားက သူ့ကောင်မလေးကိုသိပ်ချစ်တာ၊ မြတ်မြတ်နိုးနိုးနဲ့ကို ချစ်တ
အဖေတူသားလေးအဟဲ. . အဖေလည်း အရမ်းချစ်တတ်တာ သိလာ

အပျိုကြီးရင်ဘတ်ထဲမှာ ရှမ်းအိုးစည်နဲ့လင်းကွင်းသံတွေ
သွားသည်။

ဒီလူကြီး တော်တော်မလွယ်တာပဲ. . နှုတ်သွက်အာသွက်
ငယ်ငယ်တုန်းကဆို ဘယ်လောက်တောင် ကဲမလဲ မသိပါဘူး။

ပဲခေါက်ဆွဲနှင့်ချစ်သဲက အခြေအနေကောင်းနေတဲ့မြင်ကွ
ကို ခိုးကြည့်ပြီး တိုင်ပင်နေကြသည်။ ပဲခေါက်ဆွဲက ချစ်သဲကို တိုး
လေးပြောသည်။

"မိန်းမ. . ဒီဘိုးတော်က မလွယ်ကြောကြီးနော်. . မင်း သိ
မရက်ရောနဲ့ ကြားလား"

"သိပါတယ် ဒါလင်ရယ်. . သဲက အပေါ်ယံလေးတင် ရ
ရောတာပါ"





"တစ်ခုတော့ ရှိတယ်နော်. . ကိုယ်တို့သားလေးကို အင်္ဂလိပ်
ကျောင်းထားနိုင်အောင် ဘိုးတော်ဆီက ရသလောက် ချူပေတော့"

"ရှင်လည်း သတိထားဦး. . ဒီကုမ္ပဏီမှာ ကျွန်မအနား သိပ်
ကပ်နေ့လေ. . လူရှေ့သူရှေ့မှာ မိန်းမလို့ မှားယောင်ပြီးမခေါ်မိစေနဲ့
ကြားလား. . အားလုံးက ကျွန်မကို အပျိုလို့ပဲ သိထားကြတာ"

"အေးပါကွာ"

အဖေ့အခန်းရှေ့မှာ ဖင်ကြီးကုန်းပြီး ခေါင်းချင်းဆိုင်နေတဲ့
သူတို့နှစ်ယောက်အနောက်မှာ ဦးဆောက်က ရပ်ပြီးကြည့်နေသည်။

"ခင်ဗျားတို့နှစ်ယောက် ဒီမှာ ဘာလုပ်နေကြတာလဲ"

"အမေ့!"

"ကလူ. . ကလူ. ."

"ဘာလဲ. . ကျွန်တော့်ကိုတွေ့တာ ဒီလောက်တောင် ကြောက်
စရာကောင်းနေလား"

ပဲခေါက်ဆွဲက အခန်းထဲကို လက်ညှိုးထိုးပြပြီး

"အစ်ကို့အဖေနဲ့ ဟိုမိန်းမ အစ်ကိုတို့အကြောင်း ပြောနေကြ
တယ်"

"ဘာ. . ငါတို့အကြောင်း. . ဟုတ်လား"

"ဟုတ်တယ်. . ကြည့်ရတာ သူက ကြားဝင်စေ့စပ်ပေးတာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ တူတယ်. . သူတို့နှစ်ယောက် အခန်းထဲမှာ. . ရင်ကြားစေ့နေပြ
တယ်"

"ဟော့ကောင်. . ဟော့ကောင်. . စကားပြောရင် ရှင်းရှင်းပြော
နားရှုပ်အောင် မလုပ်နဲ့"

ထိုအချိန်တွင် လော်ရယ်က အခန်းထဲမှပြန်ထွက်လာသည်

လော်ရယ်ကို တွေ့တော့ ဦးဆောက်တို့ အချိုးပြောင်းသွာ
သည်။ ခုနတုန်းက ပဲခေါက်ဆွဲကို ငေါက်နေတဲ့လေသံနဲ့ ပြောင်းပြ
တွေဖြစ်ပြီး

"တီတီ. . ဘယ်ပြန်မလို့လဲဟင်. . သား လိုက်ပို့ပေးမယ်"

လော်ရယ်က လှပစွာ ပြုံးလိုက်ပြီး

"သား တကယ်လိုက်ပို့ပေးမှာလား"

"ဟာ. . ပို့ပေးမှာပေါ့"

"အန်တီ နေပြည်တော်သွားစရာရှိတယ်"

"ဗျာ. ."

"အဟင်း. . ဟင်း. . အလကား စတာပါကွယ်. . ဝေရက်ပြ
မိုရဲ သိပ်မကြာခင် မင်းရင်ခွင်ထဲ ပြန်ရောက်လာစေရမယ်. . ဟုတ်
လား"

"အားကိုးပါတယ် တီတီရယ်. . ဟိုလေ စကားကြုံပါးတယ်

*ဆောင်းညပြာသိုစာပေ*



မထင်ပါနဲ့. . အခုဆို ကျွန်တော်တို့နှစ်ယောက် VZOနဲ့တွေ့လို့ မရ
တော့ဘူး. . သူ့အဖေကြီး သိသွားလို့လေ. . တစ်နေ့ ကျွန်တော်နဲ့ရက်
အလွမ်းတွေ သယ်နေတုန်း ကျွန်တော်က မသိဘဲ မျက်လုံးတွေ မှိတ်
ပြီး အာဘွားတွေ ဖွတ်ပေးနေတာပေါ့. . မျက်လုံးလည်းဖွင့်လိုက်ရော
. . သူ့အဖေမျက်နှာကြီး ဖြစ်နေပါလေရော. . လန့်လိုက်တာ မပြောပါ
နဲ့တော့ တီတီရယ်. . ပြီးတော့ ကျွန်တော့်ကိုဘာပြောတယ်မှတ်လဲ. .
အာဘွားဆက်ပေးဦးလေတဲ့. . သူ့ရုပ်ကြီးကို မြင်နေမှတော့ ပေးစရာ
လားလို့"

လော်ရယ်က ဦးဆောက်အပြောကြောင့် အူတက်မတတ်
ရယ်လေသည်။ ပဲခေါက်ဆွဲနှင့် ချစ်သဲလည်း တဟီးဟီး တဟားဟား
နဲ့ . . .

ပဲခေါက်ဆွဲက

"တော်သေးတာပေါ့ အစ်ကိုရယ်. . အခုခေတ်စားနေသလို
မရက်ရောလိုက်လို့. . နို့မို့ဆို ယောက္ခမကြီး အကုန်တွေ့သွားမှာ. .
ဟီး. . ဟီး. ."

"ပဲခေါက်ဆွဲ. . မင်း သေချင်နေပြီလား"

"ကဲ. . ကဲ. . စကားကောင်းနေတာနဲ့ အန်တီ ချိန်းထားတာ
လေးတွေရှိလို့ ပြန်ခွင့်ပြုဦးနော်"

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ဦးတိုင်းလုံးကျော်က အွယားဖားယားနဲ့ပြေးထွက်လာတော့ ခြေထောက်မှာ ဖိနပ်ပင် မပါပါ။

“ညှိသည်ကို ဒီအတိုင်း ပေးပြန်လို့ ဘယ်ဖြစ်မလဲ. . ကျွန်တော် လိုက်ပို့ပေးမယ်လေ”

လော်ရယ်ကလည်း အပျိုကြီးဝီဝီ အိုက်တင်ခံသည်။

“လိုက်ပို့မှာဖြင့် ပို့လေ. . မြန်မြန်လာ”

“အရမ်းလွမ်းနေတယ်လို့ ကျွန်တော့်ကောင်မလေးကို ပြောပေးနော် တီတီ”

“အင်းပါ”

ဒီမိန်းမကြီး တော်တော်ချစ်ဖို့ကောင်းတာပဲ. .

ဦးဆောက်က လော်ရယ်ကို အမှတ်တွေပေးနေမိသည်။ ဖြစ်နိုင်ရင် အဖေကိုပါ ပေးပစ်ချင်တာ။

♥



(၁၄)

Boss အပြင်သွားဖို့ အချိန်နီးကပ်လာပြီမို့ ချစ်သဲက လှူလိုက်ရသည်။

ဘော်ဒီဂတ် လေးယောက်ဖြစ်တဲ့ ‘မိုး၊ နဲ့၊ မြေ၊ ကြီး’မှာ သုံးယောက်ပဲ ရှိပြီး ‘ကြီး’ဆိုတဲ့တစ်ကောင် ပျောက်နေသည်။

ချစ်သဲ လိုက်ရှာတော့ ယောကျ်ားအိမ်သာထဲမှာ ကြီးကို တွေ့သည်။ အမယ်. . ဒင်းက မှန်ရှေ့မှာ တူးဝေးမိတ်ကပ်ဘူးနဲ့ နှုတ်ခမ်းနီနဲ့ အကျအနကို ပြင်ဆင်နေသည်။

ဒုက္ခပါပဲ. . အဲဒီအခြောက်မက သူဌေးရဲ့ဘော်ဒီဂတ်တဲ့. .

“အမယ်လေး. . ရှာလိုက်ရတာ ဖတ်ဖတ်ကိုမောရော. . ရှင်က ဒီမှာလာပြီး ဖြီးလိမ်းပြင်ဆင်နေတယ် ဟုတ်လား. . လာခဲ့. . ဟိုမှာ Boss အဆင်သင့်ဖြစ်နေပြီ”



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ဗျစ်တောက်ဗျစ်တောက်နဲ့ ပေါက်ပေါက်ဖောက်နေ

သည်။

"စိတ်ညစ်တယ် တကယ်ပဲ. . လွယ်လွယ်နဲ့ပိုက်ဆံရလို့သာ

ဒီအလုပ် လုပ်မိတာ. . သူသွားလေရာ ကားသောကနေ ပြေး. . ပြေး

လိုက်ရလွန်းလို့ တို့ခြေသလုံးတွေတောင် ကြီးလာပြီ"

"အမယ်လေး. . ရှင် ဒီလိုသာ ကြပ်ကြပ်ခြောက်နေ. . သိပ်

မကြာဘူး. . အလုပ်ပြုတ်မှာပဲ သိလား"

"ဟဲ့. . ညည်းပါးစပ်ပုပ်ပုပ်ကြီးနဲ့အေ. . အခု Boss က ဘယ်

သူနဲ့သွားတွေ့မှာလဲ"

"တရုတ်ကလာတဲ့ အေးဂျင့်ဆိုပဲ. . ဘာတဲ့ နာမည်က ကိုင်

ကြည့်ကွေ့ ဆိုလား"

ကြီး ဆိုတဲ့ အခြောက်မက ဘာမပြောညာမပြောနဲ့ ခုန်ဆွ

ခုန်ဆွလုပ်ကာ

"ဂိုင်စိကွေး. . ဟုတ်လား၊ အဟီး. . နာမည်ကြားတာနဲ့တင်

အသည်းတွေ ယားလာပြီ"

"ကြီးရယ်. . ကိုယ်လိုရာ ကိုယ်ဆွဲတွေးမနေနဲ့. . ဂိုင်စိကွေး

မဟုတ်ဘူး. . ကိုင်ကြည့်ကွေ့ပါဆို. . ပီအောင်ပြော"

"ဟဲ့. . ငါတို့ပါ စားရမှာလားဟင်"





ချစ်သဲက လက်ခါပြကာ

'မမျှော်နဲ့. . ညည်းသည်ကိုတောင် တရုတ်မို့လို့တဲ့. . တရုတ်

ဆန်းမှာပဲ သွားကျွေးမှာပါဆို"

"မြတ်စွာဘုရား"

ကြီးက ဘုရားတ,ပြီး ပါလာသည်။ သူတို့ဘော်ဒီဂတ် လေး

ယောက်က ယူနီဖောင်းအပြည့်အစုံနဲ့ နေရာယူပြီးတော့ တရုတ်စကား

ပြန် အားကွေ့ ကားပေါ်တက်လာသည်။

နောက်ဆုံးမှာတော့ သူဌေးနဲ့အတူ အတွင်းရေးမှူးမလေးက

ထပ်ပြီးပါလာသည်။

ကားပေါ်မှာ သူဌေးဦးတိုင်းလုံးကျော်က အားကွေ့ကို မှာ

သည်။

"ဟေ့ကောင်. . ငါတို့ ပို့မဲ့ပစ္စည်းအတွက်တော့ စိတ်ချလို့. .

မိတ်ဖြစ်ဆွေဖြစ် ဒစ်စကောင်းတောင် ပေးထားသေးတယ်လို့"

သူ့မျက်နှာ တံတွေးလာစင်တော့ ချစ်သဲက

"discount ပါ ဆရာ"

"အေး. . သူပြောတဲ့အတိုင်းပဲ"

အားကွေ့က အူကြောင်ကြောင်ဖြစ်နေသည်။

"ဘာ. . ဘာပစ္စည်းပို့မှာလဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ခွေး"

"ဗျာ"

"မဗျာနဲ့လေ. . တရုတ်မှာ ခွေးတွေ ဈေးကောင်းနေတာ မင်း မသိဘူးလား. . မင်းတို့ကောင်တွေ အမြင်ကို မရှိဘူး. . ဒါကြောင့်. . မကြီးပွားတာ"

သူကပဲ ပြောရတယ်ရှိသေး။ ကြီးကြီးကျယ်ကျယ် ကူမွှာ ထောင်ပြီး ပို့မဲ့ပို့တော့ ခွေးသားပို့မလို့တဲ့. .

ကိုယ်ကလည်း တရုတ်စကားကို လေးလုံးကွဲအောင် ပြော တတ်တာ မဟုတ်။ ကိုယ့်ကိုအထင်ကြီးပြီး လာငှားလို့သာ ပါလာတာ

တရုတ်တန်းက တော်သင့်ရုံ စားသောက်ဆိုင် တစ်ဆိုင်မှာ ညွှန့်သည်ကို ညွှန့်ခဲ့ကြသည်။

စားပွဲထိုးကောင်လေးတွေက

"ဆရာ. . အအေး ဘာချပေးရမလဲခင်ဗျ"

"ရေခဲရေ သုံးဘူးချပေး"

တရုတ်ညွှန့်သည်က နားမလည်လို့ ဘာမှမပြောပေမယ့်. . ချစ်သဲနှင့်စကားပြန်အားကွေ့က နှာခေါင်းရှုံ့ကြသည်။

မှာကျွေးတဲ့အစားအသောက်တွေလည်း ကြည့်ဦး. .

ကန်စွန်းပလိန်းနဲ့ကြက်ဥမွှေကြော်တဲ့, .





ချစ်သဲက

"ဆရာ. . ဝက်ခေါက်ကင်လေး တစ်ပွဲလောက် မှာလိုက်ပါ လားဟင်. . ညွှန့်သည်က တရုတ်ဆိုတော့လေ"

"တော်. . တိတ်. . စားချင် နင်တို့အခေါက် နင်တို့စားကြ. . ငါမှာထားတာတွေက ကျန်းမာရေးနဲ့ညီညွတ်တာတွေချည်းပဲ. . တော် ကြာ အကောင်းတွေ မှာကျွေးပြီး တစ်ခုခုဖြစ်သွားရင် ငါတရားခံဖြစ် နေဦးမယ်. . အားကွေ့ ခေါက်စားချည်း ငမ်းမနေနဲ့. . ဟိုမှာ ညွှန့်သည် က ငါ့ကို ရယ်ပဲ ရယ်ပြနေတယ်. . စကားလေးဘာလေး ပြောဦး"

အားကွေ့က ငွေသွားတွေ ပေါ်အောင် ပြုံးပြနေသော တရုတ် မကြီးကို ပြန်ပြုံးပြပြီး တရုတ်လိုနှုတ်ဆက်လိုက်သည်။

"အညစရော"

ချစ်သဲက စားပွဲအောက်ကနေပြီး အားကွေ့လက်ကို ကုတ် သည်။

"မှားနေပြီ. . အဲဒါ ကိုးရီးယားစကားကြီး"

"နင် ဘာမှမသိဘဲ ဝင်ဝင်မပြောနဲ့. . အခု ကိုးရီးယားစကား က International Language ဖြစ်နေပြီ. . တစ်ကမ္ဘာလုံး နားလည် တယ်"

တရုတ်မကြီးကလည်း ပြန်ပြီးနှုတ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အညစရော"

ကိုးနိုးယားဆူနာမိက တရုတ်မှာလည်း တော်တော်ခံလိုက်ရတယ်နဲ့တူရဲ့။

Boss က အားကွေ့ကို အချက်ပြနေပြီမို့ အားကွေ့လည်း သူတတ်သလောက်မှတ်သလောက်လေးတွေ ထုတ်ပြီး Boss အထင်ကြီးအောင် ပြောရပြီပေါ့။

"စောင်အမ်း"

တရုတ်မကြီး ကြောင်သွားသည်။

နေ့လယ် ဆယ့်နှစ်နာရီပဲ ထိုးတော့မယ်. . . သူ့ကို လာပြီး Good Morning လုပ်နေတော့ အူလည်လည်ဖြစ်နေတာပေါ့. .

တရုတ်မကြီးက

"နီစွဲ စမော့လဲန်" (နင် ဘာလူမျိုးလဲ)

ဟု ပြန်မေးပါသည်။ အားကွေ့က သူ့Bossဘက် လှည့်ပြီး ဘာသာပြန်ပြသည်။

"သူက ပြောနေတယ် ဆရာ. . ဆရာက သိပ်ပြီးခန့်ညားတာပဲတဲ့. . အရမ်းလည်း ဆွဲဆောင်မှုရှိတယ်တဲ့"

ဦးတိုင်းလုံးကျော်က

"သူက ငါ့ကို အဲဒီလိုပဲ ပြောလား၊ ဒါတောင် ငါ အခုအသက်





နည်းနည်းကြီးသွားလို့. . မင်း ပြန်ပြောလိုက်ကွာ. . အရမ်းကျေးဇူးတင်တာပဲလို့. . ဟိုမှာ ပစ္စည်းတွေ များများဖြန့်ပေးပါလို့နော်"

အားကွေ့လည်း ဘာသာပြန်ပေးသည်။ (တလွဲတွေချည်း။)

"ထားစွပ်. . ဝေါ်ဒိုက်နီ"(သူ ခင်ဗျားကိုချစ်တယ်လို့ ပြောနေတယ်။)

တရုတ်မကြီးမျက်နှာက ပန်းသီးလို နီရဲလာသည်။ ပြီးတော့ ထိုင်ခုံမှမတ်တတ်ထရပ်ကာ ဒေါ်ကြီးမောကြီးနဲ့ ဘာတွေပြောမှန်းလည်း သိ။

ပုံစံကြည့်ရတာတော့ ဆဲနေတဲ့ပုံပဲ။

သူမှားသွားပြီ ဆိုတာ. . ချက်ချင်းသိလိုက်ပြီး အားကွေ့က တောင်းပန်သည်။

"မိန့်ကွမ်းရှီး" (ကိစ္စမရှိပါဘူး)တဲ့။

တွေ့ပုချီ လို့ တောင်းပန်ရမှာ. . ဟိုက ဒေါသတွေ အကြီးအကျယ်ထွက်နေတဲ့ဥစ္စာ. . သွားပြီး ကိစ္စမရှိပါဘူးဆိုတော့ တရုတ်မကြီးက သူသင်လာတဲ့ မြန်မာစကားနဲ့ ပြန်ပြီးထုထည့်လိုက်သည်။

"သေချင်းဆိုး"

ဦးတိုင်းလုံးကျော် မျက်လုံးပြူးသွားသည်။

"ဟာ. . သူ ငါ့ကိုဆဲတယ်. . ပီလိုက်တာ ကြည့်စမ်း. . ငါ့မှာ



www.burmeseclassic.com

www.burmeseclassic.com



သေချင်းဆိုးတဲ့ . . မသာမ . . ငါ ထလုပ်လိုက်ရ . . အားကွေ့ . .

ဘာလုပ်နေတာလဲ . . ငါ့အစား ပြန်ဆဲပေးစမ်း”

သူ့ရဲ့ဘော်ဒီဂတ် လေးယောက်ထဲက မိုးက

“ကျွန်တော် ဖြဲလိုက်ရမလား ဆရာ”

ဦးတိုင်းလုံးကျော်က လက်ကာပြသည်။

ကြီး ဆိုတဲ့အခြောက်မက

“ကျွန်တော့်တာဝန်ထား . . ဒီကောင်မလောက်တော့ ကော

ကောင်း ကလော်တုတ်ပေးလိုက်မယ် . . ဟဲ့ . . တရုတ်မ . . ဖော

. . .”

“အို . . တော်ကြပါတော့ . . ဆရာ ဒီပွဲက အဆင်မလှ

ဘူး . . ပြန်ရင် ကောင်းမယ်နဲ့တူတယ်”

ချစ်သဲက ကြားဝင်ပြီးပြောတော့ အားကွေ့က တရုတ်မ

ကို အပိတ်နှုတ်ဆက်လိုက်သည်။

“ရှဲ့ရှဲ့နီ” (ကျေးဇူးတင်ပါတယ်)

သူ့ကိုရိုရပ့်မလေးလားဆိုပြီး တရုတ်မကြီးက အားကွေ့ကို ပါ

ချသည်။ ဝရုန်းသုံးကားနဲ့ သူတို့ရဲ့တွေ့ဆုံပွဲကြီးက အောင်မြင်စွာ

ဆုံးသွားပါသည်။

♥



(၁၅)

ဦးထိပ်ခေါင်က အံ့ဩလို့ ထွက်လာတဲ့ သူ့အသံ သူပြန်ပြီး .

လန့်သွားသည်။

“ကိုမြင့်ဆွေ . . ခင်ဗျား လာနောက်နေတာလား

“နောက်စရာလားဗျာ . . . ကျုပ်မျက်စိနဲ့ တပ်အပ်တွေ့ခဲ့တဲ့

ဥစ္စာ . . ခင်ဗျားရဲ့နှင်းဆီပွင့်ကြီးလေ . . ခင်ဗျားနဲ့ ခမည်းခမက်တော်

တဲ့ ဟိုဖွားကြောင်ကြားကောင်နဲ့ အကြည်ဆိုက်နေလေရဲ့”

“ဒါ . . ဒီကောင် သက်သက် ကျုပ်ကိုကြောတာ . . ဟိုနေ့က

365မှာ လော်ရယ်နဲ့ကျုပ်ကို တွဲပြီးတွေ့လို့ ဒင်းက လာရိသွားသေးတယ်

လေ . . ကျုပ်သဘောကျနေမှန်းသိလို့ လိုက်ဖျက်နေတာ . . နေစမ်း . .

တွေ့မယ် . . တွေ့ဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ကဲ. . . ကျုပ်လည်း မိတ်ဆွေကောင်း ပီသစွာ လာ
အကြောင်းကြားပြီးပြီ. . ခင်ဗျား နောက်ကောက်ကျသွားမှာ စိုးလို့

"နာမည်ကိုက ထိပ်ခေါင်. . ဗျ။ သူများတွေရဲ့ထိပ်မှာပဲ နေ
တာ. . ဘယ်တော့မှအောက်မှာ မနေဘူး"

ဧဝရက်က သူ့အဖေပြောတဲ့စကားတွေ ချောင်းနားထော
ပြီး အံ့သြနေသည်။

မာမီဆုံးပြီးနောက်ပိုင်း ဒယ်ဒီ ကြိုက်ကြွတာ ဒီတစ်ခါပဲ ကြ
ဖူးသေးသည်။ (ကန်တော့. . ကန်တော့ပါရဲ့။)

ဘယ်လိုဖြစ်လို့များ ကောက်ခါငင်ခါ မိန်းမလိုချင်လာသ
မသိပါဘူး။

ပြီးတော့ အဲဒီမိန်းမကို ဦးဆောက်ရဲ့အဖေနဲ့ဒယ်ဒီက အပြ
ပိုးနေကြတာတဲ့. . ဒါတွေ ဦးဆောက်မှသိပါလေစ။

ဒယ်ဒီ ပျားတုပ်နေတုန်း သူ့အလစ်မှာ ရက်က ဦးဆော
ဆီ ဖုန်းခိုးဆက်သည်။ အိမ်ဖုန်းနဲ့ပါ။

ဖုန်းဝင်သွားတော့ မိန်းမတစ်ယောက်က ကောက်ကိုင်သ

"ဘယ်သူနဲ့တွေ့ချင်လို့လဲရှင်"

ရက် ကိုယ့်နားပင် ကိုယ်မယုံပါ။ မောင့်ဖုန်းကို ဘယ်ကမိ
လာကိုင်နေတာလဲ။





"ကျွန်မ ဦးဆောက်ရဲ့ဇနီးပါ. . သူ့ကိုခေါ်ပေးရမလား"

ကြက်တူရွေးမတွေ ခလောက်ဆန်ကြပြီ။

"ဘယ်က ဇနီးလဲဟင်. . သူ့ဇနီးတွေက များတော့ နံပါတ်
စဉ်အတိုင်းပြောမှ အဆင်ပြေမှာ. . ဝမ်းက သူနဲ့ကွဲနေတာဆိုတော့. .
အစ်မက တူးလား. . သရီးလားဟင်"

အဲဒီမိန်းမအသံက ရက်နားထဲကို ကန့်လန့်ကြီးဝင်လာသည်။
သူနဲ့ရက် အဆက်အသွယ်မရတဲ့ သုံး-လေးလအတွင်းမှာ မယား သုံး
ယောက်တောင် ရသွားစရာလား။

"နေပါဦး. . ရှင်က ဘာလဲ"

"သူက ကျွန်မကို သူ့အနားမှာ အချိန်ပြည့်နေပေးပါဆိုပြီး. .
ခေါ်ထားတာ"

'သူကလေ. ."

"ဟုတ်တယ်"

"တောက်"

ရက်က တောက်ခေါက်ပြီး ရင်ထဲမယ် တနုံ့နုံ့ ခံပြင်းနေမိ
သည်။

ဒင်းက ဒါဘာအချိုးချိုးတာလဲ။ သားကိုလိုချင် အဖေကိုကြည့်
တဲ့. . ဒယ်ဒီပြောတာ သိပ်မှန်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေလည်း အပိုးမှမကျိုးတာ။

ပြဿနာတစ်ရပ်ကို ရင်ထဲမှာ သိမ်းမထားတတ်သူပီပီ ရက်က သူ့အဖေအခန်းရှေ့မှာရပ်ပြီး တံခါးသွားခေါက်လေသည်။

"ဒယ်ဒီ"

"ဘာလဲ သမီး"

"ရက် ဝင်ခဲ့မယ်နော်. . ဒယ်ဒီ့ကို ပြောစရာရှိလို့"

ပြောလည်း ပြော၊ အခန်းထဲလည်း ရောက်လာသော ရက်သည် ဆိုင်းမဆင့်ဗုံမဆင့်ပင်. .

"ဒယ်ဒီ. . ရက်ကို ဦးဆောက်နဲ့ကွာရှင်းပေးပါ"

"ဟေ! သမီးပဲ ဒီကောင်နဲ့မတွေ့ရလို့ တပိန်ပိန်တလိန်လိန် ဖြစ်နေပြီးတော့ ဘယ်လိုဖြစ်လို့ စိတ်ပြောင်းသွားတာတုန်း"

"သူ့ထက်သာတဲ့ကောင်တွေနဲ့ ဟောတစ်ယောက် ဟောတစ်ယောက် တွဲပြချင်လို့"

ဦးထိပ်ခေါင်က တဟားဟားနဲ့သဘောတွေကျနေသည်။

"ပေါက်ပြီ. . ဒယ်ဒီ ပေါက်ပြီ. . သမီးတို့ချင်း စိတ်ကောက်ပြီး အချစ်စမ်းနေကြတာကိုး"

"အချစ်စမ်းနေတာ မဟုတ်ဘူး. . တကယ်ကွဲမှာ. . တကယ်ကွဲမှာ. . ဒယ်ဒီလည်း ဦးဆောက်အဖေကို လုံးဝအလျှော့ပေးစရာ မလို





. . သူလိုက်နေတဲ့ မိန်းမကို ဒယ်ဒီ ရအောင်ယူ သိလား. . ဒယ်ဒီ ငွေအစမရှိရင်ပြော. . သမီးလုပ်ပေးမယ်"

"ဟာ. . ကြည့်စမ်း. . ကြည့်စမ်း. . ရွှေသမီးငွေသမီးလေး ဆိုက်သိရာမှာ နှစ်ယောက်မရှိဘူး. . ဟီး. . ဟီး။ ငါ့သမီးပြောလို့ ဒီ အားရှိသွားပြီ။ မနက်ဖြန် သူလေးကိုproposeလုပ်လိုက်တော့

"လုပ်. . လုပ်. . မြန်မြန်လုပ်. . နို့မို့ဆို ဟိုလူကြီးနဲ့ငြိသွားလိမ့် . . သူတို့သားအဖကို ကြည့်လို့ကို မရဘူး"

"ကြည့်မရဘူးမပြောနဲ့ သမီးရေ။ ဒီကောင်တွေက အခုအမှန် န်ကိုထောနေတာ။ ဒယ်ဒီစုံစမ်းရသလောက်ဆို အမွေတွေရလာ ဆိုပဲ။ တိုင်းလုံးကျော်ဆိုတဲ့ကောင်ဖြစ်ပျက်နေတာများ သမီး မတွေ့ လို့. . သူ့စက္ကင်ထရီမ့ဆို ရုပ်ရှင်မင်းသမီးတွေထက်တောင် လန်း တယ်။ အနောက်မှာလည်း ဘော်ဒီဂတ်တွေတဲ့ တန်းစီပြီးလိုက်နေ များ မာဖီးယားဂိုဏ်းခေါင်းဆောင်လား အောက်မေ့ရတယ်"

ရက်က နှုတ်ခမ်းလေးကို မသိမသာလေး မဲ့ကာ

"ရက်က သူ ငွေမရှိတဲ့ ဘဝကတည်းက မေတ္တာစစ်နဲ့ ချစ်ခဲ့ ဒယ်ဒီ. . အခုလို အိတ်ဖောင်းရင် စိတ်ပြောင်းတတ်တဲ့ယောကျ်ား ဆောရီးပဲ. . သူ့ဟာသူ ဘာကြီးပဲ ဖြစ်နေဖြစ်နေ"



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား. . သမီးက တကယ်ကြီးကို ခါးခါးသီးသီးဖြ[illegible] နေတာပါလား. . သမီးက ဦးဆောက်ကိုတမ်းတမ်းစွဲလိုချင်တုန်းက [illegible] ဝင်ဖျက်ခဲ့သည်။ အခု သူက ဦးဆောက်ကို တကယ်သမက်တော်ချ[illegible] ဆိုတော့မှ သမီးက စိတ်ပြောင်းသွားလေပြီ။ ဒါကြောင့်ပဲ ရာသီဥတုတွေ[illegible] ဖောက်ပြန်ကုန်တာလား မသိတော့ပါဘူး။

"ဒယ်ဒီ. . မနက်ဖြန် ဟိုအန်တီကြီးကို ဖွင့်ပြောလို့ရှိရင် [illegible] သာ ဓောက်ချလိုက် သိလား. . "

"ဟဲ့. . ငါ့အသက် ငါ့အရွယ်ကြီးနဲ့ စားသောက်ဆိုင်မှာ. . [illegible] လူတကာရှေ့မှာ ဒူးထောက်စရာလား"

ရက်က အဖေဖြစ်သူကို စုတ်တသပ်သပ်နဲ့သနားစရာကော[illegible] လိုက်တာဆိုတဲ့ အကြည့်နဲ့ကြည့်ကာ

"ကိုးရီးယားကားတွေမှာ. . . ဘဲကြီးတွေ အပီကြွေပြနေတာ[illegible] မတွေ့ဘူးလား။ဒယ်ဒီ့ကို ခေတ်အမြင်မရှိဘူးလို့ပြောရင်လည်း စိတ်[illegible] က ဆိုးဦးမယ်။ သမီးပြောသလိုသာလုပ်ချလိုက်၊ အန်တီလော်ရယ်[illegible] ကအဖြေကို အနေးနဲ့အမြန်ပြန်ရစေရမယ် လုံးဝအာမခံတယ်သိလား"

"ရိုက်လိုက်စမ်း. . ရိုက်လိုက်စမ်း"

သားအဖနှစ်ယောက် လေထဲတွင် လက်ဖဝါးချင်းရိုက်လို[illegible] ကြသည်။ ♥

*ဆောင်းညပြာ သိစာပေ*

(၁၆)

ဦးဆောက်တစ်ယောက် သူ့အခန်းထဲမှာ ထိုင်လိုက်၊ ထလိုက်နဲ့ ဖင်တကြွကြွဖြစ်နေသည်။

ရက်ကို နည်းအမျိုးမျိုးနဲ့ လိုက်ပြီး ဆက်သွယ်သော်လည်း ရက်က သူ့ကိုရှောင်နေပုံရသည်။ လုံးဝပြန်ဆက်သွယ်မလာခဲ့။

နောက်ဆုံးမှာတော့ စိတ်ကို ပိုင်းဖြတ်လိုက်ပြီး အန်တီလော်ရယ်ဆီ ဖုန်းဆက်လိုက်သည်။

"အန်တီလော်ရယ်. . ကျွန်တော် ဦးဆောက်ပါ"

"ပြော. . သား. . ထူးထူးဆန်းဆန်း တို့ဆီ ဖုန်းတွေဘာတွေဆက်လို့ပါလား"

"ရက်. . ဇဝရက်နဲ့အဆက်အသွယ်ရလား အန်တီ"

"အန်တီက သူ့အဖေနဲ့ပဲ တွေ့တွေ့နေရတော့ သူနဲ့တောင် စကားသေချာမပြောရသေးဘူး"

*ဆောင်းညပြာ သိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖေနဲ့ ခဏခဏမတွေ့နဲ့လေ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ. . တော်ကြာ ကျွန်တော်တို့ချင်း မညားဘဲ. . အန်တီနဲ့သူ့အဖေ အာဝိနေရမှာစိုးလို့ ပြောတာ"

"အာဝိ. . ဟဲ့. . အဲဒါ ဘာကြီးလဲ"

"အာဝါဟ ဝိဝါဟကို ပြောတာ"

"ပေါက်ပေါက်ရှာရှာဟယ်"

အပျိုကြီး ရှက်သွားပုံရသည်။

"အန်တီ. . သူ ကျွန်တော့်ကို စိတ်ကောက်နေပုံရတယ်. . သူ့အိမ် ကျွန်တော် သွားတွေ့လိုက်တော့မယ်. . မစောင့်နိုင်တော့ဘူး"

"ဒါဆို သူ့အဖေမရှိတဲ့အချိန် မင်းသွားလိုက်ပေါ့"

"ဒီလိုလုပ်လေ. . ကျွန်တော် သူ့အိမ်သွားလို့ရအောင် အန်တီက သူ့အဖေကို တာဝန်ယူလိုက်"

"အေး. . ကောင်းသားပဲ. . ဟဲ့. . ဒါ ဘာစကားပြောတာလဲ"

"မဟုတ်ဘူးလေ. . ဦးထိပ်ခေါင်ကို အန်တီက အပြင်ခေါ်ထုတ်ပေးဖို့ ပြောတာ. . ဒါမှ ကျွန်တော်ဝင်ရလွယ်မှာပေါ့"

"အခုလား"

"ဒါပေါ့. . တို့တီတီက သဘောပေါက်လွယ်သားပဲ"





"ဘယ်အရာမှ အလကားမရဘူးနော်. . သိတယ် ဟုတ်. . ဆင်ပြေရင် အကျိုးဆောင်ခတော့ မမေ့နဲ့"

"ဆတိုးပေးမယ်ဗျာ. . ဟုတ်ပြီလား"

မိန်းကလေးတွေ စိတ်ကောက်ရင် ဘာနဲ့ချော့ကြသလဲ. . . အဖော်ဒီဂတ်'ကြီး'က မိန်းမစိတ်ပေါက်နေတာဆိုတော့ ဆီက အကြံဉာဏ်ယူကြည့်ရမှာပဲ။

'ကြီး'ကို သူလိုက်ရှာတော့ အားအားယားယား ပိုကီမွန်ကတ်နေလေရဲ့။ ကြီးအသံက ညံ့နေသည်။

"ဟဲ့အကောင်. . ဒီပွဲ ငါနိုင်တယ်. . ကဲ. . နင့်ရဲ့ မဟာနဖူးယာဉ်ကွင်းကြီးကို ငါတောက်ပြီ"

"တောက်"

"အား. . သေချင်းဆိုးမ. . အခြောက်မ. . နင်းကန် တောက်လားဟဲ့. . နင့်နဖူး နင်ပြန်တောက်ကြည့်ပါလား မသာမရဲ့"

"နင့်နဖူးက ပြောင်ပြောင်လေးဆိုတော့ တောက်ချင်စရာကြီး၊ . . ဟီး၊ နေဦး. . နေဦး၊ ငါတံတွေးဆွတ်ပြီး တောက်ကြည့်ဦးမယ်"

"ကြီး"

ဦးဆောက်ခေါ်သံကြားတော့ ကြီးက လန့်ပြီးထူးသည်။

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးတွေ စိတ်ကောက်ရင် ဘာနဲ့ချော့ရလဲ . . မင်း သိလား"

"ဆရာ့လောက်ကြီးတဲ့ဟာနဲ့ ချော့ပေါ့"

"စကားကို ကောင်းကောင်းပြောစမ်း"

"အရုပ်ကို ပြောတာပဲဟာကို . . ခုခေတ်ကောင်မလေးတွေ အရုပ်ထနေကြတာ မတွေ့ဘူးလား၊ လူအရုပ်လောက်ရှိတဲ့ အရုပ်ကြီး တွေ ပေးရင် သူတို့မှာ ဖြစ်ပျက်နေလိုက်ကြတာ . . ပေးတဲ့လူက သူတို့ ရဲ့မင်းသားဖြစ်ရောပဲ"

"မဆိုးဘူး . . မင်း ideaကောင်းတယ် . . ငါ့ကို အန်တီလော် ရယ်ကလည်း ဒီလိုပဲ ပြောဖူးတယ် . . ကြိုး . . ငါသွားပြီ"

ဦးဆောက်လည်း ကြီးပေးတဲ့ အကြံနဲ့ အန်တီလော်ရယ်ထံ အကူအညီတောင်းပြီး Shopping Mall တစ်ခုဝင်ကာ အရုပ်အကြီး ကြီးတစ်ရုပ်ကို ပိုက်ဆံခုနစ်သောင်းအကုန်အကျခံပြီး ဝယ်လာခဲ့သည်။

အိမ်ကိုပြန်ရောက်တော့ အရုပ်ကို ဧည့်ခန်းထဲရှိ ဆိုဖာပေါ်မှာ တင်ထားခဲ့ပြီး ရေမိုးချိုးအဝတ်အစားလဲဖို့ပြင်သည်။ ကိုယ့်မိန်းမ ကိုယ် ပြန်ပိုးရတော့မှာဆိုတော့ လူပျိုလေးလို ရင်တွေဘာတွေတောင် ခုန်လို့

သားက ရေချိုးခန်းထဲဝင်နေချိန်မှာ ဦးတိုင်းလုံးကျော်က အ အပြင်ကို ရှိုင်းပြီး ဧည့်ခန်းထဲ ဝင်လာသည်။

ဆောင်းညပြာသိစာပေ



ရှိုင်းဆို အကြောင်းက ရှိနေပြီကိုး . . သတင်းကလည်း အတိ အကျရပြီးသား။

သူနဲ့ ခမည်းခမက်တော်တဲ့ ဟိုကောင် ထိပ်ခေါင်ဗညားက သူ့ရဲ့နှင်းဆီပွင့်ကြီးကို propose လုပ်တော့မှာတဲ့ . .

နောက်ကျတဲ့ ခြေထောက် သစ္စာဖောက် မဖြစ်ရအောင် သူ့ အရင် ကိုယ်က သွားပြီး ချစ်ရင်ချစ်တဲ့အကြောင်း ပြောပြီး လက်ထပ် ဖို့ရက်ကို date အတိအကျပေးလို့ ပြောပစ်လိုက်မှာပေါ့ . . ဟဲ . . ဟဲ။

အပြင်ထွက်ဖို့ ပြင်နေတဲ့ သူ့ခြေလှမ်းတွေက ဆိုဖာပေါ်က အရုပ်ကြီးကိုတွေ့ပြီး စိတ်ပြောင်းသွားသည်။

ဟိုကောင်က မိန်းမကြိုက် စိန်လက်စွပ်တွေဘာတွေနဲ့ဆို သူ ဝွမ်းပြီ။ ဒီကောင်နဲ့ကိုယ်နဲ့က ဒီပွဲမှာ အပြိုင်ဖြစ်ရမှာဆိုတော့ လုံးဝနောက် ကောက်ကျလို့ မရဘူး။ သားက ဒါတွေသိလို့များ ဒီအရုပ်ကြီးကို ဝယ် ထားပေးတာလား . .

"သားရေ . . ကျေးဇူးပဲကွာ . . မင်းဝယ်လာပေးတဲ့အရုပ်နဲ့ ငါ လူလုပ်လိုက်ဦးမယ်"

လော်ရယ် ချိန်းထားတဲ့ နာမည်ကြီးHotel သို့ အရုပ်ကြီး တကားကားနဲ့ တိုင်းလုံးကျော် ရောက်လာခဲ့ပြီ။

♥

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

လော်ရယ်က အနက်ရောင်ဇာပွင့်ကြီးတွေကို ဝမ်းဆက်ဝ[illegible]
ထားပြီး ဆံထုံးပုံဆန်းလေးပေါ်မှာ အဖြူရောင်နှင်းဆီတစ်ပွင့်ကို ကျ[illegible]
သရေရှိစွာ ပန်ထားသည်။

ဝတ်စုံနှင့်လိုက်ဖက်စွာပင် ကျော့ရှင်းနေတဲ့ လည်တိုင်ပေ[illegible]
ပေါ်မှာ ပုလဲပုတီးလေးတစ်ကုံးက တင့်တယ်လှပနေသည်။

ဦးထိပ်ခေါင်က သူ့ရဲ့မလုံမလဲဖြစ်နေတဲ့ စိတ်ကို ဖုံးဖိထ[illegible]
ရင်း လော်ရယ်ရဲ့ဇာပွင့်တွေကြားက မြင်နေရတဲ့ ဆင်စွယ်ရောင်လ[illegible]
မောင်းသားလေးကို ခိုး ခိုးပြီး ကြည့်နေမိသည်။

"ရှင်. . ဘာတွေ လိုက်ကြည့်နေတာလဲ"

သူရိုးလူမိသွားတော့ ဦးထိပ်ခေါင်က ရှက်ပြီး ပြုံးဖြုံပြင်သည်။
ဒါပေမဲ့ ယောင်ပြီးထွက်သွားတာက





"လက်မောင်းသားလေးက ဖွေးနေတာပဲ"

"ကျွန်မကို ဒီခေါ်ပြီး လက်မောင်းသားကြည့်မလို့ပေါ့၊ ဟုတ်
လား. ."

"မဟုတ်ဘူး. . မဟုတ်ဘူး. . ပြောစရာရှိလို့ ခေါ်လိုက်တာ"

ပြောပြောဆိုဆိုနဲ့ ဦးထိပ်ခေါင်က ထိုင်ခုံပေါ်မှ ထပြီး သမံ
တလင်းပေါ်မှာ ဒူးထောက်ချလိုက်သည်။

"အို. . ရှင်. . ရှင်. . ဒါ ဘာလုပ်တာလဲ. . မကြီးမငယ်နဲ့. .
ထလေ. . ဟိုမှာ လူတွေဝိုင်းကြည့်နေပြီ. . မရှက်ဘူးလား"

လော်ရယ်က ဟိုကြည့်ဒီကြည့်နဲ့ မျက်နှာမှာ ပါးနီမလိမ်းပါဘဲ
ပန်းနုရောင်သန်းလာသည်။

သန်းမှာပေါ့. . ရှိရှိသမျှ စားပွဲဝိုင်းတွေက သူတို့နှစ်ယောက်
ကိုကြည့်ပြီး ရုပ်ရှင်ရုံမှာ ပိုက်ဆံပေးပြီး ဟာသကား လာကြည့်သလို
အားမနာလျှာမကျိုး ရယ်နေကြတာကိုး. . ဘေးချင်းကပ်နေတဲ့ ဝိုင်း
က ချာတိတ်တွေပြောနေသံကို ကြားပြီး လော်ရယ် ရှက်လာသည်။

"ကြိုက်မရှက် ငတ်မရှက်ဆိုတာ ဒါမျိုးပေါ့ကွ၊ အချစ်သူငယ်
ပြန်တဲ့ရောဂါလေ. . ဟီး. . ဟီး. ."

ဦးထိပ်ခေါင်ကတော့ သူ့အာရုံနဲ့သူဆိုတော့ သူ့အရပ်နဲ့သူ့
ဇာတ် ကွက်တီကို ကနေတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆီက ၁၅၀၀ ကို လူတိုင်း မရနိုင်ပါဘူး. . ဟုတ်တယ် မဟုတ်လား လော်ရယ်. . ဒီ ၁၅၀၀ကို လူတစ်ယောက်အတွက် မင်း သိမ်းထားတာ သေချာတယ်. . ဒီနေ့တော့ ကိုယ့်ကို မင်းသိမ်းထားတဲ့ ၁၅၀၀ ပေးပါတော့ လော်ရယ်"

"ရော့. . ၁၅၀၀"

ဒူးထောက်နေတဲ့ ဦးထိပ်ခေါင်ရှေ့ကို ထောင်တန်တစ်ရွက် နဲ့ ငါးရာတန်အပြာတစ်ရွက် ကျလာသည်။

ဒေါကြီးမောကြီးနဲ့ မော့ကြည့်လိုက်တော့ ကိုယ့်အသက်ကိုယ့် အရွယ်မှအားမနာ. . ကိုးရီးယားစတိုင်လ်တွေထုတ်ပြီး အရုပ်ကြီးတစ် ရုပ်ပိုက်ကာ သူ့ရှေ့မှာ ရပ်နေသော တိုင်းလုံးကျော်ကို တွေ့လိုက်ရ သည်။

"ဟော့ကောင်. . မင်း ရိုင်းလှချည်လား"

"မသိဘူးလေ. . မင်းပဲ ၁၅၀၀ ပေးပါဆို. . ကြည့်ရင်း ကြည့် ရင်းနဲ့. . မင်းမျက်နှာကြီးက သူတောင်းစားနဲ့ တူ. . တူလာလို့ သနား ပြီးပေးတာ. . ဘယ်သူတောင်းစားမှ ၁၅၀၀ ငါမပေးဖူးဘူး ဟော့ကောင် . . အဲဒါ မင်းမို့လို့ ပေးတာ"

ဦးထိပ်ခေါင်က မတ်တတ်ရပ်ပြီး ဦးတိုင်းလုံးကျော်ရဲ့အင် ကျီလက်ကို လက်နှစ်ဖက်ဖြင့် ဆွဲဆုပ်ကာ အံကိုကြိတ်၍





"လာမဖြုန်နဲ့ ဟော့ကောင်. . မင်း နောက်ကျသွားပြီ. . မင်း လို ချင်ရင် အနောက်မှာ သွားပြီး တန်းစီလိုက်"

"အိုး. . ရှင်တို့နှစ်ယောက်လုံး တော်ကြတော့. . ရန်ဆက်ဖြစ် နေရင် ကျွန်မ ထပြန်တော့မှာနော်. . ရှက်ဖို့ကောင်းလိုက်တာရှင်"

သူတို့ဖြစ်ပျက်နေတာတွေ ကြည့်ပြီး အနားမှဖြတ်သွားသော ကောင်မလေးတစ်အုပ်က

"ပင်စင်တန်းတွေ စားမာန်ခုတ်နေကြတယ်ဟေ့၊ ဝေါင်ဝေါင် ရှေး. . ဝေါင်ဝေါင်ရှေး. . တော်ကြာ ငါတို့ကို သွေးစင်နေမှဖြင့်"

"ရှက်လိုက်တာ"

တကယ်လည်း လော်ရယ်တစ်ယောက် မျက်နှာမထားတတ် အောင်ကို ထူပူနေပြီဖြစ်သည်။

"ရှက်ရင် ဒီအရုပ်ကြီးနဲ့ကာထား လော်ရယ်၊ ကလေးကလား လုပ်ရပ်ဆိုပြီး. . မလေးမစားတော့ မလုပ်ပါနဲ့ လော်ရယ်. . တကယ် တော့ ကိုယ့်ရင်ထဲမှာ မင်းကိုချစ်တဲ့ ထုထည်က အဆမတန်ကြီးထွား လာတော့ နေရာမဆံ့ချင်တော့ဘူး. . ဒါကြောင့်. . ဒီအရုပ်ကြီးထဲကို အချစ်တွေ ခဏထည့်ပေးထားတာ. . ညတိုင်း ကိုယ့်ကို အမှတ်ရပြီး ဖက်အိပ်နော်"

ကိုယ့်ကိုယ်ကို နည်းနည်းတော့. . မြောက်သွားသလို ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်နေ့တည်း တစ်ချိန်တည်းမှာ လွတ်လွတ်လပ်လပ်ယောကျ်ား နှစ်ယောက်(လွတ်လပ်မှာပေါ့၊ မုဆိုးဖိုတွေပဲကို)က တစ်ပြိုင်နက်တည်း ချစ်ခွင့်ပန်လာတော့ ဘဝင်လေဟပ်ချင်လာသည်။

ဒီအရုပ်ကြီးကို မြင်တော့ ရယ်ချင်စိတ်ကို မနည်းချိုးနှိမ်ထား ရသည်။ ဦးဆောက်က ဝေရက်ကိုချော့ဖို့ အကူအညီတောင်းလာလို့ သူကိုယ်တိုင် လိုက်ဝယ်ပေးခဲ့တာ. .

ကြည့်ရတာ. . ဒီလူ သူ့သားအလစ်မှာ ဘတ်လာပုံရသည်

အဲဒီအချိန်မှာပဲ ဦးတိုင်းလုံးကျော်ရဲ့ဖုန်းက ထပြီး မြည်လာ သည်။ ဦးထိပ်ခေါင်က ရလာတဲ့အခွင့်အရေးကို လက်လွတ်မခံဘဲ [illegible] ထောက်နေရာမှ မတ်တတ်ရပ်ကာ လော်ရယ်နံဘေးက ခုံမှာ အဖြေ[illegible] အလွှားဝင်ထိုင်လေသည်။

ဦးတိုင်းလုံးကျော်မှာတော့ အရုပ်က တစ်ဖက်၊ ဖုန်းက တစ် ဖက်နဲ့. . .

"သားလား. . အေး. . ပြော"

"အဖေ အခု ဘယ်မှာလဲ"

"လော်ရယ်နဲ့တွေ့နေတာ. . ဘာဟ. . "

သားအဖချင်း ကပ်ပြီး ကြွားရတာကိုက အရသာ။

"ဩော်. . အဖေက တော်တော်ပျော်နေတယ်ပေါ့၊ ကျွန်တော်[illegible]





အရုပ်ကြီး အဖေယူသွားတယ် မဟုတ်လား. . လတ်လတ်ဆတ်ဆတ် ကြီးကို ပျောက်သွားတာ"

"မင်းကလည်းကွာ. . ကလေးလည်း မဟုတ်ဘဲနဲ့. . ဒီအရုပ် ကြီး မင်းနဲ့မလိုက်ပါဘူးကွာ. . အဲဒါကြောင့် လော်ရယ့်ကိုပေးမလို့ ငါ ယူလာတာ. . "

"မမေးမစမ်းနဲ့. . ဒုက္ခပါပဲ အဖေရာ. . အဲဒီအရုပ်က ကျွန် တော့်ကောင်မလေးကို ပေးဖို့ အန်တီလော်ရယ်ကိုယ်တိုင် လိုက်ဝယ် ပေးထားတာ. . . ဒီအရုပ်ကြီး သူ့ကို သွားပေးရင် အဖေ ဂွမ်းတာပေါ့"

"သား. . ဒီမှာ မင်းယောက္ခမကြီးရှိတယ်. . မထူးပါဘူးကွာ . . ဒီအရုပ်ကြီး ငါ အိမ်ပြန်ယူမလာတော့ဘူး. . သူ့သမီးကို ပေးမှာ မဟုတ်လား. . သူ့နဲ့ပဲ အပ်ပေးလိုက်တော့မယ်"

သားအဖနှစ်ယောက် ဖုန်းထဲမှာ ကျိုင်တက်နေတဲ့အချိန်. . ဦးထိပ်ခေါင်က လော်ရယ်အနားမှာ ကပ်ထိုင်ကာ လော်ရယ်၏ လက် နှစ်ဘက်ကို သူ့လက်ကြီးနဲ့ ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်ပြီး ချစ်ခွင့်ပန်နေ သည်။

"သီတင်းကျွတ်သွားပြီ လော်ရယ်. . တော်သလင်းလလည်း ပြီးသွားပြီ. . အဲလေ. . ဟုတ်ပါဘူး. . ကိုယ်ပြောချင်တာက လော်ရယ် နဲ့ကိုယ် အတူတူနေချင်ပြီ. . ကိုယ့်ကိုလက်ထပ်ပါ လော်ရယ်ရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့လူ. . ရော့"

အရုပ်ကြီးက ဦးထိပ်ခေါင်ရဲ့ရင်ဘတ်ကို လာမှန်သည်။

ဦးထိပ်ခေါင်လည်း အရမ်းတင်းလာပြီမို့

"မင်းအချိုးတွေ သိပ်မမိုက်တော့ဘူးကွ"

ဦးတိုင်းလုံးကျော်ကလည်း ခပ်ရင့်ရင့်ပင်. .

"အချိုးမကြိုက်ရင် တစ်ချပ်မော့မယ်ကွာ"

"အရေးထဲ. . ဖဲသမားနဲ့လာတိုးနေရတယ်လို့"

"ဒီအရုပ်ကို ငါ့သားက ဝေရက်အတွက် ဝယ်ထားတာတဲ့. . အဲဒါ မင်းယူသွားပြီး ဝေရက်ကို ပေးလိုက်ကွာ"

"ဘာကိစ္စပေးရမှာလဲ. . သူပေးချင် သူ့ဟာသူ သွားပေးပ ပေါ့. . ဘယ့်နှယ်ကွာ. . အရုပ်တစ်ရုပ်ကို အဖေက ပေးလိုက်. . သာ က ပေးလိုက်နဲ့ အရှက်ကိုမရှိဘူး. . လော်ရယ်. . လာ. . ကိုယ်နဲ့လို ခဲ့. . နိုက်ကလပ်မှာ သွားကဲရအောင်. . ပြီးရင် မနက်ဖြန် တရားရုံး လက်မှတ်သွားထိုးကြမယ်"

"နေ. . နေကြပါဦး. . ကျွန်မ မသိလို့မေးပါရစေ. . ရှင်တို့ ကျွန်မကို ဘယ်လိုမိန်းမမျိုးအောက်မေ့နေတာလဲ. . ကျွန်မဟာကျွန် အောင်သွယ်သာ လုပ်စားတာ. . တစ်ခါမှ လူအပါခံခဲ့တာ မဟုတ်ဘူး ဒီနေ့ ရှင်တို့လုပ်ရပ်တွေက ကျွန်မကို လုံးဝ ရင်မခုန်စေဘူး. . ကိုယ်





တိုယ်ကို အထင်တွေကြီးမနေကြနဲ့. . ဒါပဲ. . ကျွန်မ သွားပြီ"

လော်ရယ်က ပိုက်ဆံအိတ်ကို ခပ်ဆတ်ဆတ်လေးကောက် ကိုင်ကာ စိတ်ဆိုးမာန်ဆိုးနဲ့ထွက်သွားသည်။

"လော်ရယ်. . လော်ရယ်. ."

"ဟာ. . သွားပြီကွာ"

"အဲဒါ မင်းလုပ်လို့. . မသာကောင်. . ငါ မင်္ဂလာယူနေတဲ့ အချိန်မှာ ဘာလာရှုပ်တာလဲ"

ဦးထိပ်ခေါင်က မေးတော့ ဦးတိုင်းလုံးကျော်က

"နောက်ကျတာ ငါ့မှာ ရာဇဝင်မရှိဘူး ဟေ့ကောင်. . မျိုး ကျော့မြိုင်သီချင်းထဲမှာပဲ ရှိတယ်"

"နေစမ်းပါဦး. . လော်ရယ့်ကို ငါက အတည်ကြံနေတာ၊ မင်း လို အပျော်လိုက်ကြံနေတာ မဟုတ်ဘူး၊ အဲဒီတော့ မင်းနောက်ဆုတ် လိုက်ပါ"

"ဆောရီးလို့ ကြိုပြောလိုက်မယ်. . သူ့ကို ငါ မရ ရအောင် ယူမှာ. . စောင့်ကြည့်လိုက်. . ဟဲ. . ဟဲ. ."

ပြောပြီး သူက အနိုင်နဲ့ပိုင်းကာ ထွက်သွားတော့ ဦးထိပ်ခေါင် မှာ 'တောက်'တခေါက်ခေါက်နဲ့ ကျန်ခဲ့ရသည်။

♥



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

အချိန်က မနက် ခုနစ်နာရီလောက်ပဲ ရှိဦးမှာပါ။ မွေ့ရာထဲမှာ ဇိမ်ဆွဲပြီး နှပ်နေတဲ့ ဓဝရက်ကို ဆာမိက တံခါးခေါက်ပြီး လာနှိုးသည်။

"ရက်. . မြန်မြန်ထ. . အပြင်မှာ နင့်ယောကျ်ား ရောက်နေတယ်"

ရက် ကုတင်ပေါ်မှခုန်ပြီးဆင်းကာ တံခါးလာဖွင့်သည်။

"ဦးလေးဆာမိ. . သူ တကယ်ရောက်နေတာလား"

"တကယ်ပေါ့. . နင့်အဖေ မရှိဘူး. . လမ်းလျှောက်ထွက်သွားတယ်. . မြန်မြန်ထွက်တွေ့လိုက်"

ရက်က ကုတင်ပေါ်မှာ သူမ ဖက်အိပ်ခဲ့သော. . အရုပ်ကြီးကို လှမ်းကြည့်ပြီး ရင်ဖိုသွားသည်. .





သူ တကယ်ရောက်လာပြီပဲ. .

"ဦးလေးဆာမိ. . သူ့ကို ခဏစောင့်လို့ ပြောထားလိုက်. . ရက် မျက်နှာသစ်လိုက်ဦးမယ်"

"အေး. . အေး. . ငါ သွားပြောထားလိုက်မယ်. . အာ. . မေ့တော့မလို့. . ဒီမှာ ရက်အတွက် ဖုန်းတစ်လုံး ပေးလိုက်တယ်. . သူ ဆက်လာလိမ့်မယ်. . ရော့. . "

"ဒါများ. . စောစောက ပြောတာမဟုတ်ဘူး. . ပေး"

ဖုန်းက ရက်လက်ထဲအရောက် အချိန်ကိုက်ပင် ဖုန်းမြည်လာသည်။ ဝိုင်ဝိုင်းရဲ့ 'အေးဆေးပါ'သီချင်းလေးက ရက်ကို လှောင်နေသလိုပင်. .

♫ စိတ်ဓာတ်မကျနဲ့ လက်ခံလိုက် × × တွေ့ကြုံသမျှ ဖြေရှင်းလိုက် တစ်လှမ်းချင်းလှမ်း တို့ရှေ့ဆက်ရင်း × × × လိုက်ရှာကြစို့ ဘဝရဲ့အလင်း× × ×တို့ယုံကြည်ထားတဲ့လမ်းဟာ ဒုက္ခရာတွေ များလွန်းနေမလား. . (ဝို့. . အို အေးဆေးပါ)၂ အချိုးအကွေ့အနိမ့်အမြင့်များ ဘဝမှာ. . ဒါလေးများကွာ. . လောကကြီးနဲ့ အားပြိုင်တိုင်း. . သီချင်းလေးတစ်ပုဒ်လောက် ဆိုပစ်လိုက်× × × အနိုင်အရှုံးများနဲ့ဘဝစက်ဝိုင်း × × × ကောင်းတာ ရွေးကာ တွေးပေးလိုက်× × × × ယုံကြည်ရာ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်တဲ့လမ်းမှာ× × ဒဏ်ရာတွေ အဆန်းမဟုတ်တော့ပါ × × (ဝို့ . . ဘို အေးဆေးပါ)၂ အချိုးအကွေ့အနိမ့်အမြင့်များ ရှေ့မှာ ဆီးကြိုမလား× × ×(ဝို့ . . အို အေးဆေးပါ)၂ တို့ကြုံ မယ့် လှည့်ကွက်များ× ×ဘဝမှာ ဒါလေးများကွာ×× ယုံကြည် ရာလျှောက်တဲ့လမ်းမှာ× × ×တို့ရင်ဆိုင်သွားကြစို့လား ♫

ရက်က ဖုန်းဖွင့်လိုက်တော့ ဦးဆောက်က ဝိုင်ဝိုင်းသီချင်းလေး ကို ဆိုပြသည်။

"အေးဆေး. . အေးဆေး. . အေးဆေး. . အေးဆေးပါ . . ဘယ်လိုလဲ. . ရက်လေး. . အေးဆေးပဲလား"

"ဘာ အေးဆေးလဲ. . ရှင့်ကို အမှန်ကြိတ်မလို့စောင့်နေတာ"

"ကိုယ့်မိန်းမလေး. . ဘာလို့ ဒေါသတွေထွက်နေတာလဲကွာ၊ စောစောစီးစီး"

"လာမခေါ်နဲ့ ရှင့်ဆီက အဲဒီမိန်းမ ဆိုတဲ့အသံကြားရင် ကျွန်မ သွေးလန့်ပြီး သေချင်တယ်. . အဟုတ်"

"ကိုယ့်မိန်းမမို့ မိန်းမ လို့ခေါ်တာပဲကွာ"

"နေပါဦး. . ရှင့်ဆီမှာ မိန်းမ ဘယ်နှယောက်တောင် ရှိလဲ"

ဦးဆောက်က ရက်ရဲ့ ဒေါနဲ့မောနဲ့တုံ့ပြန်မှုကြောင့် နည်းနည်း





တော့ ရှော့ခ်ရသွားသည်။

"ဘုရားစူး. . ကိုယ့်မှာ ရက် ဆိုတဲ့ မိန်းမလေးတစ်ယောက် ပဲ ရှိတာပါကွာ"

"သေလိုက်ပါလား. . ရှင့်ဖုန်းကို ကျွန်မဆက်တုန်းက ဘယ် မိန်းမ လာကိုင်တာလဲ"

"ဟာ. . အဲဒါ အဖွဲ့ရုံးက စာရေးမတွေ နေမှာ၊ ကိုယ် toi-let ထဲ ရောက်နေရင် သူတို့ ဖုန်းကိုင်ပေးတာ များတယ်. . သူတို့က ရက်ကို ဘာပြောလိုက်လို့လဲ"

"ဘာပြောတယ် ဟုတ်လား. . ရှင့်ဆီမှာ မိန်းမတွေ ပေါလွန်း လို့ နံပါတ်ပြောတဲ့. . "

"ဟာကွာ. . တောက်. . ဒီမိန်းမတွေ. . တော်တော် ပါးစပ် ကမြင်းတာပဲ"

"လက်ကမြင်းတယ်ပဲ ကြားဖူးပါတယ်. . ရှင့်အလှည့်ကျမှ"

"ဘာပဲ ကမြင်း. . ကမြင်း. . ကမြင်းတာက ကမြင်းတာပဲ. . ဒီက ပြန်တာနဲ့ ဒီမိန်းမတွေ အလုပ်ပြုတ်ပြီသာမှတ်"

"မောင်"

အဲဒီအသံလေး မကြားရတာ ကြာပြီပဲ. .

"ဗျာ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဦးဆောက်က 'ဗျာ'ကို သံရှည်ကလေး ဆွဲပြီး စိတ်လိုလက်ရ ပြန်ထူးမိသည်။

"မဟုတ်ဘူးဆိုရင်လည်း ပြီးရောလေ. . . အလကားသက်သက်တော့ သူတို့ကို သွားပြီး အလုပ်မထုတ်ပါနဲ့. . နော်"

"ရက်သဘော. . ရက်သဘော"

"သွား. . ခုမှ"

"လာမနှောက်နဲ့နော် သေအောင် လွမ်းနေတာ၊ ညတိုင်း ရက်ကို အိပ်မက်မက်နေတာ၊ အခန်းဆက်တောင် ရိုက်လို့ရတယ် သိလား"

"ဟင်း. . ဟင်း. ."

"ကြည့်စမ်း. . ဒီရယ်သံလေးလည်း မကြားရတာ ကြာပြီ. . ကြေးစည်သံလေးလိုပဲ သာယာလိုက်တာ. ."

"မောင်. . အခု အရမ်းအဆင်ပြေနေတယ်ဆို. . ရက် ကြားနေတာပဲလေ"

"ကံကြမ္မာက မောင့်အချစ်တွေကို အရှုံးပေးလိုက်တာပါကွာ၊ တစ်ခုတော့ ရှိတယ်နော်. . ဒီတစ်ခါတော့ မောင် ရက်ကို အဆုံးရှုံးမခံနိုင်တော့ဘူး. . ယောက္ခမကြီးလည်း ဂရုမစိုက်တော့ဘူး. . ကိုယ့်မိန်းမကို ပြန်ပေးရင်ပေး. . ပြန်မပေးဘူးဆိုရင် တရားစွဲပစ်လိုက်မှာ. . ဟွန်း . . ဘာမှတ်နေလဲ"





"ကြည့်စမ်း. . ကြည့်စမ်း. . သူများအဖေကိုများ စွာနေလိုက်တာ. . ယောက္ခမလည်း အဖေပဲ. . ရှင် နားမလည်ဘူးလား"

"နားမလည်ဘူး. . သူမှ ကိုယ်ချင်းစာစိတ်မရှိတာ. . မင်္ဂလာဦးညမှာ သူများချစ်ခြင်းကိုခွဲရတယ်လို့. . ဒီကကောင်က အိမ်မြှောင်အမြီးပြတ်သလို ကျန်ခဲ့ရတာ"

ရက်ဆီမှ တခစ်ခစ်နဲ့ရယ်သံတွေ ထွက်လာသည်။

"ရက် သိပြီ. . မောင်က ဒယ်ဒီ့ကို မကျေနပ်တာနဲ့. . မောင့်အဖေကို မြှောက်ပေးတာ မဟုတ်လား. . အန်တီလော်ရယ်ကို ဒယ်ဒီက အသေခိုက်နေတာနော်"

"ရက်အဖေတင်ပဲလား၊ မောင့်အဖေကလည်း သူ့ကို အသေရရ အရှင်ရရဖြစ်နေတာ"

"အေးလေ. . ဒါဆိုလည်း အန်တီလော်ရယ်ပဲ ဆုံးဖြတ်ပစေတော့ပေါ့"

"နေစမ်းပါဦး. . အခု ရက်က မဆင်းလာတော့ဘူးလား. . မောင်က မင်းမှုက်နှာလေးတွေ့ချင်လွန်းလို့ လာတာ. . ဦးလေးဆာမိကို လာစည်းရုံးတာ ဒါနဲ့ဆို အကြိမ်နှစ်ဆယ်ရှိပြီ. . ဒီနေ့မှပဲ အောင်မြင်တော့တယ်. . တော်တော်ခေါင်းမာတဲ့လူကြီး"

"အခု ဘာနဲ့ဈေးတည့်သွားလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဆောက်က တခွိခွိနဲ့ရယ်လို့ မဆုံးတော့.. ပြီးတော့မှ

"သူကြိုက်နေတဲ့ ကုလားမလေးကို မောင်က သူ့ရဲ့အုပ်ထိန်းသူလုပ်ပြီး လိုက်တောင်းပေးမယ်ဆိုမှ အဆင်ပြေသွားတာ.. နို့မို့ဆို မြဝတောင် သိလို့မရဘူး"

"ဖြစ်ရမယ်.. ဒီလူကြီး၊ ဒါကြောင့် သီတင်းကျွတ်ပြီးကတည်းက ဂနာမငြိမ်ဖြစ်နေတာကိုး.. မောင်.. အပေါ်မော့ကြည့်လိုက်"

ဝရန်တာမှာ သူ့ရဲ့လမင်းလေး..

"ရက်.. အရမ်းလှလာတယ် သိလား"

"အဟီး.. ဒါတောင် မျက်နှာမသစ်ရသေးဘူး"

"အဲဒီမျက်နှာလေးကို အာဘွားဆယ်ခါလောက် ပေးချင်နေတာ.. ဘယ်လိုလုပ်မလဲ"

"မောင်.. ဒယ်ဒီနဲ့အန်တီလော်ရယ် အဆင်ပြေသွားရင်.. မောင်နဲ့ရက် အတူနေလို့ရပြီ သိလား၊ အဲဒီတော့ မောင့်အဖေနဲ့အန်တီလော်ရယ် အဆင်မပြေအောင် တိုက်ပေးရမယ်"

"× × × × × × ×"

"ဒီလိုလုပ်. . . × × × × ×. . . "

♥



(၁၉)

ဦးတိုင်းလုံးကျော် စီးလာတဲ့ကားက Sedona Hotelဆီသို့ ဦးတည်နေသည်။

သည်နေ့ကျမှ သူ့ရဲ့စက္ကင်ထရီမက ခွင့်ယူထားသည်။

"မိုး.. ဖိတ်စာပါလား"

"မပါဘူး Boss.. ချစ်သဲက ဘာမှမပေးခဲ့ဘူး"

"သေလိုက်ပါတော့ကွာ.. ဖိတ်စာနှင့်တကွ ကြွပါလို့ ရေးထားတာ.. ကဲ.. ကဲ.. အချိန်ရှိသေးတယ်.. ချစ်သဲအိမ်ကို မောင်းကွာ"

ချစ်သဲစုရှုပ် နေတဲ့တိုက်ခန်းက သုံးလွှာမှာဆိုတော့ တပည့်တွေ တက်ယူပေးပါ့မယ်ဆိုတာတောင် ဦးတိုင်းလုံးကျော်က လက်မခံ။ ကျန်းမာရေးနဲ့ညီအောင်ဆိုပြီး လှေကားပေါ် ကို ပြေးပြီးတက်ပြသည်။ သူပြေးတာက အရေးမကြီးဘူး.. သူ့ဘော်ဒီဂတ် လေးယောက်ကပါ



www.burmeseclassic.com

www.burmeseclassic.com



သူ့အနောက်မှပြေးပြီးလိုက်ကြတော့ လှေကားတစ်လျှောက်လုံး ဝရုန်းသုန်းကားတွေဖြစ်ပြီး အခန်းထဲကလူတွေ ငိုင်းပြီးထွက်ကြည့်ကြသည်။

ပြီးတော့ ဟိုဘက်ခန်းနဲ့ ဒီဘက်ခန်း အချင်းချင်း သတိတွေပေးကြသည်။

"ဘာတွေလဲ မသိဘူး.. ဥပမိရုပ်တွေ ကြည့်ရတာ သိပ်မဟုတ်ဘူးနော်.. အနုကြမ်းစီးမလို့လာတာလား မသိဘူး"

"ဖြစ်နိုင်တယ်.. ဒီရုပ်တွေ တစ်ခါမှမမြင်ဖူးဘူး"

"199 ကို ဖုန်းကြိုဆက်ထားရင် ကောင်းမလား မသိဘူး"

သူတို့ ဘာတွေပဲ ပြောပြော.. ဦးတိုင်းလုံးကျော်က ချစ်သဲတို့အခန်းရှေ့မှာ ရပ်ပြီး လူခေါ်ဘဲလ်ကို တီးသည်။

ခဏကြာတော့ တံခါးပွင့်လာပြီး စကားပြန် ပဲခေါက်ဆွဲမျက်နှာကြီးက ပေါ်လာသည်။ ဦးတိုင်းလုံးကျော်က သူ့လူတွေကို

"ဟော့ကောင်တွေ"

"ရှိ"

"ငါ အခန်းမှားလာပြီထင်တယ်"

"မမှားပါဘူး ဆရာ.. ဒီအခန်းပဲ"

"ဒါဆို ဒီကောင်က ဘယ်လိုလုပ်ပြီး ချစ်သဲရဲ့အခန်းကိုရောက်နေတာတုန်း"





"ဟိုလေ.. ဟို.. ဟို.. ချစ်သဲက ရေချိုးနေလို့ ကျွန်တော်လာဖွင့်ပေးတာပါ"

ပဲခေါက်ဆွဲပုံက-ခုမှ အိပ်ရာက နိုးလာတဲ့ပုံ.. စွပ်ကျယ်ချိုင်းပြတ်နဲ့ ကုလားပုဆိုးကို တိုတိုဝတ်ထားသည်။

ဒင်းတို့နှစ်ယောက်က ဘာအထာတွေလဲ..

တွေးလို့မှ မဆုံးသေး...

"အူဝဲ.. အူဝဲ.. အူဝဲ.. ဝဲ.."

"ကလေး.. ကလေးငိုသံလည်း ကြားတယ်.. ဟော့ကောင်မင်း ငါ့ကိုမှန်မှန်ပြောစမ်း.. မင်းတို့နှစ်ယောက်က..."

ပဲခေါက်ဆွဲ ခေါင်းကြီး အောက်စိုက်သွားသည်။ ပြီးမှ မဝံ့မရဲလေသံဖြင့် တိုးတိုးလေး ပြောသည်။

"ချစ်.. ချစ်သဲက ကျွန်တော့်မိန်းမပါ ဆရာ"

"သွားပြီ.. ငါတော့ နှပ်ပစ်ခံရပြီ၊ တောက်.. ကလေးအမေကြီးကများ သူ့ကိုယ်သူ အပျိုလေးဘာလေးနဲ့"

"ဟုတ်ပါတယ်.. ဆရာ.. အခုလည်း သူက အပျိုပါပဲ"

ပဲခေါက်ဆွဲအပြောကြောင့် သူ့ဒေါသတွေ ပိုပြီးပေါက်ကွဲလာသည်။

"ဟော့ကောင်.. လာနောက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးမွေးပြီးကတည်းက သူနဲ့ကျွန်တော် သန့်သန့်လေး

ပဲ နေတာ ဆရာ. . အဲဒါကြောင့် အပျိုလို့ ပြောတာပေါ့"

"သေလိုက်. . အဲဒီမှာ မင်း လဲသေလိုက်. . နောက်နေ့တ

စပြီး ကုမ္ပဏီမှာ မင်းတို့နှစ်ယောက်မျက်နှာကို လုံးဝမတွေ့ချင်ဘူး. .

ဒါပဲ"

ဒေါနဲ့မောနဲ့ပြေးဆင်းလာတဲ့ သူဌေးတိုင်းလုံးကျော်ရဲ့နောက်

မှာ မိုး၊ နွဲ့၊ မြေ၊ ကြီး. . ဘော်ဒီဂတ် လေးယောက်လည်း အပြေးလိုက်

ရပြန်ရော. . .

အောက်ထပ်အခန်းတွေမှာ ပြူတစ်ပြူတစ်နဲ့ ချောင်းကြည့်

နေတဲ့လူတွေ ကြောက်လန့်ပြီး အထဲပြန်ဝင်ပြေးကြသည်။

♥



စားပွဲပေါ်မှာ ပြန့်ကြဲနေတဲ့ ဓာတ်ပုံတွေကို ကြည့်ပြီး ဦးတိုင်း

လုံးကျော် မျက်လုံးတွေ ပြာလာသည်။

ဦးဆောက်ကိုကြည့်လာတဲ့ အကြည့်လေးကိုက သနားစရာ

ဖြစ်နေသည်။

မေးလာတဲ့လေသံကလည်း ခုနစ်ရက် ထမင်းမစားရလို့ ပျော့

ခေတ်နေတဲ့ လူမမာလေသံနဲ့. .

"သား. . သူတို့က ဒီအခြေအနေထိတောင် ရောက်နေကြပြီ၊

ရေကူးကန်ထဲမှာ ဘီကနီလေးနဲ့ ရေစိမ်နေရင် အဖေ ဖြေသာပါသေး

တယ်. . အမယ်လေး. . ခုတော့. . ကြည့်ပါဦး၊ ကုတင်ပေါ်မှာ လပ်ဖ်

ဆင်းရိုက်နေကြတယ်"

လုပ်လိုက်တာ နည်းနည်းများ လက်လွန်သွားလား မသိပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး . . ဖြတ်၊ ညှပ်၊ ကပ် လုပ်ထားတဲ့ပုံက တကယ်ကို အသက်ဝင်လွန်း နေသည်။ အဖေ တော်တော် ဟတ်ဒ်ထိသွားပုံပဲ။

ဒီလိုမှမလုပ်ရင်လည်း အဖေက အန်တီလော်ရယ်ကို လက် လွှတ်ခံမှာ မဟုတ်။

သူ့ရည်ရွယ်ချက်က ရှင်းရှင်းလေး . . အဲဒီလူကြီးကို lesson ပေးချင်တာ။

"ခေါက်ထားလိုက်စမ်းပါ အဖေရာ . . ဒီမိန်းမကြီးက သွေး ဆုံးခါနီးနေပါပြီ . . ဒီထက် လန်းတာလေးတွေနဲ့ ဒိတ်လုပ်ပေးမယ် . . သားတာဝန်ထား . . "

"ဒါတော့ ဒါပေါ့ သားရယ် . . ဒါပေမယ့် အဲဒီပန်းပွင့်ကြီးက လည်း အဖေ့မျက်စိထဲမှာ လှနေတယ်ဟ . . ဟိုကောင် ထိပ်ခေါင် . . လက်သွက်ခြေသွက်နဲ့ . . ရှိသမျှအမွေးတွေ အကုန်ဆွဲနုတ်လိုက်လို့ . . ထိပ်ပြောင်ဖြစ်သွားဦးမယ် . . တောက် . . ခုတလော . . ကုသိုလ်ကံ က မကောင်းတာ . . အရန် ထား,ထားတဲ့ အတွင်းရေးမှူးမ ကျတော့ လည်း လင်နဲ့သားနဲ့"

ဦးတိုင်းလုံးကျော်ပေါက်ကွဲနေသလို တစ်ဖက်မှာလည်း လော် ရယ်ရဲ့အပေါ် ယမ်းပုံမီးကျ ဖြစ်နေသည်။

သူတို့အိမ်ကိုလည်း အဲဒီဓာတ်ပုံတွေက ရောက်သွားတာကို





"လော်ရယ် . . မိလော်ရယ် . . လာစမ်း"

လော်ရယ်က game ဆော့နေတာကို ရပ်ပြီး ဧည့်ခန်းထဲဝင် လာသည်။

"ဘာဖြစ်လို့လဲ ဒေါ်လေးရဲ့ . . နင်းကန်ကုန်းပြီး အော်နေတာ၊ လော်ရယ် နားမကန်းသေးပါဘူး"

"နင် နားကန်းမကန်းတော့ မသိဘူး . . မျက်လုံးတော့ ကောင်း တယ်မဟုတ်လား . . ဒီမှာ နင့်ပုံ နင်ပြန်ကြည့်စမ်း . . နင့်ကို ငါကောင်း ကောင်းမွန်မွန် ထိန်းကျောင်းလာခဲ့တာ . . ယောကျာ်းတစ်ယောက်နဲ့ ဒီလိုလက်လွှတ်စပယ်နေဖို့ မဟုတ်ဘူး"

ဘာဓာတ်ပုံမို့ ဒေါ်လေး ဒီလောက်ဒေါသတွေ ထွက်နေပါ လိမ့် . .

လော်ရယ်မျက်လုံးက အဝေးနည်းနည်းမှုန်တော့ ဓာတ်ပုံကို အနီးကပ် ယူကြည့်မိတော့ . . .

"အောင်မယ်လေး . . ဒါ ဘာကြီးလဲ"

သူ လန့်ပြီး အော်မိတော့ ဒေါ်လေးက

"အဲဒါ နင့်ပုံလေ . . အဲဒီထဲက အကောင်က ဘယ်ကကောင် လဲ . . "

"မဟုတ်ဘူး ဒေါ်လေး . . ဒါ . . လော်ရယ့်ကိုယ်လုံးမှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တာ. . ဒီထဲက အကျီလည်း လော်ရယ့်မှာမရှိဘူး. . ဒါ. . ဒါ. . သက်သက်လုပ်ကြံထားတာ"

လော်ရယ်က မျက်လုံးကြီးမြှုံးပြီး ငြင်းသည်။

"ဒါဆို ဘယ်သူက လုပ်ကြံတာလဲ. . နေစမ်းပါဦး. . ဒါညည်းကိုယ်လုံးမဟုတ်ပေမယ့် မျက်နှာကတော့ ညည်းတို့မျက်နှာပဲလေ"

"ခက်ပါလား ဒေါ်လေးရယ်. . အဲဒါတွေက နိုင်ငံခြားကပုံတွေကို လော်ရယ်တို့မျက်နှာနဲ့ ဖြတ် ညှပ် ကပ်လုပ်ထားတာ. . သက်သက် အကောက်ကြံတာ. . တောက်. . ဒါ ဟိုလူ့လက်ချက်ပဲ ဖြစ်ရမယ်. . "

"ဘယ်သူလဲ ပြောစမ်း. . ဒေါ်လေးကိုယ်တိုင် သွားပြီး ပိုးစိုးပက်စက်ပြောပစ်မယ်"

"ဒေါ်လေးက ဘယ်လိုပြောမှာလဲ"

"ဟဲ့အကောင်. . နင် သိပ်လုပ်ချင်တယ်ဆိုရင် ငါ့မျက်နှာနဲ့ ဒေးဗစ်ဘက်ခမ်းပုံလုပ်ပေးလို့ ပြောချပစ်လိုက်မှာပေါ့"

လော်ရယ်က သူ့ဒေါ်လေးရဲ့. . မျက်နှာပေးနှင့် အပြောကို အကြီးအကျယ် သဘောကျသွားသည်။

"လော်ရယ်. . သမီးကို ဒေါ်လေးတစ်ခုပြောမယ်. . ဒီပုံထဲက လူက သမီးကို propose လုပ်ထားတဲ့တစ်ယောက်လား"

*အောင်ညွန့်သိစာပေ*



"အင်း. . သူလည်း လက်ထပ်ခွင့် တောင်းထားတယ်. . ဒီ ဓာတ်ပုံကို ပို့လိုက်တဲ့လူကလည်း တောင်းထားတယ်. . "

"ဒါဆို ဒေါ်လေး ကြားထဲကနေ ဆုံးဖြတ်ပေးမယ်. . ဒီပုံထဲက လူကိုပဲ ရွေးလိုက်တော့. . သမီးတို့ အမြန်ဆုံးလက်ထပ်ကြတော့၊ ကြာရင် နိုးကူးခွေတွေလို ညည်းတို့ပုံတွေ လမ်းဘေးမှ ပွစိထကုန်ရင် အောင်မယ်လေး. . ငါတော့ မတွေးဝံ့တော့ပါဘူး"

ဒေါ်လေး ပြောကာမှ လော်ရယ်လည်း တော်တော်ကြီးကို လန့်သွားသည်။

တော်ကြာ. . လမ်းဘေးမှာ. . ကားတွေရပ်နေတဲ့ မီးပွိုင့်တွေမှာ နှစ်ခွေ ငါးရာနဲ့ လက်သိပ်ထိုးပြီး ရောင်းမှဖြင့်. .

"ဆက်မပြောပါနဲ့တော့ ဒေါ်လေးရယ်. . လော်ရယ် ခုပဲ သူ့ဆီဖုန်းဆက်ပြီး ပြောလိုက်တော့မယ်"

"ဆက်. . ဆက်. . ခုပဲ ဆက်လိုက်. . ငါ့ရှေ့မှာ ပြောနော်"

"ဒေါ်လေးကလဲ. . ရှက်စရာကြီး"

"ဟဲ့. . ဘာမှရှက်မနေနဲ့. . ငါကွယ်ရာမှာဆို နင် စိတ်ပြောင်းချင်ပြောင်းသွားမှာ"

"ပြီးရော. . ပြီးရော"

အပျိုကြီးမမက ရှက်ရမ်း ရမ်းချေပြီ။

*အောင်ညွန့်သိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



သူ့ဒေါ်လေးရှေ့မှာ ဦးထိပ်ခေါင်ဆီ ဖုန်းခေါ်လိုက်သည်။

ဦးထိပ်ခေါင်က ဖုန်းလာကိုင်တော့

"ဟယ်လို.. ကိုထိပ်ခေါင်ဗညားလား"

"ဟုတ်ပါ့ဗျာ.. ခုပြောနေတာ လော်ရယ် မှတ်တယ်.."

"ဟုတ်တယ်.. ကျွန်မ လော်ရယ်ပဲ"

"ဟိုနေ့ကကိစ္စကို စိတ်ဆိုးနေတုန်းပဲလား လော်ရယ်၊ ကလေးကလားလုပ်ရပ်မို့ စိမ်းစိမ်းကားကားတော့ မလုပ်လိုက်ပါနဲ့နော်.. အဲဒါလေ.. အိမ်က သမီးက မြှောက်ပေးလိုက်တာ.. ကိုယ် အဲဒီလိုလုပ်ရင် လော်ရယ့်ဆီက အချစ်ကိုရမယ်ဆိုပြီး အာမခံနဲ့ကို သင်ပေးလိုက်တာ.. ကိုယ့်မှာလေ ကိုးရီးယားကားတွေ ကြည့်ပြီး ဒူးထောက်နည်းတောင် သေချာသင်ထားရတာ"

"ရှင်.. ဟိုဓာတ်ပုံကိစ္စ သိပြီးပြီလား"

"ဘယ်ကဓာတ်ပုံလဲ.. ဘာမှမသိဘူး"

ဟုတ်ပါပြီ.. ဒါဆို ဟိုလူ တိုင်းလုံးကျော်လက်ချက်ဆိုတာ.. သေချာသွားပြီ။

အိုယုတ်တမာကြီး။

"မသိရင်လည်း မသိသလိုပဲ နေတော့"

"အမ်"





"ကျွန်မ ရှင့်ဆီ ဖုန်းဆက်တာက ရှင်တောင်းထားတဲ့ ၁၅၀၀ ပေးမလို့"

"တကယ်"

အကျယ်ကြီး ထ,အော်တဲ့ အသံကြီးကြောင့် လော်ရယ်က ယောင်ပြီး ဖုန်းကို နားနားမှ ခွာမိသည်။

"လော်ရယ်.. လော်ရယ်.. ကိုယ်ပြောတာ ကြားလား.. ကြားလား"

ဒီလောက်အကျယ်ကြီးအော်နေတဲ့ ဥစ္စာ.. မကြားဘဲ ရှိပါ့မလား.. ဒေါ်လေးတောင် ကြားတယ်။

"ဟဲ့.. ညည်းလူက နားများ လေးနေသလား မသိဘူးနော်၊ အော်နေလိုက်တာများ လိပ်ခေါင်းတောင် ထွက်တော့မယ်"

လော်ရယ်က ဖုန်းကို နားနားပြန်ကပ်ကာ

"ကြားတယ်.. ကျွန်မ ကြားတယ်.. ဖွတ်အော်မနေနဲ့"

"မနက်ဖြန် လက်ထပ်ကြမယ်နော်"

"ဘုရားရေ.."

"ကိုယ်တစ်ယောက်တည်း နေနေရတာ ဘယ်လောက်ကြာနေပြီလဲလို့.. သနားပါနော်.. ကိုယ့်ဘေးနားမှာ ခေါင်းအုံးတစ်လုံး လွတ်နေတာ ကြာပြီ"



www.burmeseclassic.com

www.burmeseclassic.com



အရှုး အမဲသား ကျွေးမိတာလား. . လူနာက အမဲခြောက်
တောင်းနေတာလားတော့ မသိ။ လော်ရယ်လည်း နားငြီးမခံနိုင်တော့
. . ဒီကိစ္စကို ဒီမှာတင် အပြတ်ဖြတ်ချလိုက်သည်။

"ကဲပါ. . ကျွန်မကို တစ်ပတ်တော့ အချိန်ပေး"

"အသည်း"

"အမယ်လေး"

လော်ရယ်ရဲ့ခေါ်လေးဆီက ထွက်လာတဲ့အသံပါ။

ပြီးတော့ အဘွားကြီးက သူ့နားနှစ်ဖက်ကို သူပိတ်ထားလိုက်
သည်။ ကြားရတာ နားယားလွန်းလို့. . .

"ဘယ်လိုကြီး ခေါ်နေတာလဲ"

"နောက်ဆို ဒီလိုပဲ ခေါ်တော့မယ်. . ပြော. . အသည်း ဘယ်
နေရာမှာ မင်္ဂလာဆောင်မလဲ"

"တော်ပါပြီရှင်. . ကျွန်မတို့အသက်အရွယ်နဲ့ ရက်စရာကြီး
တရားသူကြီးရှေ့မှာ လက်မှတ်ထိုးပြီး၊ ရင်းနှီးတဲ့ မိတ်ဆွေတွေ အမျိုး
တွေလောက်ပဲ dinner ကျွေးလိုက်မယ်လေ. . မကောင်းဘူးလား"

"အသည်းသဘော. . အသည်းသဘော"

"ဒါဆို ဒါပဲနော်. . ဂွတ်ဒ်နိုက်"

♥

*ဆောင်းညပြာသိုစာပေ*

(၂၀)

ရက်နဲ့ ဦးဆောက် ခြံထဲရှိ ခုံတန်းလေးပေါ်တွင် ထိုင်ပြီး ပွဲကျ
နေကြသည်။

"မောင်ရေးတဲ့ ဖူးစာပေါ့နော်"

"ဟား. . ဟား. . အဲဒါ ဟိုဓာတ်ပုံကြောင့် လုံးဝသေချာတယ်၊
အဖိုးကြီး အရမ်းရှက်သွားပြီး မထူးဇာတ်ခင်းလိုက်ရတာ"

"အမယ်လေး. . ဒီနေ့လည်း dinner မှာဝတ်ဖို့ အကျီသွား
ရွေးကြလေရဲ့. . တကယ်. . တကယ်ကို မနိုင်တာ. . သူတို့ကိုယ်သူတို့
ဆယ်ကျော်သက်လေးတွေကျနေတာပဲ. . တက်ကြွနေလိုက်ကြတာ"

"ဩော်. . အိမ်က ကိုယ့်အဖေဓမ္မာ အိုစာသွားလိုက်တာ. .
ကိုယ်တော့ ငရဲကြီးတော့မှာပဲ"

ရက်က ရယ်နေသည်။

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



"ကုသိုလ်ရမှာပါ မောင်ရဲ့. . ယောက္ခမကြီးအတွက် မိန်းမရအောင် လုပ်ပေးတာ နည်းတဲ့ကုသိုလ်လား၊ ခုပဲ ကြည့်လေ. . မောင်ဒီအိမ်ထဲ တံခါးမရှိ ဓားမရှိ ဝင်လို့ရနေပြီပဲ"

"လုံးဝမကျေနပ်တာ တစ်ခုရှိတယ်. . လူတကာသိထားတာက မောင့်မှာ မိန်းမရှိတယ်. . ဒါပေမယ့် ခုချိန်ထိ မောင် လူပျိုဆိုတာ မောင်ပဲ သိတယ်. . အဲဒီအတွက်တော့ ရက်အဖေကို နည်းနည်းပါးပါး lesson ပေးရမှာပဲ"

"မောင်နော်. . ဘာတွေ မဟုတ်ကဟုတ်က လုပ်မလို့လဲ. ."

"ပါးပါးလေးပါကွာ. . ဟဲ. . ဟဲ"

ရက်ဆီမှမျက်စောင်းလှလှလေးက သူ့ထံ ချက်ချင်းရောက်လာသည်။

♥



ရင်းနှီးတဲ့သူတွေနဲ့ပဲ dinner ပွဲလေးက စည်ကားနေသည်၊ အများနဲ့မတူ တစ်မူထူးတာက သူတို့မင်္ဂလာပွဲလေးက ရန်ကုန်မြစ်ထဲမှာ သွားနေတဲ့ သင်္ဘောတစ်စင်းပေါ်မှာ. .

အနောက်တိုင်းဝတ်စုံကိုယ်စီနဲ့ သန့်ပြန့်သားနားနေတဲ့ ဦးထိပ်ခေါင်ဗညားနဲ့ ဒေါ်လော်ရယ်မိုးမြင့်သဇင်ကို ဝိစကီတွေ တစ်ခွက်ပြီးတစ်ခွက် သောက်ပြီး ရီဝေတဲ့ မျက်လုံးတွေနဲ့ စိုက်ပြီးကြည့်နေတဲ့သူက ဦးတိုင်းလုံးကျော်. .

မိုး၊ နဲ့၊ မြေ၊ ကြီး ကလည်း သူတို့ဆရာကို စိတ်မချ။ တတ်သလောက်မှတ်သလောက်လေး နှစ်သိမ့်နေကြတာပေါ့. .

ကြီးက -

"ဆရာရယ်. . ဆရာ့ကို ကြည့်ပြီး သနားလိုက်တာ. . ဟင့်. .



www.burmeseclassic.com

www.burmeseclassic.com



ရွှတ်. . ကိုယ်စားမယ့် မုန့်ဆီကြော် ပဲ့စပ်နား ရောက်ခါနီးမှာ သူများ ဖြတ်လုခံရတယ်ပေါ့"

"ငါ့ကိုနားလည်တာ မင်းတို့ပဲ ရှိတယ်ကွာ. . ငါ့သားတော်မှ အဖေဘက်မှာ ရှိတာ မဟုတ်ဘူး. . မ,ဘက်လိုက် မိုက်ဘက်ပါပြီး ယောက္ခမ dinner မှာ မြူးနေလိုက်တာ. . ငါ ဘာလုပ်ရမလဲ. . ငါရင်နာတယ် ကြီးရယ်"

"ဒီလိုလုပ်ပါလား ဆရာ. . ဒီကနေ. . ငါးလှမ်းလောက်. . လှမ်းလိုက်"

"လှမ်းပြီးတော့"

"ဟိုးမှာ မြင်နေရတဲ့. . သဘော်လက်ရန်းပေါ်ကို တက်လိုက်"

"တက်ပြီးတော့"

"ရေထဲ ခုန်ချလိုက် ဆရာ. . ရဲရဲသာ ခုန်ချလိုက်. . ဒါမှ. . ဆရာ အေးချမ်းသွားမှာ"

"သေချင်းဆိုး"

ဆဲပြီး ဦးတိုင်းလုံးကျော်က အရက်ခွက်နဲ့ ကြီးကို လှမ်းပြီး ပစ်လိုက်သည်။

ကြီးက ငုံ့ပြီး ရှောင်လိုက်တော့ အဲဒီဖန်ခွက်က သတို့သား ဦးထိပ်ခေါင်ဗညားရဲ့နဖူးတည့်တည့်ကို သွားပြီး မှန်လေသည်။





"အား. . သေပါပြီ. . ဘယ်ကောင် ပစ်လိုက်တာလဲကွ"

တရားခံကို ဝေ့ပတ်ပြီး ရှာနေတုန်းမှာပဲ သူ့နဖူးမှာ မဟာအာလူးသီးကြီး ထွက်လာလေပြီ။

လော်ရယ်က -

"တော်ပါတော့ ကိုကိုထိပ်ရယ်. . တစ်ရှက်က နှစ်ရှက် ဖြစ်နေရဦးမယ်. . မတော်လို့ နေမှာပါ"

"အသည်း တားလို့. . ဒီကောင်. . သက်သာသွားတယ် မှတ်ပါ. . ဟင်း. . ဟင်း. . အသက်ကြီးပြီး အချိန်မစီးတဲ့ ဆန်ကုန်မြေလေးကြီး"

သူတို့ဟာ သူတို့ ဘာတွေပဲ ဖြစ်ဖြစ်. . ဦးဆောက်ကတော့ လော်ရယ့်အဒေါ်နဲ့ လေပေးကို ဖြောင့်လို့. . .

"ဒါဆို ကြီးကြီးက ငယ်ငယ်တုန်းက ကွမ်းတောင်ကိုင်ပေါ့"

"ဒါပေါ့ကွဲ. . တို့တစ်ရွာလုံးမှာ ငါအလှဆုံး. . တိုးတိုးတိတ်တိတ် ပြောရဦးမယ်. . လော်ရယ်တို့အဖေက ငါ့ကို အသေလိုချင်တာ၊ ငါက ငြင်းလိုက်လို့ ငါ့ညီမနဲ့ ရသွားတာ. . ငါသာ မငြင်းလို့ကတော့ ညီအစ်မနှစ်ယောက် ပေါင်းပြီး ပွဲတော်တည်နေရဦးမယ်"

ဦးဆောက်က အချိုရည်ခွက်ထဲကို အချိုရည်တွေ ထပ်ထည့်ပေးပြီး -



www.burmeseclassic.com

www.burmeseclassic.com



"ကြိုးကြိုး . . ရော့ . . သောက်လိုက်ဦး"

အရက်တွေ ရောထားသော အဲဒီအချိုရည်ကို သောက်ချေ

အဘွားကြီးက အာရှင်လေ . .

တစ်ခွက်ပြီး တစ်ခွက် . . တစ်ခွက်ပြီး တစ်ခွက် . .

နောက်တော့ . . .

"အ . . . မယ် . . . လေး . . . ရွာထဲက . . . သူကြီး . . က . .

သူ့ . . . နဲ့ . . . . "

"ဒေါက်"

ခေါင်းနဲ့စားပွဲက ဝမ်းဆက်ဖြစ်သွားသည်။

အချိုရည်တန်ခိုးနဲ့ တစ်ခါတည်း ငြိမ်ကျသွားတာ . .

ဧဝရက်မြင့်မိုရ်က စားပွဲအနားကို ရောက်လာပြီး ဆပ်ပြာ

ဖောင်းမှုတ်တဲ့ spray ဘူးလေးနဲ့ အဘွားကြီးပါးစပ်နားတွေကာ ဖြ

လိုက်သည်။

"ရက် . . ရပြီ . . ရပြီ . . အမြှုပ်တွေ ထွက်လာပြီ"

"ရပြီလား . . ဒါဆို အန်တီလော်ရယ်ကို အသာလေး သွ

ခေါ်လာခဲ့မယ်"

ဧည့်ပရိသတ်တွေကို လက်ချင်းတွဲပြီး ဧည့်ခံနေတဲ့ ဦးထိ

ခေါင်နဲ့လော်ရယ် . .





ဧဝရက်က လော်ရယ် မြင်နိုင်မယ့်နေရာနားမှာ ရပ်ပြီး စောင့်

နေသည်။

လော်ရယ်က လှည့်ကြည့်လာစဉ်မှာတော့ သူမက လက်ယပ်

ပြီး ခေါ်လိုက်သည်။

"ကိုကိုထိပ်"

"ပြော . . အသည်း"

"ခဏလေးနော် . . ပြန်လာခဲ့မယ်"

"ဘယ်လဲ . . ဩော် . . ရှုရှုးပေါက်ချင်လို့လား"

သူ့ဟာသူ ပြောချင်ရာပြောပြီး ကျန်ခဲ့သည်။ လော်ရယ်က

ဧဝရက်နား ရောက်လာပြီး

"သမီး ဘာဖြစ်လို့လဲ"

"ဟိုမှာ အန်တီ့ဒေါ်လေး ဘာဖြစ်လဲ မသိဘူး . . အမြှုပ်တွေ

တစီစီနဲ့"

"ဟယ် . . ဟုတ်လား . . အခု ဘယ်မှာလဲ"

သဘော်ကလည်း ကမ်းကို ပြန်ကပ်ချိန် . .

လော်ရယ်နဲ့ ရက်က ဦးဆောက်တို့စားပွဲကို ပြန်အရောက်၊

ကွက်တိမို့ . .

"ဒုက္ခပါပဲ၊ ဒေါ်လေး ဘာဖြစ်တာလဲ . . ဘယ်လိုလုပ်ကြလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံပို့ရမှာပေါ့"

"Ambulance ခေါ်ထားပြီးပြီ. . . လာ. . လာ. . အန်တီ လော်ရယ်ပါ လိုက်ခဲ့"

ဦးဆောက်နဲ့ ဝေရက် စီစဉ်မှုနဲ့ လော်ရယ်မှာ ဘုမသိဘမသိနဲ့ ပါခဲ့ရပြီ။

ပိုပြီး ဆိုးတာက လော်ရယ်ရဲ့ဒေါ်လေး. . .

ထမ်းစင်ပေါ်မှာ စန့်စန့်ကြီးနဲ့ ကန့်လန့်ကြီး ပါသွားသည်။

သူတို့ဖြစ်ပျက်နေတာကို ဦးထိပ်ခေါင်ဗညားခမျာ ဘာဆိုဘာမှ မသိရှာ။

♥



## (ဇာတ်သိမ်း)

ပုဂ္ဂလိကဆေးခန်းတစ်ခုမှာ လော်ရယ်ရဲ့ဒေါ်လေးကို စမ်းသပ်ပြီး မှတ်ချက်ချတာက

"သူ့သွေးထဲမှာ alcoholတွေ. . သိပ်များနေတယ်. . ဒီမှာ တစ်ညလောက် ထားရင်ထားပြီး စောင့်ကြည့်လိုက်လေ. . pressure လည်း တက်နေတယ်။ 150/100 ဆိုတော့ ပေးနားလိုက်ရင် ပိုကောင်းမယ်ထင်တယ်"

လော်ရယ်က ပျာပျာသလဲပင်. .

"ထားပဲ့မယ် ဆရာရယ်. . ထားပဲ့မယ်. . ကျွန်မမှာ ဒီအဒေါ် တစ်ယောက်ပဲ ရှိတဲ့ ဥစ္စာ"

လော်ရယ်နဲ့ သူ့အဒေါ်က ဆေးခန်းရှိ အခန်းတစ်ခန်းတွင် ကျန်နေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဆောက်နဲ့ဇဝရက်ကတော့ ချောင်းသာသို့သွားမည့် Express ကားတစ်စီးပေါ်တွင် ရောက်နေခဲ့ပြီဖြစ်သည်။

"ဒူး. . ခုမှပဲ ဟန်းနီးမွန်းထွက်ရတော့တယ်"

"မောင်နော်. . မောင်လုပ်တာနဲ့ ရက် ငရဲကြီးတော့မှာပဲ"

"သူ့တုန်းကလည်း မောင့်ကို ဒီလိုလုပ်ခဲ့တာပဲလေ. . ကိုယ်ချင်းစာတတ်သွားအောင် နည်းနည်းပါးပါး lesson ပေးလိုက်တာ. . ဟဲ. . ဟဲ. ."

ထိုစဉ် ရက်ရဲ့ဖုန်းက မြည်လာသည်။

Display ပေါ်က နံပါတ်ကို ကြည့်တော့ ဦးထိပ်ခေါင်ဆီက ဖြစ်နေသည်။

"ဒုက္ခပဲ. . ဒယ်ဒီ့ဆီက"

"ဟန်းနီးမွန်းထွက်သွားပြီလို့ ပြောလိုက်လေ"

ရက်က ဖုန်းကိုင်လိုက်လျှင်

"သမီး. ."

"ရှင်. ."

"သမီးရဲ့မေမေလေးကို တွေ့မိလားဟင်. ."

"ဟင့်အင်း. . တွေ့ပါဘူး"

"အခု ည ဆယ်နာရီထိုးနေပြီ"





"ထိုးတော့ ဘာဖြစ်လဲ ဒယ်ဒီရဲ့"

"ဒယ်ဒီတစ်ယောက်တည်း ငေါင်တာပေါ့"

"သမီးတို့တုန်းကလည်း ဒီလိုပါပဲ ဒယ်ဒီရယ်"

"သမီးက အခုဘယ်မှာလဲ"

"ဒယ်ဒီ့ကို အားကျလို့ . . ဦးဆောက် နောက်ကို လိုက်သွားပြီ"

ဦးဆောက်ကပါ ဘေးနားက ဝင်ပြီး

"ဒယ်ဒီ. . ဘာဆို ဘာမှ မဟိုင်းရဘူး. . . အာဘွားလည်း မပေးရဘူး. . သနားပါတယ်. . ကရော့. . ကရော့. . အခု သားတို့ . တန်းနီးမွန်းထွက်တော့မှာ. . တာ့. . တာ့"

ဦးထိပ်ခေါင်တစ်ယောက် ဆွေ့ဆွေ့ခုန်ပြီး ကျန်ခဲ့သည်။

"သေနာလေး. . ငါ့ကို လှောင်သွားတယ်. . ဒါ. . ဒင်းလက်ချက်ပဲ ဖြစ်မှာ"

ဦးတိုင်းလုံးကျော်က ဦးထိပ်ခေါင်အနားရောက်လာပြီး အာလေးလျှာလေးကြီးနဲ့. . .

"ဘယ်လိုလဲ. . သတို့သားကြီးရဲ့ သတို့သမီး ပျောက်နေလို့လား. . လာပါကွာ. . ညအိပ်ချိန် ရောက်နေပြီ. . ငါနဲ့ အတူတူ အိပ်ကြတာပေါ့. ."



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းတွင်းအောင်သွယ်တော် - ၂၀၀

"ဟော့ကောင်. . ဟော့ကောင်. . မင်း ငါ့အနား မကပ်နဲ့"

ဦးထိပ်ခေါင်က ပတ်ပြီး ပြေးသည်။

ဦးတိုင်းလုံးကျော်ကတော့ တဟားဟားရယ်လျက်. .

ဘဝအမောတွေ ပြေနိုင်ကြပါစေ. .

မူပိုင်နှင်းဆီ

5:40 PM(Tuesday)

23rd, Oct, 2012

ဆောင်း ညဖြာ သိစာပေ

ပိုင်နှင်းဆီ ထွက်ရှိပြီး စာအုပ်များ



www.burmeseclassic.com

www.burmeseclassic.com

မှုပိုင်နှင်းဆီ ၏ (၂၃) အုပ်မြောက် ဖန်တီးတင်ဆက်

# "သေတွင်းဝက IVY"

★ IVY ဆိုတာ သိပ်ကိုတန်ဖိုးရှိတဲ့ သစ်ခွပန်းတစ်မျိုးပေါ့

★ မိုက်ကယ်ထူးက သူ့မြေးမလေးကို တော်ဝင်သစ်ခွ IVY လို့ အမြတ်တနိုးနဲ့ မှည့်ခေါ်ခဲ့တယ် . . .

★ မိုက်ကယ်ထူးဆိုတာ မြန်မာပြည်ရဲ့ အချမ်းသာဆုံးစာရင်းဝင်တွေထဲက တစ်ယောက် ပိုင်ဆိုင်မှုတွေကများသလို ပြိုင်ဆိုင်မှုတွေကလည်းအများကြီး . . .

★ သူ့ရဲ့အမွေတွေအားလုံးကို ဆက်ခံခွင့်ရှိတဲ့ တစ်ဦးတည်းသောသူက IVY လို့ခေါ် ဆယ့်ခြောက်နှစ်အရွယ် မိန်းကလေးဖြစ်နေတယ် . . .

★ မမြင်ရတဲ့ အန္တရာယ်တွေကြားမှာ လောင်းကြေးထပ်ထားရတာက IVY ရဲ့ အသ

★ သေတွင်းဝမှာရောက်နေတဲ့ IVY ကို ကယ်တင်ပေးမယ့်သူက . . . ကျွန်းသားလေး **ဟုန်ကမ္ဘာ**

**Coming Soon**

စိမ့်စမ်းရေစာပေမှ

စာရေးဆရာမ **ချိုနိုင်လွင်း** ၏

ထွက်ရှိပြီးစာအုပ်

## တစ်ခါကစိန်ပန်းနီတွေကြွေကျ မြေခတဲ့လမ်းပေါ်မှာ

BURMESE CLASSIC .com

## ဆက်လက်ထွက်ရှိမည့်စာအုပ်များ

- အချစ်သမိုင်းပြတိုက်
- အဝေ
- မနမ်းလေနဲ့ ပန်းခရေ

www.burmeseclassic.com